၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ

MOECAF

# ပတ်ဝန်းကျင်ထိန်းသိမ်းရေး နှင့် သစ်တောရေးရာဂျာနယ်


# Environmental Conservation and Forestry Journal

## မြန်မာနိုင်ငံသစ်တောကျောင်း (၁၁၁)ကြိမ်မြောက် ကျောင်းဆင်းပွဲအခမ်းအနား





ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ ပြင်ဦးလွင်မြို့ မြန်မာနိုင်ငံသစ်တောကျောင်း၊ အခြေခံသစ်တောပညာသင်တန်း၊ အမှတ်စဉ် (၁၁၁)နှင့် မြန်မာနိုင်ငံမြေတိုင်းကျောင်း၊ အရာရှိမြေတိုင်းသင်တန်း၊ အမှတ်စဉ်(၅၀)၊ အခြေခံမြေတိုင်းသင်တန်း၊ အမှတ်စဉ်(၇၄) သင်တန်းဆင်းပွဲစစ်ရေးပြ အခမ်းအနားကို (၂၃-၁၁-၂၀၁၅)ရက် နံနက်(၇း၃၀)နာရီအချိန်တွင် ပြင်ဦးလွင်မြို့ မြန်မာနိုင်ငံမြေတိုင်းကျောင်း၊ စစ်ရေးပြကွင်း၌ ကျင်းပပြုလုပ်ရာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း တက်ရောက်၍ အမှာစကားပြောကြားပါသည်။



စာမျက်နှာ - ၄ သို့

## ဝန်ထမ်းကောင်းများမွေးထုတ်ပေးနေသော မြန်မာနိုင်ငံသစ်တောကျောင်း

မြန်မာနိုင်ငံတွင် သစ်တောသယံဇာတများ၊ ဇီဝမျိုးစုံမျိုးကွဲများစွာရှိသော သစ်တောများအား ကာကွယ်ထိန်းသိမ်းရန်နှင့် မြှုစိုက်မျိုးထောင်ခြင်းလုပ်ငန်းများ စနစ်တကျဆောင်ရွက်နိုင်ရန်အတွက် သစ်တောဦးစီးဌာန၏ အဟာခံကျောရိုးများဖြစ်သော တောအုပ်ဝန်ထမ်းကောင်းများ လိုအပ်လျက်ရှိပေသည်။ တောအုပ်ဝန်ထမ်းများသည် အထက်မှပေးအပ်သော ဌာနတာဝန်များကို အောက်ခြေလုပ်ငန်းနေရာများသို့ ကိုယ်တိုင်သွားရောက်၍ အကောင်အထည်ဖော် လက်တွေ့ဆောင်ရွက်ရသော ဝန်ထမ်းများဖြစ်ပါသည်။ သစ်တောများကို စီမံခန့်ခွဲအုပ်ချုပ်ကြရာတွင် အခြေခံသစ်တောလုပ်ငန်း အတတ်ပညာများကို စာတွေ့ လက်တွေ့သင်ကြားတတ်မြောက်ပြီး လုပ်ငန်းနယ်ပယ်အသီးသီးတွင် လုပ်ကိုင်ဆောင်ရွက်နိုင်ကြမှသာ သဘာဝသယံဇာတများကို စဉ်ဆက်မပြတ်ထောက်ပံ့ပေးနေသည့် သစ်တောကြီးများရေရှည်တည်တံ့စေမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံသစ်တောကျောင်းကို ၁၈၉၈ ခုနှစ်မှစတင်၍ ပဲခူးတိုင်း၊ သာယာဝတီမြို့တွင် တည်ထောင်ဖွင့်လှစ်ခဲ့ပါသည်။ ၁၉၁၁ ခုနှစ်တွင် ပျဉ်းမနားသို့လည်းကောင်း၊ ၁၉၅၀ ခုနှစ်တွင် ပျဉ်းမနားမှ အင်းစိန်သို့လည်းကောင်းပြောင်းရွှေ့ဖွင့်လှစ်ခဲ့ပြီး ၁၉၅၃ ခုနှစ်မှစတင်၍ ပြင်ဦးလွင်သို့ပြောင်းရွှေ့ဖွင့်လှစ်ခဲ့ရာယနေ့ထက်တိုင်ဖြစ်ပါသည်။ မြန်မာနိုင်ငံသစ်တောကျောင်းကို လေးမည်ရသစ်တောကျောင်း ဟူ၍ ၁၈၉၈ ခုနှစ်မှ ၁၉၄၅ ခုနှစ်အထိ "မြန်မာပြည်သစ်တောကျောင်း"ဟုလည်းကောင်း၊ ၁၉၄၈ ခုနှစ် မြန်မာနိုင်ငံလွတ်လပ်ရေး ရရှိပြီးအချိန်တွင် "မြန်မာနိုင်ငံတော်သစ်တောကျောင်း"ဟုလည်းကောင်း၊ ၁၉၈၃ ခုနှစ်မှ ၁၉၈၆ ခုနှစ်အတွင်းတွင် "သစ်တောလုပ်ငန်းအတတ်သင်ကျောင်း"ဟုလည်းကောင်း၊ ၁၉၉၇ ခုနှစ်တွင် "ယခုခေါ် ဝေါ်သုံးစွဲနေသည့် "မြန်မာနိုင်ငံသစ်တောကျောင်း"ဟုလည်းကောင်းခေါ်ဝေါ်ခဲ့ပါသည်။ မြန်မာနိုင်ငံသစ်တောကျောင်း တည်ထောင်ဖွင့်လှစ်ခဲ့သည်မှာ နှစ်ပေါင်း (၁၁၇)နှစ်ကြာမြင့်ခဲ့ပြီဖြစ်ပါသည်။

မြန်မာနိုင်ငံသစ်တောကျောင်း တည်ထောင်ဖွင့် လှစ်ရခြင်း၏ ရည်ရွယ်ချက်များမှာ တိုင်းပြည်အတွက် သစ်တောလုပ်ငန်းများတွင် လက်တွေ့အသုံးချနိုင်မည့် လုပ်ငန်းကျွမ်းကျင်သူများဖြစ်လာစေရန်၊ ကျရာတာဝန်ကို ကျေပွန်စွာထမ်းဆောင်လိုစိတ်နှင့် ပြည်သူ့အကျိုးကို သယ်ပိုးလိုစိတ်ရှိသော ဝန်ထမ်းကောင်းများဖြစ်လာစေရန်၊ နိုင်ငံတော်မှချမှတ်ထားသည့် လူမှုရေး၊ စီးပွားရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးစသည့်စီမံကိန်းနှင့်တာဝန်များကို ပြည်သူလူထုနှင့် ပူးပေါင်း၍ စီမံကိန်းများအောင်မြင်သည်အထိ စည်းရုံးဆောင်ရွက်သွားရန်၊ အမျိုးသားစီးပွားရေးစီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အင်တိုက်အားတိုက်ပါဝင်လှုပ်ရှားမည့် ဝန်ထမ်းကောင်းများဖြစ်လာစေရန် ဝန်ထမ်းများစိတ်ဓါတ်၊ စည်းကမ်းနှင့် အကျင့်စာရိတ္တများ တိုးတက်ကောင်းမွန်လာစေရန်တို့ဖြစ်ပါသည်။

မြန်မာနိုင်ငံသစ်တောကျောင်းကို ကျောင်းအုပ်ချုပ်ရေးအဖွဲ့ ဖွဲ့စည်း၍ အုပ်ချုပ်ဆောင်ရွက်လျက်ရှိပြီး လက်ရှိအချိန်တွင် သစ်တောပညာဘာသာရပ်(၁၂) ခုနှင့် သိရှိတတ်မြောက်ရန်လိုအပ်သည့် အခြားပြင်ပဘာသာရပ်များအား သင်ကြားပို့ချလျက်ရှိပါသည်။ သင်တန်းကာလမှာ(၉)လဖြစ်ပြီး စာတွေ့ လက်တွေ့လုပ်ငန်းများကို ပိုမိုဦးစားပေးဆောင်ရွက်သော သင်တန်းဖြစ်ပါသည်။ သစ်တောဦးစီးဌာန၏ အဓိကလုပ်ငန်းတာဝန်များဖြစ်သည့် လုပ်ငန်းကြီး(၁၄)ခု၏ လုပ်ငန်းများဆောင်ရွက်ခြင်းကို လက်တွေ့လုပ်ငန်းများကျွမ်းကျင်တတ်မြောက်လာစေရန်နှင့် လုပ်ငန်းခွင်တွင် သင်ကြားမှုနှင့် အတွေ့အကြုံပေါင်းစပ်၍ တီထွင်ကြံဆ လုပ်ကိုင်လာတတ်စေရန် လုပ်ငန်းအတွေ့အကြုံရင့်ကျက်သော သင်တန်းကျောင်းဆရာများဖြင့် သင်ကြားပို့ချပေးလျက်ရှိပါသည်။

မြန်မာနိုင်ငံသစ်တောကျောင်းမှ မွေးထုတ်ပေးခဲ့သောသင်တန်းသားများမှာ စတင်ဖွင့်လှစ်ခဲ့သည့် ၁၈၉၈ ခုနှစ်မှ ယနေ့အထိ (၁၉၂၄ ခုနှစ်မှ ၁၉၂၅ ခုနှစ်အထိတက်ရောက်ခဲ့သည့် ထိုင်းနိုင်ငံသင်တန်းသား ၃၂ ဦးအပါအဝင်)၊ အကြီးတန်း၊ အငယ်တန်းစုစုပေါင်း (၅၈၆၄)ဦးဖြစ်ပါသည်။ မြန်မာနိုင်ငံသစ်တောကျောင်းဆင်းပွဲကို နှစ်စဉ်စစ်ရေးပြအခမ်းအနားဖြင့် စည်းကားသိုက်မြိုက်စွာ ကျင်းပပေးလျက်ရှိပြီး ယခုအမှတ်စဉ်(၁၁၁)တွင် သစ်တောဦးစီးဌာနမှ သင်တန်းသား(၈၂)ဦး၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ(၂)ဦး၊ မြန်မာ့သစ်လုပ်ငန်းမှ (၁၀)ဦး၊ စုစုပေါင်းသင်တန်းသား(၉၄)ဦးတက်ရောက်အောင်မြင်ခဲ့ကြောင်း သိရှိရပါသည်။

သို့ဖြစ်ပါ၍ သမိုင်းအစဉ်အလာကြီးမားခဲ့သည့် မြန်မာနိုင်ငံသစ်တောကျောင်းမှ နှစ်စဉ်မွေးထုတ်ပေးခဲ့သော ဝန်ထမ်းများသည် စာတွေ့ပိုင်၍ လက်တွေ့နိုင်ခဲ့သည့် ဌာန၏အဟာခံကျွမ်းကျင်ဝန်ထမ်းများဖြစ်သည်အားလျော်စွာ၊ နိုင်ငံတာဝန်နှင့် ဌာနတာဝန်များကို တာဝန်ယူဆောင်ရွက်ကြရာတွင် သင်တန်းကျောင်းမှ သင်ကြားပေးခဲ့သည့် အတတ်ပညာတို့ဖြင့် သစ်တောသယံဇာတများကို ထာဝစဉ်ဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ အားကြိုးမာန်တက် ထမ်းဆောင်ကြပါစေလိုကြောင်း တိုက်တွန်းနှိုးဆော်ဖော်ပြအပ်ပါသည်။

---

**ဒို့တာဝန်အရေး(၃)ပါး**

- ✱ ပြည်ထောင်စု မပြိုကွဲရေး။
- ✱ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး။
- ✱ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

---

**သစ်တောမူဝါဒ**

မြန်မာနိုင်ငံသစ်တောကဏ္ဍကို အမျိုးသားလူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှု၊ သဘာဝဝန်းကျင်ထာဝစဉ်တည်ငြိမ်ရေးနှင့် ဂေဟစနစ်များမျှတရေးတို့အတွက် ဦးတည်၍ မူဝါဒများချမှတ်ပြီး စီမံခန့်ခွဲလုပ်ကိုင်လျက်ရှိပါသည်။ ၁၉၉၅ ခုနှစ် မြန်မာ့သစ်တော မူဝါဒသဘောထား ကြေညာချက်တွင် အမျိုးသားရည်မှန်းချက်ပန်းတိုင်များအား ပြည့်မီစွာဖော်ဆောင်နိုင်ရန်အတွက် ပဓာနကျသောအချက်များကို အောက်ပါအတိုင်း ဖော်ပြထားပါသည်-

(၁) **ကာကွယ်ခြင်း**
ရေ၊ မြေ၊ တောရိုင်းတိရစ္ဆာန်၊ ဇီဝမျိုးစုံနှင့် သဘာဝဝန်းကျင်ကို ကာကွယ်ရမည်။

(၂) **ထာဝစဉ်တည်တံ့စေခြင်း**
သစ်တောများမှရရှိနိုင်သည့် တိုက်ရိုက်နှင့်သွယ်ဝိုက်သော အကျိုးများကို စဉ်ဆက်မပြတ် ခံစားနိုင်ကြစေရန်၊ သစ်တောသယံဇာတအရင်းအမြစ်များကို ထာဝစဉ်တည်တံ့နေစေရေးအတွက် ထိန်းသိမ်းရမည်။

(၃) **အခြေခံစားဝတ်နေရေးလိုအပ်ချက်များ ဖြည့်ဆည်းပေးခြင်း**
ပြည်သူလူထုအတွက် လောင်စာ၊ နေအိမ်၊ အဆောက်အအုံ၊ အစားအစာနှင့် အပန်းဖြေနားနေမှုအစရှိ သည့် အခြေခံစားဝတ်နေရေး လိုအပ်ချက်များ ဖြည့်ဆည်းပေးရမည်။

(၄) **စွမ်းဆောင်ရည်တိုးတက်မြင့်မားစေခြင်း**
သစ်တောသယံဇာတများမှ ရရှိနိုင်သည့် စီးပွားရေးအကျိုးအမြတ်တို့အား လူမှုရေးနှင့် သဘာဝဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာတို့ကို မထိခိုက်စေဘဲ အပြည့်အဝအသုံးချရန် စီမံရမည်။

(၅) **ပြည်သူတို့က ပူးပေါင်းပါဝင်ဆောင်ရွက်လာစေခြင်း**
သစ်တောများပြုစုထိန်းသိမ်းရေးနှင့် သစ်တောသယံဇာတများ အသုံးချရေးလုပ်ငန်းတို့တွင် ပြည်သူတို့က ပူးပေါင်းပါဝင်ဆောင်ရွက်သွားရမည်။

(၆) **ပြည်သူအတွင်း နိုးကြားတက်ကြွသည့် အသိရင်သန်နေစေခြင်း**
နိုင်ငံတော်၏ လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဖော်ဆောင်ရာတွင် သစ်တောများသည် အဓိကအခန်းမှ ပါဝင်နေကြောင်းကို ပြည်သူတို့အတွင်း အသိရင်သန်စေရန် လှုံ့ဆော်သွားရမည်။





**မျက်နှာဖုံး**

➤မြန်မာနိုင်ငံသစ်တောကျောင်း(၁၀၁)ကြိမ်မြောက် ကျောင်း ဆင်းပွဲအခမ်းအနား ၁-၄

**ဒေါင်းဖြီး**

➤ဝန်ထမ်းကောင်းများမွေးထုတ်ပေးနေသော မြန်မာနိုင်ငံသစ်တောကျောင်း ၂

**သတင်းများကဏ္ဍ**

➤သစ်တောသတင်း၊ သစ်ဖမ်းဆီးသတင်း ၄-၁၂

**သိမှတ်ဖွယ်ရာများနှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆောင်းပါး**

➤REDD+ ဆိုတာ ၁၃

➤အဖွဲ့အစည်း၏ ၂၀၁၄ခုနှစ်၊ ဒီဇင်ဘာလထုတ် အစီရင်ခံစာ တွင်ပါဝင်သော အရှေ့တောင်အာရှနိုင်ငံများ၏. . . ၁၄-၁၆

➤ကျွန်းတော်နှင့်မြန်မာနိုင်ငံသစ်တောကျောင်း ၁၇-၁၉

➤**လွမ်းမိသယောင် မယ်ဟောင်ဆောင်သို့** ၂၀-၂၂

➤သဘာဝရဲ့အင်အားအကောင်းဆုံး အဖွဲ့လိုက်လုပ်ဆောင်သူများ ၂၃-၂၄

➤အီးအမ်ဘိုကာရှိမြေဆွေးပြုလုပ်သုံးစွဲနည်း ၃၄-၃၅

➤မြန်မာနိုင်ငံ၏ ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းခြင်းဆိုင်ရာ နောက်ခံသမိုင်း ၃၆-၃၇

➤ကျွန်းပင်စည်ထိုးပိုး ၃၈-၃၉

**ဓာတ်ပုံသတင်းကဏ္ဍ**

➤သတင်းမှတ်တမ်းဓာတ်ပုံများ ၂၅-၂၇

➤သစ်ကုလားအုတ်ငယ်တစ်ကောင်မွေးဖွားခြင်း(ဆာဖာရီဥယျာဉ်) ပန်ဒါနီအမတစ်ကောင်ရောက်ရှိလာခြင်း (တိရစ္ဆာန်ဥယျာဉ်၊ နေပြည်တော်) ၂၈

**ဝန်းကျင်သားငှက်ကဏ္ဍ**

➤အစိုးရများနှင့် ဌာနေတိုင်းရင်းသားလူမျိုးစုများပါဝင်၍ . . ၂၉-၃၀

➤တောရိုင်းတိရစ္ဆာန်နှင့် သစ်တောအမှုများတွင် အဂတိလိုက်စားမှု၏ အခန်းကဏ္ဍ-- ၃၀-၃၃

**ကာတွန်း၊ ရယ်စရာ၊ ကဗျာကဏ္ဍ**

➤သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကဗျာများ/ ဟာသပြောပွဲများ/ကာတွန်း ၄၁-၄၂ ၄၀၊ ၄၃

**မြန်မာ့သစ်လုပ်ငန်းကဏ္ဍ**

➤MTE တင်ဒါဈေးနှုန်း ၄၄

**အင်တာနက်ကဏ္ဍ**

➤အင်တာနက်မှသဘာဝပတ်ဝန်းကျင်ဆိုင်ရာ သတင်းများ ၄၅-၄၈

**အင်္ဂလိပ် ကဏ္ဍ**

➤REDD-Plus INFORMATION-27 ၄၉-၅၀

**နောက်ကျောဖုံး**

➤နံ့သာဖြူ ၅၂



**စာတည်းချုပ်နှင့် ထုတ်ဝေသူ**

ဦးပြည့်စုံမျိုး
ညွှန်ကြားရေးမှူး၊ တိုးချဲ့ပညာပေးရေးဌာန

ရုံးအမှတ်(၃၉)၊ သစ်တောဦးစီးဌာန၊
ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန
နေပြည်တော်
ထုတ်ဝေခွင့်အမှတ် - (မြ- ၀၀၄၀၀)

**စာတည်း**

ဦးခင်မောင်မြင့်၊ ဒုတိယညွှန်ကြားရေးမှူး

**စာတည်းအဖွဲ့ဝင်များ**

| | |
|---|---|
| ဦးမျိုးနိုင် | လက်ထောက်ညွှန်ကြားရေးမှူး |
| ဦးအောင်ထွန်း | ဦးစီးအရာရှိ |

**ပုံနှိပ်သူ**

ဦးမြင့်ထွန်း(မြ -၀၀၆၆၀)
မဋ္ဌူပုံနှိပ်တိုက်
အမှတ်(၂၄၄/ဘီ)၊ လမ်း(၄၀)၊ (၉)ရပ်ကွက်
ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး



ဆက်သွယ်ရန် -
၀၆၇-၄၀၅၁၁၃ ၊ (Fax) ၀၆၇-၄၀၅၃၄၄
fdextension39@ gmail.com

## ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေကို ၂၀၁၂ ခုနှစ်၊ မတ်လ (၃၀)ရက်နေ့၌ ပြဋ္ဌာန်းခဲ့သည်။

### ရည်ရွယ်ချက်များ

ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) မြန်မာနိုင်ငံ အမျိုးသားပတ်ဝန်းကျင်ရေးရာမူဝါဒကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်၊

(ခ) စဉ်ဆက်မပြတ် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကိစ္စရပ်များ စနစ်တကျပေါင်းစပ်ဆောင်ရွက်ရန် အလို့ငှာ အခြေခံမူများချမှတ်နိုင်ရန်နှင့် လမ်းညွှန်မှုများပေးနိုင်ရန်၊

(ဂ) ပစ္စုပ္ပန်နှင့် အနာဂတ်မျိုးဆက်များ၏ အကျိုးအတွက် ကောင်းမွန်ပြီး သန့်ရှင်းသည့်ပတ်ဝန်းကျင်ဖြစ်ပေါ်လာစေရန်နှင့် သဘာဝနှင့်ယဉ်ကျေးမှု အမွေအနှစ်များကိုထိန်းသိမ်းစောင့်ရှောက်နိုင်ရန်၊

(ဃ) ဆုတ်ယုတ်ပျက်ပြားကွယ်ပျောက်လျက်ရှိသော ဂေဟစနစ်များကို ဖြစ်နိုင်သမျှ ပြန်လည်ဖော်ထုတ်ရန်၊

(င) သဘာဝသယံဇာတအရင်းအမြစ်များ လျော့နည်းဆုံးရှုံးမှုကို တားဆီးရေးနှင့် စဉ်ဆက်မပြတ် အကျိုးရှိစွာအသုံးပြုနိုင်ရေးအတွက် စီမံဆောင်ရွက်နိုင်ရန်၊

(စ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိအမြင်ပြန့်ပွားရေးအတွက် ပညာပေးရေးနှင့် ပညာသင်ကြားရေးအစီအစဉ်များကို အများပြည်သူတို့သိရှိပြီး ပူးပေါင်းပါဝင်မှု ပိုမိုတိုးတက်လာစေရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်၊

(ဆ) ပတ်ဝန်းကျင်ရေးရာကိစ္စရပ်များတွင် အပြည်ပြည်ဆိုင်ရာ၊ ဒေသဆိုင်ရာနှင့် နိုင်ငံအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်နိုင်ရန်၊

(ဇ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကိစ္စရပ်များကို အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်း၊ အစိုးရမဟုတ်သောအဖွဲ့ အစည်းနှင့် ပုဂ္ဂလိကတို့ ပူးပေါင်းဆောင်ရွက်နိုင်ရန်။

မျက်နှာဖုံးမှအဆက်

## အခြေခံသစ်တောပညာသင်တန်း၊ အမှတ်စဉ်(၁၁၁)နှင့် အရာရှိမြေတိုင်းသင်တန်း၊ အမှတ်စဉ်(၅၀)နှင့် အခြေခံမြေတိုင်းသင်တန်း၊ အမှတ်စဉ်(၇၄)သင်တန်းဆင်းပွဲ

အခမ်းအနားသို့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးများ၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် သစ်တော/သတ္တုဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်နှင့် ဌာနအကြီးအကဲများ၊ အရာထမ်း/အမှုထမ်းများ၊ အငြိမ်းစားအရာရှိကြီးများ၊ ဧည့်သည်တော်များ၊ ကျောင်းဆင်းသင်တန်းသားများနှင့် မိသားစုများတက်ရောက်ကြပါသည်။

ရှေးဦးစွာ အလံကိုင်တပ်ဖွဲ့နှင့် သင်တန်းဆင်းတပ်ခွဲများမှ ပြည်ထောင်စုဝန်ကြီးအား အလေးပြုကြပြီး ပြည်ထောင်စုဝန်ကြီး က မြန်မာနိုင်ငံသစ်တောကျောင်းနှင့် မြေတိုင်းကျောင်းတို့မှ ဘက်စုံထူးချွန်ဆု၊ စာပေထူးချွန်ဆု၊ လက်တွေ့ထူးချွန်ဆု၊ အားကစားထူးချွန်ဆုနှင့် စစ်ရေးပြ အကောင်းဆုံးတပ်ခွဲဆုရ သင်တန်းသားများအား ဆုများပေးအပ်ချီးမြှင့်ပါသည်။

ကျောင်းဆင်းပွဲအခမ်းအနား၌ ပြည်ထောင်စုဝန်ကြီးမှ အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံ သစ်တောကျောင်းသည် သက်တမ်း(၁၁၇)နှစ်နှင့် မြေတိုင်းကျောင်း၏ သက်တမ်းသည်လည်း(၆၈)နှစ်ပြည့်မြောက်ခဲ့ပြီး၊ ယနေ့အထိ သင်တန်းသားဦးရေ (၅၉၅၈)ဦး မွေးထုတ်ခဲ့ပြီး မြေတိုင်းကျောင်းမှလည်း သင်တန်းသား(၁၂၁၈)ဦး သင်ကြားမွေးထုတ်ခဲ့ပြီးဖြစ်ကြောင်း၊ လုပ်ငန်းခွင်တွင်တာဝန်ထမ်းဆောင်ကြသည့်အခါ သင်ကြားတတ်မြောက်မှုနှင့် အတွေ့အကြုံများကို ပေါင်းစပ်ပြီး လေ့လာဆည်းပူး တီထွင်ကြံဆလုပ်ကိုင်ကြရန်၊ ဝန်ထမ်းကောင်းများ ပီသစွာတာဝန်သိ၊ တာဝန်ယူဆောင်ရွက်ကြရန်၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောတည်ထောင်ခြင်းလုပ်ငန်းများခွင့်ပြုပေးလျက်ရှိသဖြင့် အလေးအနက်ထားဆောင်ရွက်ကြရန်မှာကြားလိုကြောင်း၊ မြန်မာနိုင်ငံတွင် သဘာဝဘေးဒုက္ခခံစားခဲ့ကြရသည့် ပြည်သူများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဝန်ကြီးဌာနအနေဖြင့် ပံ့ပိုးဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း၊ သင်တန်းဆင်းပြီး တာဝန်ကျဒေသများ၏ ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ပါဝင်ကူညီဆောင်ရွက်ပေးသွားကြရန်မှာကြားလိုကြောင်း၊ တရားမဝင်သစ်ဖော်ထုတ်ဖမ်းဆီးရေးကို ပင်မတာဝန်တစ်ရပ်အနေဖြင့် ခံယူဆောင်ရွက်သွားကြရန်ပြောကြားခဲ့ပါသည်။ ဆက်လက်၍ မြန်မာနိုင်ငံသစ်တောကျောင်း၊ ကျွန်းရတနာခန်းမတွင် အခြေခံသစ်တောပညာသင်တန်း၊ အမှတ်စဉ်(၁၁၁)မှ သင်တန်းသား(၉၄)ဦး၊ မြန်မာနိုင်ငံမြေတိုင်းကျောင်း၊ အရာရှိမြေတိုင်းသင်တန်း၊ အမှတ်စဉ် (၅၀)မှ သင်တန်းသား(၁၅)ဦး၊ အခြေခံမြေတိုင်းသင်တန်း၊ အမှတ်စဉ်(၇၄)မှ သင်တန်းသား(၁၀၄)ဦးတို့ကို သင်တန်းဆင်းအောင်လက်မှတ်များ ပေးအပ်ချီးမြှင့်ခဲ့ပါသည်။



## ချင်းပြည်နယ်ရှိ မြေပြိုဆည်များကြောင့် ဖြစ်ပေါ်လာနိုင်သည့် ဘေးအန္တရာယ်များ ကြိုတင်ကာကွယ်ရေး အလုပ်ရုံဆွေးနွေးပွဲ



ချင်းပြည်နယ်ရှိ မြေပြိုဆည်များကြောင့် ဖြစ်ပေါ်လာနိုင်သည့် ဘေးအန္တရာယ်များ ကြိုတင်ကာကွယ်ရေး အလုပ်ရုံဆွေးနွေးပွဲကို(၁၁. ၁၁. ၂၀၁၅)ရက်နေ့ နံနက်(၉) နာရီတွင် နေပြည်တော်၊ သစ်တောဦးစီးဌာန၊ အင်ကြင်းခန်းမ၌ ကျင်းပရာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားခဲ့ပါသည်။

ပြည်ထောင်စုဝန်ကြီးမှ အမှာစကားပြောကြားရာတွင် ၂၀၁၅ ခုနှစ် မိုးရာသီ၌ ပြည်နယ်နှင့်တိုင်းဒေသကြီးအချို့တွင် ပုံမှန်မဟုတ်သည့် မိုးရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှု သဘာဝဘေးအန္တရာယ်များကျရောက်ခဲ့ပြီး ဒေသခံပြည်သူများ အတိဒုက္ခရောက်ခဲ့ကြရပါကြောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နယ်နှင့် ချင်းပြည်နယ်၊ ဟားခါးမြို့နယ်တို့သည် သဘာဝဘေးဒဏ် အဆိုးဆုံးခံစားခဲ့ရပါကြောင်း၊

ချင်းပြည်နယ် တွန်းဇံမြို့နယ်၊ ဟားခါးလေးကျေးရွာ အထက်ပိုင်းတောင်ပေါ်မှ ကျဆင်းလာသည့် ရွှံ့နွံ၊ အမှိုက်သရိုက်နှင့် ဒိုက်များပါဝင်သော တောင်ကျချောင်းရေကြောင့် ဟားခါးလေးကျေးရွာမှ အိမ်ခြေ(၅၉)လုံး ရေစီးဖြင့်မျောပါခဲ့ ရပါကြောင်း၊ စီးဆင်းမျောပါလာသည့် ရွှံ့နွံမြေကြီးများနှင့် အမှိုက်သရိုက်များသည် တောင်ကျရေစီးကြောင်းများကို ပိတ်ဆို့ပြီး မြေပြိုဆည်(Landslide Dam)(သို့မဟုတ်) သဘာဝတောင်ပြိုကန်များ ပေါ်ပေါက်လာခြင်းသည် နောက်ဆက်တွဲဖြေရှင်းရမည့် ပြဿနာတစ်ရပ်ဖြစ်လာပါကြောင်း၊ မြေပြိုဆည်များဖြစ်စေသော အချက်များမှာ မိုးသည်းထန်စွာရွာသွန်းခြင်း၊ နှင်းခဲပြိုကွဲခြင်းနှင့် ငလျင်လှုပ်ခြင်းတို့ကြောင့်ဟု လေ့လာသိရှိရပါကြောင်း၊ မြေပြိုဆည်များဖြစ်ပေါ်မှုသည် တောင်ကုန်းတောင်တန်းထူထပ်သော ဒေသများတွင် အခါအားလျော်စွာ ကြုံတွေ့ရသည့် သဘာဝဖြစ်စဉ်တစ်ခုဖြစ်ပါကြောင်း၊ မြေပြိုဆည်များကြောင့် ဖြစ်လာနိုင်ခြေရှိသည့် ကိစ္စရပ်များကို ကိုင်တွယ်ဖြေရှင်းနိုင်ရန် ကြိုတင်ပြင်ဆင်မှုနှင့် ကာကွယ်မှုလုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ကြရန် မဖြစ်မနေလိုအပ်မှာ ဖြစ်ပါကြောင်း၊ ယခုဆွေးနွေးပွဲမှ ဖြစ်ပေါ်တည်ရှိနေသည့် မြေပြိုဆည်များကြောင့် ပေါ်ပေါက်လာနိုင်သည့် ဘေးအန္တရာယ်များမှ ကျော်လွှားရန် ကြိုတင်ပြင်ဆင် ဆောင်ရွက်နိုင်မည့်နည်းလမ်းများနှင့် လုပ်ငန်းစီမံချက်တစ်ရပ် ရေးဆွဲနိုင်လိမ့်မည်ဟုလည်း အလေးအနက် ယုံကြည်ပါကြောင်း ပြောကြားသွားခဲ့ပါသည်။

## သစ်တောသယံဇာတအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေး၊ ဇီဝမျိုးစုံမျိုးကွဲများ ထာဝစဉ်တည်တံ့စေရေးနှင့် ဂေဟစနစ်တည်ငြိမ်စေရေးဖော်ဆောင်ရန် ဒုတိယဝန်ကြီး ဦးအေးမြင့်မောင် ကွင်းဆင်းဆောင်ရွက်



ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးအေးမြင့်မောင်သည် နိုဝင်ဘာလ(၉)ရက်နေ့မှ (၁၂)ရက်နေ့အထိ သစ်တောဦးစီးဌာန၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနနှင့် မြန်မာ့သစ်လုပ်ငန်းတို့မှ တာဝန်ရှိသူများလိုက်ပါလျက် မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်းနှင့် မကွေးတိုင်းဒေသကြီး၊ ချင်းပြည်နယ်များသို့သွားရောက်ပြီး ကွင်းဆင်းစစ်ဆေး၍ လုပ်ငန်းဆောင်ရွက်မှုတင်ပြချက်များ အပေါ်လိုအပ်သည်များညှိနှိုင်းစီမံဆောင်ရွက်ပေးခဲ့ပါသည်။

ဒုတိယဝန်ကြီးသည် စစ်ကိုင်းမြို့နယ်၊ မင်းဝံတောင်တန်းပေါ်၌ Golden Hook Manufacturing Co.,Ltd. က လှူပ်စစ်ဖြင့် ရေဝတီမြစ်ရေတင်၍ စိုက်ပျိုးဆောင်ရွက်လျက်ရှိသည့် ပုဂ္ဂလိကနံ့သာဖြူ(စန္ဒကူး)စိုက်ခင်း ရှင်သန်အောင်မြင်ဖြစ်ထွန်းနေမှုနှင့် အနီးဝန်းကျင်ရှိ ကျေးရွာများအား ရေပေးဝေနိုင်ရေး စီစဉ်ဆောင်ရွက်မှုအခြေအနေအား ကြည့်ရှုစစ်ဆေးခဲ့သည်။ ဆက်လက်၍ ညောင်ဦးမြို့နယ်အတွင်း JICA, KOICA, JIFPRO အဖွဲ့အစည်းများက တည်ထောင်စိုက်ပျိုးခဲ့သည့် စိုက်ခင်းဟောင်းများ ထိန်းသိမ်းဆောင်ရွက်မှု၊ တောင်တန်းစိမ်းလန်းစိုပြည်စေရေး ကွန်တိုလိုင်းအလိုက် မြေအင်္ဂါးထည့်သွင်း စိုက်ပျိုးဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေး၍ မြေသင်း

တွင်းကျေးရွာ တွဲဖက်အလယ်တန်းကျောင်း၌ ကျေးရွာရပ်မိရပ်ဖများနှင့်တွေ့ဆုံခဲ့ပြီးနောက် ညောင်ဦးမြို့မှထွက်ခွာ၍ မကွေးတိုင်းဒေသကြီး၊ ချောက်ရေနံမြေ ရွှေပုံတောင်ဒေသသို့သွားရောက်ကာ စိမ်းလန်းစိုပြည်ရေးသစ်ပင်စိုက်ပျိုးမှုအခြေအနေ၊ စိုက်ပျိုးပြီးသစ်ပင်များရှင်သန်အောင်မြင်စေရေးအတွက် စီစဉ်ဆောင်ရွက်နေမှုများအား ကြည့်ရှုစစ်ဆေး၍ လျှပ်စစ်မီးရရှိရေး၊ မော်တာဖြင့်ရေတွန်း၍ ရေလောင်းခြင်းလုပ်ငန်း ပိုမိုထိရောက်စွာဆောင်ရွက်နိုင်ရေးတို့နှင့်ပတ်သက်၍ ဆွေးနွေးမှာကြားခဲ့ပါသည်။

ငှင်းနောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ချင်းပြည်နယ်၊ ကန်ပက်လက်မြို့နယ်ရှိ နတ်မတောင်၊ အမျိုးသားဥယျာဉ်ထိန်းသိမ်းဆောင်ရွက်မှု လုပ်ငန်းများအား ကြည့်ရှုစစ်ဆေးခဲ့ပြီး၊ မကွေးမြို့နယ်ရှိ သစ်တောဦးစီးဌာနနှင့် အပူပိုင်း ဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနတို့မှ စိုက်ပျိုးဆောင်ရွက်လျက်ရှိသည့် စီးပွားရေးကျွန်းစိုက်ခင်းများ၊ သဘာဝတောထိန်းသိမ်းခြင်း လုပ်ငန်းများအား ကြည့်ရှုစစ်ဆေးခဲ့သည်။ မကွေးမြို့မှ ပဲခူးရိုးမဖြတ်လမ်းအတိုင်း ဆက်လက်ထွက်ခွာလာရာ လမ်းတစ်လျှောက်ရှိ သစ်တောဦးစီးဌာန စီးပွားရေးကျွန်းစိုက်ခင်းများ၊ ပုဂ္ဂလိကကျွန်းစိုက်ခင်းရှင်သန်ဖြစ်ထွန်းမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

## ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန နဝမအကြိမ်မြောက် ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်း



ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးနှင့် ဝန်ထမ်းမိသားစုတို့၏ နဝမအကြိမ်မြောက် ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို (၁၈-၁၁-၂၀၁၅)ရက်နေ့တွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ ရုံးအမှတ်(၂၈)ကျွန်းရွှေဝါခန်းမ၌ ကျင်းပခဲ့ပါသည်။

## ဒုတိယဝန်ကြီး ဦးအေးမြင့်မောင် အား United Nations Office on Drugs and Crime (UNODC)မှ Country Manager ဖြစ်သူ Mr.Troels Vester လာရောက်တွေ့ဆုံ



ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်မောင် အား United Nations Office on Drugs and Crime (UNODC)မှ Country Manager ဖြစ်သူ Mr.Troels Vester နှင့် Administrative Associate ဖြစ်သူ ဒေါ်ဂျက်တလင်းဖေကျော် တို့သည် (၂၄-၁၁-၂၀၁၅)ရက်နေ့ မွန်းလွဲ ၁း၃၀ နာရီတွင် သစ်တောဦးစီးဌာနရှိ ၊ ဒုတိယဝန်ကြီးဧည့်ခန်းမ၌ လာရောက်တွေ့ဆုံဆွေးနွေးသည်။ ထိုသို့တွေ့ဆုံဆွေးနွေးရာတွင် သစ်တောဦးစီးဌာနနှင့် (UNODC)တို့ပူးပေါင်းဆောင်ရွက်ခဲ့သည့် ဘိန်းစိုက်ပျိုးမှုတိုင်းတာရေးလုပ်ငန်းများနှင့် အနာဂတ်တွင် ပူးပေါင်းဆောင်ရွက်နိုင်မည့်အခြေအနေ၊ သစ်တောထွက်ပစ္စည်းများ တရားမဝင်ခိုးထုတ်မှုတားဆီးရေးနှင့် တောရိုင်းတိရစ္ဆာန်နှင့် ၎င်းတို့၏အစိတ်အပိုင်းများ တရားမဝင်ရောင်းဝယ်ဖောက်ကားမှုတားဆီးရေးအတွက် ပူးပေါင်းဆောင်ရွက်နိုင်မည့်အခြေအနေ၊ ရှမ်းပြည်နယ်တွင် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောတည်ထောင်နိုင်ရေး စသည်တို့နှင့်ပတ်သက်သည့်ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြပါသည်။

## အာဆီယံ-ကိုရီးယား သစ်တောကဏ္ဍပူးပေါင်းဆောင်ရွက်မှု ဒေသအဆင့်လေ့ကျင့်ပညာပေးရေး သင်တန်းကျောင်း(Establishment of ASEAN-Korea Forest Cooperation Regional Education and Training Centre - AFoCo RETC) သင်တန်းကျောင်းတည်ဆောက်ခြင်း၏ အုတ်မြစ်စိုက်ပွဲအခမ်းအနားကျင်းပခြင်း

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနနှင့် ကိုရီးယားသစ်တောဌာနတို့ ပူးပေါင်းအကောင်အထည် ဖော်ဆောင်ရွက်လျက်ရှိသည့် "အာဆီယံ-ကိုရီးယား သစ်တောကဏ္ဍပူးပေါင်း ဆောင်ရွက်မှု ဒေသအဆင့် လေ့ကျင့်ပညာပေးရေးသင်တန်းကျောင်း(Establishment of ASEAN-Korea Forest Cooperation Regional Education and Training Centre - AFoCo RETC)တည်ထောင်ခြင်း" စီမံကိန်း၏ သင်တန်းကျောင်းတည်






ဆောက်ရေးအတွက် အုတ်မြစ်စီပွဲအခမ်းအနားကို(၂၇-၁၁-၂၀၁၅)ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ သစ်တောဦးစီးဌာန၊ သစ်စေ့နှင့်ပျိုးပင်ထုတ်လုပ်ရေးဌာန၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

အခမ်းအနားသို့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးအေးမြင့်မောင်နှင့် ကိုယ်စားလှယ်များ၊ Korea Forest Service, International Affairs Bureau မှ ညွှန်ကြားရေးမှူးချုပ် Dr. Kim Yongkwan နှင့် ကိုယ်စားလှယ်များ၊ AFoCo Secretariat မှ Executive Director Dr. Hadi S. Pasaribu နှင့် ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံရှိ ကိုရီးယားနိုင်ငံဆိုင်ရာသံရုံးမှ သံအမတ်ကြီး Mr. Lee Baek Soonနှင့် ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံရှိ ကိုရီးယားအသင်းမှ Mr. lee Jung Woo နှင့် ကိုယ်စားလှယ်များ၊ မှော်ဘီမြို့နယ်မှ ဌာနဆိုင်ရာကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြပါသည်။ (AFoCo RETC)တည်ထောင်ခြင်းစီမံကိန်းသည် ၂၀၁၄-၂၀၁၅ ခုနှစ်မှ ၂၀၂၃-၂၄ ခုနှစ်အထိ (၁၀)နှစ်ကာလဖြစ်ပြီး စီမံကိန်းကာလအတွင်း အာဆီယံဒေသအဆင့် လေ့ကျင့်ပညာပေးရေး သင်တန်းကျောင်းတည်ထောင်၍ အာဆီယံ-ကိုရီးယား သစ်တောကဏ္ဍပူးပေါင်းဆောင်ရွက်မှု (AFoCo)အဖွဲ့ဝင်နိုင်ငံများအတွက် သစ်တောကဏ္ဍဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်သည့် သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ ပညာရပ်ဆိုင်ရာ သုတေသနလုပ်ငန်းများနှင့် လေ့လာရေးများအား ဖွင့်လှစ်ပို့ချရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ပါသည်။

## ကျေးလက်နေပြည်သူများနှင့် အသေးစား၊ အလတ်စားစက်မှုလုပ်ငန်းများ ထင်းအစားအခြား လောင်စာကျယ်ပြန့်စွာ သုံးစွဲကြစေရေး အလေးပေးဆောင်ရွက်နေမှုများအား ကြည့်ရှုစစ်ဆေး



မြန်မာနိုင်ငံ၏ ၂၀၁၄ ခုနှစ်၊ သန်းခေါင်စာရင်းစစ်တမ်းအရ မြို့ပြဒေသများတွင် အိမ်ထောင်စု ၅၀% ကျော်ခန့်၊ ကျေးလက်ဒေသများတွင် ၈၀%ခန့်သည် ထင်း၊မီးသွေးကို လောင်စာအဖြစ် အသုံးပြုလျက်ရှိကြောင်း သိရသည်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနသည် ကျေးရွာသုံးထင်းစိုက်ခင်းများ တည်ထောင်၍ နီးစပ်ရာ ကျေးရွာများအား ထင်းဝေငှမှုဆောင်ရွက်ခြင်း၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောစိုက်ခင်းများ၊ ပုဂ္ဂလိကစိုက်ခင်းများ ခွင့်ပြုဆောင်ရွက်ပေးခြင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ကျေးရွာတစ်ရွာလျှင် ဘက်စုံသုံးစိုက်ခင်း(၁)ဧက၊ တစ်အိမ်ထောင်သစ်မာ(၂၀)ပင်၊ တစ်အိမ်ထောင်လျှင် ကျွန်း(၃)ပင်စိုက်ပျိုးခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည့်အပြင် ထင်းအစား အခြားလောင်စာ တိုးမြှင့်သုံးစွဲရေးအတွက် စွမ်းအားမြင့်မီးဖို၊ လောင်စာတောင့်များဖြန့်ဝေခြင်း၊ စိုက်ပျိုးရေးစွန့်ပစ်ပစ္စည်းများ တိုးချဲ့သုံးစွဲစေရေး ပညာပေးဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးအေးမြင့်မောင်နှင့် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးတင်ငွေတို့သည် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဒေသတာဝန်ခံပုဂ္ဂိုလ်များလိုက်ပါလျက် နိုဝင်ဘာလ(၂၉)ရက်နေ့တွင် ဧရာဝတီတိုင်းဒေသကြီး၊ ကျိုက်လတ်မြို့နယ်ရှိ ပုဂ္ဂလိကပိုင် မြန်မာဘိုင်အိုမတ်စ်ပါဝါကုမ္ပဏီ၏ စပါးခွံလောင်စာတောင့် ထုတ်လုပ်မှုလုပ်ငန်းစဉ်အဆင့်ဆင့်ကို သွားရောက်ကြည့်ရှုအားပေးခဲ့ပါသည်။

အဆိုပါ ကုမ္ပဏီရှင်းလင်းဆောင်၌ စီမံကိန်းတာဝန်ခံမှ စပါးခွံလောင်စာတောင့်ထုတ်လုပ်မှုနှင့် စပ်လျဉ်းသည်များ ရှင်းလင်းတင်ပြခဲ့ပါသည်။ ဆက်လက်၍ ဒုတိယဝန်ကြီးများက နိုင်ငံတော်အစိုးရ၏ စွမ်းအင်ကဏ္ဍ ဆောင်ရွက်ချက်များ၊ ရှေ့ဆက်ဆောင်ရွက်မည့် အစီအမံများအား ရှင်းလင်းချပြကာ စပါးခွံလောင်စာတောင့်ထုတ်လုပ်၍ စွမ်းအင်လောင်စာပံ့ပိုးနိုင်မှု၊ စွန့်ပစ်ပစ္စည်းများအား စနစ်တကျစီမံခန့်ခွဲ၍ လောင်စာအဖြစ်ပြောင်းလဲ အသုံးချနိုင်မှု၊ အသေးစားနှင့်အလတ်စား စက်မှုလုပ်ငန်းများအတွက် လောင်စာဖြည့်ဆည်းပေးနိုင်မှု၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုမှု၊ နိုင်ငံတကာကွန်ရက်နှင့် ဆက်သွယ်ဆောင်ရွက်ရန်လိုအပ်မှု စသည်တို့အပေါ် ဖြည့်စွက်ဆွေးနွေးမှာကြားခဲ့ပါသည်။

## သစ်တောများ ၊ မပြုန်းတီးရေး ထင်းကုန်သက်သာ ၊ မီးဖိုကိုသုံးစွဲပေး။

### ဒုတိယဝန်ကြီး ဒေါက်တာသက်သက်ဇင် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ စင်ကာပူသမ္မတနိုင်ငံတွင် ကျင်းပပြုလုပ်သည့် ရေရှည်တည်တံ့သောဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာဖိုရမ်သို့ တက်ရောက်




စင်ကာပူသမ္မတနိုင်ငံတွင် ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၂ရက်နေ့မှ ၄ ရက်နေ့အထိ ကျင်းပပြုလုပ်သည့် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာဖိုရမ်( Responsible Business Forum on Sustainable Development)သို့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာသက်သက်ဇင် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့ပါသည်။

အဆိုပါဖိုရမ်၏ အစည်းအဝေးဖွင့်ပွဲ အခမ်းအနားကို ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၃ ရက်နေ့ နံနက်ပိုင်းတွင် Marina Bay Sands Convention Centre ၌ ကျင်းပပြုလုပ်ရာ ဒုတိယဝန်ကြီး ဒေါက်တာ သက်သက်ဇင် က " Myanmar Perspectives on Climate Change Strategies" ခေါင်းစဉ်ဖြင့် ဆွေးနွေးပြောကြားရာတွင် မြန်မာနိုင်ငံသည် ရာသီဥတုပြောင်းလဲမှုအား နိုင်ငံတော်၏လူမှုရေး စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကစိန်ခေါ်မှုတစ်ရပ်အဖြစ် သတ်မှတ်ထားပါကြောင်း၊ ရာသီဥတုပြောင်းလဲမှု၏ အကျိုးသက်ရောက်မှုများနှင့် လိုက်လျောညီထွေရှိစေရေးအတွက် တက်ကြွစွာဆောင်ရွက်လျက်ရှိနေပြီး၊ ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုကို လျော့နည်းသက်သာစေရေးအား အဓိကအခန်းကဏ္ဍတစ်ရပ်အနေဖြင့်ချမှတ်၍ ဆုံးဖြတ်အကောင်အထည်ဖော်လျက်ရှိပါကြောင်း၊ မှန်လုံအိမ်ဓာတ်ငွေ့ ထုတ်လွှတ်မှုလျှော့ချနိုင်ရေးအတွက် တာဝန်ယူမှုတစ်ခုအနေဖြင့် မြန်မာနိုင်ငံ၏ အခြေအနေနှင့်သင့်လျော်မည့် အမျိုးသားအဆင့် ရာသီဥတုပြောင်းလဲမှုလျှော့ချရေးဆိုင်ရာ အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်( Intended National Determined Contribution (INDC))ကိုရေးဆွဲ၍ ကုလသမဂ္ဂရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကွန်ဗင်းရှင်းသို့ တင်ပြထားပြီးဖြစ်ပါကြောင်း၊ သစ်တောမဟာဗျူဟာစီမံချက်၊ စွမ်းအင်မဟာဗျူဟာစီမံချက်၊ လျှပ်စစ်စွမ်းအား မဟာဗျူဟာစီမံချက်နှင့် ကျေးလက်ဒေသ လျှပ်စစ်မီးရရှိရေး စီမံချက်များကို ရေးဆွဲချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ရာသီဥတုပြောင်းလဲမှု လျှော့ချရေးဆိုင်ရာလုပ်ငန်းစဉ်များ၊ မူဝါဒများ၊ မဟာဗျူဟာများကိုရေးဆွဲချမှတ်ပြီး ဆောင်ရွက်သွားမှာဖြစ်ပါကြောင်း ဆွေးနွေးပြောကြားပြီး၊ အစည်းအဝေးတွင် Panelist များမှ တစ်ဦးချင်းစီအလိုက်အမြင်များကို ဆွေးနွေးခဲ့ကြပါသည်။

### ဒုတိယဝန်ကြီး ဒေါက်တာသက်သက်ဇင် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ နီပေါနိုင်ငံတွင် ကျင်းပပြုလုပ်သည့် ပို့ဆောင်ရေးကဏ္ဍဆိုင်ရာ အစိုးရအချင်းချင်း နဝမအကြိမ်မြောက် ဒေသအဆင့်ဖိုရမ်သို့တက်ရောက်

ကုလသမဂ္ဂစီးပွားရေးနှင့် လူမှုရေးကော်မရှင် အာရှနှင့်ပစိဖိတ်ဒေသဆိုင်ရာ အစီအစဉ် (UN ESCAP)၊ ကုလသမဂ္ဂဒေသဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာန (United Nations Centre for Regional Development -UNCRD)၊ နီပေါနိုင်ငံအဆောက်အအုံနှင့် ပို့ဆောင်ရေးဝန်ကြီးဌာနနှင့် ဂျပန်နိုင်ငံ ပတ်ဝန်းကျင်ဝန်ကြီးဌာနတို့ ပူးပေါင်း၍ နီပေါနိုင်ငံ၊ ခတ္တမန္ဒူမြို့တွင် ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၁၇ ရက်နေ့မှ ၂၀ ရက်နေ့အထိ ကျင်းပပြုလုပ်သည့် အာရှနိုင်ငံများအတွင်း စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်သော ပတ်ဝန်းကျင်ရရှိရေးအတွက် ပို့ဆောင်ရေးကဏ္ဍဆိုင်ရာ အစိုးရအချင်းချင်း နဝမအကြိမ်




မြောက် ဒေသအဆင့်ဖိုရမ်( Intergovernmental Ninth Regional Environmentally Sustainable Transport (EST) Forum in Asia)သို့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသက်သက်ဇင် ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့ပါသည်။

ဖိုရမ်ဖွင့်ပွဲအခမ်းအနားကို ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၁၈ ရက်နေ့ နံနက်ပိုင်းတွင် Hyatt Regency Hotel ၌ ကျင်းပပြုလုပ်ရာ နီပေါနိုင်ငံဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးချုပ်နှင့် အဆောက်အအုံနှင့် ပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ၊ ကုလသမဂ္ဂဒေသဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာနမှ ညွှန်ကြားရေးမှူးနှင့် ဂျပန်နိုင်ငံ ပတ်ဝန်းကျင်ဝန်ကြီးဌာနမှ Councillar တို့မှ အဖွင့်အမှာစကား အသီးသီးပြောကြားကြပါသည်။ အဆိုပါဖိုရမ်တွင် အာရှဒေသတွင်းရှိ နိုင်ငံများ၏ ပို့ဆောင်ရေးကဏ္ဍ လုံခြုံစိတ်ချရမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုရရှိစေရေးအတွက် ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် အတွေ့အကြုံများကို နိုင်ငံအလိုက် တင်ပြကြပါသည်။ ဆက်လက်၍ ကျွမ်းကျင်ပညာရှင်များက ပို့ဆောင်ရေးကဏ္ဍဆိုင်ရာ ၂၀၁၅ ခုနှစ်အလွန် ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်များကို ဆွေးနွေးတင်ပြခဲ့ကြပါသည်။

## မကွေးတိုင်းဒေသကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ရုံးအဆောက်အဦသစ် ဖွင့်ပွဲအခမ်းအနားကျင်းပ



မကွေးတိုင်းဒေသကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ရုံးအဆောက်အဦသစ်ဖွင့်ပွဲအခမ်းအနားကို ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက်နေ့ နံနက်(၈း၃၀)နာရီတွင် မကွေးမြို့၊ ဆေးရုံလမ်း၊ စိုးကောင်းရပ်ကွက်၊ မကွေးတိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ရုံးအဆောက်အဦ၌ ကျင်းပရာ အဆိုပါအခမ်းအနားသို့ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ကော်မတီဝင်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာသက်သက်ဇင်၊ မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ တိုင်းဒေသကြီးသစ်တော/သတ္တု နှင့် စွမ်းအင်ဝန်ကြီး ဦးသိန်းထွန်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးနေအေးနှင့် တိုင်းဒေသကြီး/ခရိုင်/မြို့နယ်ဌာနဆိုင်ရာအသီးသီးမှ အကြီးအကဲများတက်ရောက်ခဲ့ပါသည်။

## ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းအဖွဲ့ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်ရှိ အမျိုးသားကန်တော်ကြီး ဥယျာဉ်အတွင်းရှိ သစ်ခွဥယျာဉ်နှင့် လိပ်ပြာပြတိုက်သို့ သွားရောက်ကြည့်ရှုလေ့လာခြင်း



မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းအဖွဲ့ အဖွဲ့ဝင်များသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့်အတူ အဖွဲ့ဝင်စုစုပေါင်း(၄၀)ဦးတို့သည် မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ် အမျိုးသားကန်တော်ကြီးဥယျာဉ်အတွင်းရှိ သစ်ခွဥယျာဉ်နှင့် လိပ်ပြာပြတိုက်သို့ ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၂၂ ရက်နေ့တွင် သွားရောက်ကြည့်ရှုလေ့လာခဲ့ပါသည်။

# တရားမဝင်သစ်တောထွက်ပစ္စည်းများ ဖမ်းဆီးရမိခြင်းသတင်းများ



## စစ်ကိုင်းတိုင်းဒေသကြီး





(၁-၁၁-၂၀၁၅)ရက်နေ့တွင် စစ်ကိုင်းတိုင်းဒေသကြီးသစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူး ဦးဆောင်သော သစ်တောဝန်ထမ်းများအဖွဲ့သည် ဆားလင်းကြီးမြို့နယ်၊ ခံကုန်းကျေးရွာ၏ အရှေ့တောင်ဘက်(၁)မိုင်ခန့်အကွာ ချင်းတွင်းမြစ်အတွင်းနေရာမှ တရားမဝင် ကျွန်းခွဲသား (၂၃)ချောင်း၊ (၃. ၄၈၀၀) တန်၊ ကျွန်းသစ်(၂၂)လုံး (၈. ၅၄၀၀)တန်၊ ပျဉ်းကတိုးခွဲသား(၂၀)ချောင်း (၂. ၃၇၅၆)တန်၊ ပျဉ်းကတိုးသစ်(၇)လုံး (၄. ၃၈၈၀)တန်၊ ပျဉ်းကတိုးတိုင်(၆)လုံး (၀. ၄၂၂၀)တန်၊ သစ်ယာခွဲသား (၅၂)ချောင်း (၁၀. ၅၂၀၀)တန်၊ သစ်ယာသစ်(၁)လုံး (၀. ၃၉၀၀)တန်နှင့် အခြားသစ် (၂၈. ၀၂၄၆)တန်၊ စုစုပေါင်း တရားမဝင်သစ်(၅၉. ၃၁၄၂)တန်အား ဖမ်းဆီးရမိခဲ့ကြောင်း သိရှိရပါသည်။





(၄-၁၁-၅၀၁၅) ရက်နေ့ စစ်ကိုင်းခရိုင်၊ သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဆောင်သော သစ်တောဝန်ထမ်းများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် စစ်ကိုင်း-ရွှေဘို-မုံရွာသွား ကားလမ်းဘေးမိုင်တိုင်အမှတ်(၂၁/၅)မှ (၂၁/၆)ကြားနေရာမှ တရားမဝင် တမလန်းဓားရှေ (၂၆)တုံး (၀. ၆၂၄၈) တန် တင်ဆောင်ထားသော ယာဉ်အမှတ် 6A/3143 အား တရားခံ(၁)ဦးနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း သိရှိရပါသည်။

## ရန်ကုန်တိုင်းဒေသကြီး



(၃-၁၁-၂၀၁၅)ရက်နေ့တွင် ရန်ကုန်အနောက်ပိုင်းခရိုင် လက်ထောက်ညွှန်ကြားရေးမှူး ဦးဆောင်သော သစ်တော ဝန်ထမ်းများအဖွဲ့သည် တွံတေးမြို့နယ်၊ တွံတေးဝအထက်(၂၁)မိုင်ခန့် အကွာနေရာမှ တရားမဝင်တောင်သရက်ခွဲသား (၅၃၂)ချောင်း (၄. ၃၇၇၈)တန် တင်ဆောင်လာသော ခိုင်နန်းစင် စက်တပ်ရေယာဉ်နှင့် တရားခံ(၄)ဦးအား ဖမ်းဆီးရမိခဲ့ပါသည်။

## မကွေးတိုင်းဒေသကြီး



(၃-၁၁-၂၀၁၅)ရက်နေ့တွင် သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဆောင်သော သစ်တောဝန်ထမ်း(၃)ဦးနှင့် သတင်းတပ်ဖွဲ့တို့သည် မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်၊ ညောင်ပင်ကျေးရွာ၊ မြို့ဝင်ဂိတ်တွင် ဝါးများဖြင့် ဖုံးအုပ်သယ်ဆောင်လာသည့် တရားမဝင် အခြားခွဲသားစုစုပေါင်း(၁. ၀၂၉၄)တန်၊ မော်တော်ယာဉ်(၁)စီးနှင့် တရားခံ(၁)ဦးအား ဖမ်းဆီးရမိခဲ့သည့်အပြင် ဖွဲ့အိတ်များဖြင့် ဖုံးအုပ်သယ်ဆောင်လာသည့် တရားမဝင်ကျွန်းသစ်/တိုင် စုစုပေါင်း(ဝ. ၄၅၁၄)တန်၊ သုံးဘီးဆိုင်ကယ်(၁)စီးနှင့် တရားခံ(၁)ဦးတို့အား ဖမ်းဆီးရမိခဲ့ပါသည်။

## ကချင်ပြည်နယ်







(၆-၁၁-၂၀၁၅)ရက်နေ့တွင် ကချင်ပြည်နယ်၊ ဗန်းမော်မြို့နယ် သစ်တောဦးစီးဌာနမှ သစ်တောဝန်ထမ်းများနှင့် စင်းခန်းရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဗန်းမော်မြို့နယ်၊ စင်းခန်းဘိနယ်၊ ဘူးတောင်းကျေးရွာအောက်ဘက် ဧရာဝတီမြစ်ကမ်းဘေး ခမမပည LG-045703 နေရာမှ တရားမဝင် ကျွန်းခွဲသားဆိုဒ်စုံ(၅၂)ချောင်း(၁. ၁၄၄၀)တန်အား တင်ဆောင်လာသော (၄)လုံးထိုးမော်တော် ရေယာဉ်ပေါ်တွင် တရားခံ(၁)ဦးနှင့်အတူ ဖမ်းဆီးရမိခဲ့ပါသည်။

## မွန်ပြည်နယ်



(၁၁-၁၁-၂၀၁၅)ရက်နေ့တွင် မွန်ပြည်နယ်၊ သစ်တောဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးဆောင်သော သစ်တောဝန်ထမ်းများနှင့် မုတ္တမရဲစခန်းမှ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် သထုံခရိုင်၊ ပေါင်မြို့နယ် မုတ္တမဘိနယ်၊ သံလွင်တံတားအနီးနေရာမှ တရားမဝင် ကျွန်းတံခါး ရွက်ဆိုဒ်စုံ ၂၀၄ ချပ် (၁. ၇၇၂၂)တန် တင်ဆောင်လာသော ယာဉ်အမှတ် NNPW 21-9698 SKAT အဖြူရောင်တစ်စီးအား တရားခံ(၁)ဦးနှင့်အတူ ဖမ်းဆီးရမိခဲ့ပါသည်။

## မန္တလေးတိုင်းဒေသကြီး



(၁၁-၁၁-၂၀၁၅)ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး မန္တလေးခရိုင်၊ သစ်တောဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးနှင့် ပုသိမ်ကြီးမြို့နယ် သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဆောင်သော သစ်တောဝန်ထမ်းများအဖွဲ့သည် ပုသိမ်ကြီးမြို့နယ်၊ မန္တလေး-ပြင်ဦးလွင် အတက်လမ်း၊ မိုင်တိုင်အမှတ် (၁၁/၉)အနီးနေရာမှ တရားမဝင် တမလန်း(ဓါးရှေ့)ခွဲသား (၅၃)ချောင်း (၄. ၆၈၀၀)တန် တင်ဆောင်လာသော ယာဉ်အမှတ် 9A/5045 (၆ ဘီး)ယာဉ် (၁)စီးအား တရားခံတစ်ဦးနှင့်အတူ ဖမ်းဆီးရမိခဲ့ပါသည်။

## တနင်္သာရီတိုင်းဒေသကြီး





တနင်္သာရီတိုင်းဒေသကြီး၊ သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူး၏ သတင်းချပြ စီစဉ်မှုဖြင့် မြိတ်မြို့နယ် သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဆောင်သော သစ်တောဝန်ထမ်းများအဖွဲ့နှင့် ကျွန်းစုမြို့နယ် သစ်တောဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး ဦးဆောင်သော သစ်တောဝန်ထမ်းများ အဖွဲ့သည် တနင်္သာရီမြစ်ကြောင်းတစ်လျှောက် ကျွန်းစုမြို့နယ်၊ သဇင်ဘီနယ်၊ ဖေးကမိ ချောင်းတစ်လျှောက် ချောင်းခွဲငယ်များအတွင်း နယ်မြေရှင်းလင်းခြင်း လုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ (၁၀-၁၁-၂၀၁၅)ရက်နေ့တွင် တရားမဝင် ၄က်ဆောင်း မျော(၇၀၆၃)လုံး တင်ဆောင်လာသော စက်လှေ(၁၁)စီးအား ဖမ်းဆီးရမိခဲ့ပါသည်။ ဖြစ်စဉ်ပါ သစ်ပိုင်ရှင်နှင့် စက်လှေပိုင်ရှင်များအား စုံစမ်းဖော်ထုတ်လျက်ရှိပြီး သက်ဆိုင်ရာ ရေကြောင်းပို့ဆောင်ရေးဦးစီးဌာနသို့ ဆက်သွယ်စိစစ်၍ ရေယာဉ်မှတ်ပုံတင်ထားသည့် စက်လှေပိုင်ရှင်၊ စက်လှေမောင်း၊ သစ်ပိုင်ရှင်နှင့် ဆက်စပ်သူများအား ဖော်ထုတ်အရေးယူသွားမည် ဖြစ်ပါသည်။

## ကရင်ပြည်နယ်





(၂၃-၁၁-၂၀၁၅)ရက်နေ့တွင် ကရင်ပြည်နယ်၊ သစ်တောဦးစီးဌာန၊ သစ်တောဝန်ထမ်းများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးတို့ပါဝင်သော ပူးပေါင်းအဖွဲ့သည် သံတောင်ကြီးမြို့နယ်အတွင်း စစ်ကြောင်းအသွင်ဖြင့် နယ်မြေရှင်းလင်းခြင်းလုပ်ငန်းဆောင်ရွက်ခဲ့ရာ လိပ်သို-တောင်ငူကား လမ်းမိုင်တိုင်(၂၃/၀)အနီးနေရာမှ ကဇော်သစ်(၃၄)တုံး (၂. ၄၈၆၄)တန် တင်ဆောင်လာသော ယာဉ်အမှတ်- 1H/4776 ယာဉ်(၁)စီးနှင့် တရားခံ(၂)ဦးတို့အား ဖမ်းဆီးရမိခဲ့ပါသည်။

## ရှမ်းပြည်နယ်

(၂၇-၁၁-၂၀၁၅)ရက်နေ့တွင် ရှမ်းပြည်နယ်၊ တာချီလိတ်မြို့နယ် ကုန်သွယ်ရေးဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် သစ်တောဦးစီးဌာနမှ ဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့သည် တာချီလိတ်-မိုင်းဆတ်ကားလမ်း၊ လွယ်တော်ခမ်း-ဟွေရဲ လမ်းဆုံအနီးနေရာ၌ ရှာဖွေစစ်ဆေးနေစဉ် လိပ်ကြက်တူရွေး အရှယ်စုံအရှင်(၃၈)ကောင်နှင့် အသေ(၁)ကောင်၊ စုစုပေါင်း (၃၉)ကောင် တင်ဆောင်လာသည့် ဆိုင်ကယ်မောင်းနှင်လာသူတစ်ဦးအား စစ်ဆေးတွေ့ရှိခဲ့ပြီး တရားခံမှာအနီးရှိ ဆိုင်ကယ် လမ်းသွယ်ထဲသို့ အမြန်မောင်းနှင် ထွက်ပြေးသွားကြောင်း သိရှိရပါသည်။ ဖမ်းဆီးရမိလိပ်များအား တာချီလိတ်မြို့နယ် သစ်တောဦးစီးဌာနရုံးဝင်းအတွင်း ထိန်းသိမ်းထားရှိလျက်ရှိကြောင်း သိရှိရပါသည်။





## REDD+ ဆိုတာ -----

သစ်တောပျက်စီးပြုန်းတီးခြင်းနှင့် သစ်တောတန်ဖိုးကျဆင်းလာခြင်းမှ ထုတ်လွှတ်သည့် ကာဗွန်များလျှော့ချသည့် လုပ်ငန်းဖြစ်ပါသည်။

သစ်တောများကို ပြုစုစိုက်ပျိုးထိန်းသိမ်းခြင်းဖြင့် ဒေသခံများ၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်အောင် စီမံဆောင်ရွက်ခြင်း ဖြစ်ပါသည်။



# INTERPOL အဖွဲ့အစည်း၏ ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလထုတ် အစီရင်ခံစာတွင်ပါဝင်သော အရှေ့တောင်အာရှနိုင်ငံများ၏ သစ်တောမှုခင်းများနှင့် အကျင့်ပျက်ခြစားမှုများ

ကျော်မျိုးမင်း(ဦးစီးအရာရှိ)
စစ်ဆေးရေးဌာန

နောက်ဆုံးထုတ် သတင်းဆောင်းပါးများတွင် ရေးသားဖော်ပြထားသည့် အရှေ့တောင်အာရှဒေသများအတွင်းရှိ သစ်တောမှုခင်းများ၊ အဆိုပါဒေသများအတွင်း လက်ရှိဖြစ်ပေါ်နေသော တရားမဝင် သစ်ထုတ်လုပ်မှုများနှင့် သစ်တောမှုခင်းများ၏ အခြေအနေများကို သိရှိလေ့လာနိုင်ရန်အတွက် INTERPOL မှ "အရှေ့တောင်အာရှနိုင်ငံများရှိသစ်တောမှုခင်းများနှင့် ပတ်သက်၍ စိစစ်အကဲဖြတ်ခြင်း အစီရင်ခံစာ"အား ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလတွင် ပြုစုထုတ်ဝေခဲ့ပါသည်။

## သစ်ဆွေးမြေများမှ ကာဗွန်ဒိုင်အောက်ဆိုဒ် စုပ်ယူနိုင်မှုအခြေအနေ


အပူပိုင်းဒေသရှိ သစ်ဆွေးမြေများသည် ကာဗွန်ဒိုင်အောက်ဆိုဒ် သန်းပေါင်း(၄၂၀၀၀)ကုဗတန်ခန့် အနည်းဆုံး စုပ်ယူထားရှိနိုင်ပြီး၊ ဆယ်စုနှစ်ကာလများအတွင်း သစ်တောပြုန်းတီးမှု၊ မြေပြိုမှုနှင့် တောမီးများကြောင့် အဆိုပါ ကာဗွန်ဒိုင်အောက်ဆိုဒ် စုပ်ယူမှုပမာဏများ အလွန်လျော့နည်းလာသည်ကို တွေ့ရှိရပါသည်။ သစ်တောပြုန်းတီးမှုများကြောင့် သစ်ဆွေးမြေများမှ ကာဗွန်ဒိုင်အောက်ဆိုဒ် စုပ်ယူမှုလျော့နည်းလာပြီးမလေးရှား၊ အင်ဒိုနီးရှား၊ Sumatra၊ Kalimantan နှင့် နယူးဂီနီတို့မှာ အဆိုပါဖြစ်စဉ်နှင့်ပတ်သက်ပြီး ရင်ဆိုင်နေရပါသည်။ အင်ဒိုနီးရှားနိုင်ငံအနေဖြင့် ကမ္ဘာပေါ်တွင် သစ်တောပြုန်းတီးမှုကြောင့် ကာဗွန်ဒိုင်အောက်ဆိုဒ်ထုတ်လွှတ်မှုတွင် တရုတ်၊ အမေရိကန်တို့ပြီးနောက် တတိယအများဆုံး ဖြစ်လာသည်ကို တွေ့ရှိရကြောင်း ဖော်ပြထားပါသည်။

## သစ်တောပြုန်းတီးမှုအခြေအနေ

အရှေ့တောင်အာရှနိုင်ငံများ၏ သစ်တောပြုန်းတီးမှုများအား ခြုံငုံသုံးသပ်ကြည့်ပါက လွန်ခဲ့သောအနှစ်(၂၀)ခန့်မှစ၍ (၁၃)ရာခိုင်နှုန်းပြုန်းတီးလာသည်ကို တွေ့ရှိပါသည်။ အရှေ့တောင်အာရှနိုင်ငံများ၏ အသားတင်သစ်တောပြုန်းတီးမှုဧရိယာမှာ (၃၃၂၀၀၀)စတုရန်းကီလိုမီတာရှိပြီး၊ အကြမ်းဖျင်းအားဖြင့် ဗီယက်နမ်နိုင်ငံ၏ ဧရိယာအကျယ်အဝန်း ပမာဏနှင့် ညီမျှလျက်ရှိကြောင်း ဖော်ပြထားပါသည်။

## ဥပဒေနှင့် မညီညွတ်မှုများ

နိုင်ငံအလိုက် အောက်ပါအတိုင်းဖော်ပြထားပါသည်။




**ကမ္ဘောဒီးယား**နိုင်ငံဥပဒေအရ ဖမ်းဆီးရမိသစ်များအားအများပြည်သူများထံ လေလံတင်ရောင်းချသွားရမည်ဖြစ်သော်လည်း ကမ္ဘောဒီးယားနိုင်ငံမှ အရာရှိများအနေဖြင့် ဖမ်းဆီးသစ်များ လေလံရောင်းချမှုပြုလုပ်ရာတွင် လျို့ဝှက်မှုများ၊ မသမာမှုများရှိခဲ့ပြီး ဖမ်းဆီးရမိသစ်များအား ဝန်ကြီးချုပ်၏အကြံပေးအဖြစ် တာဝန်ထမ်းဆောင်နေသော သူထံလျှော့ဈေးဖြင့် ဒေါ်လာသန်းပေါင်း ဆယ်ဂဏန်းကျော် တန်ဖိုးအားရောင်းချခဲ့သည်ဟု သိရှိရကြောင်း ဖော်ပြထားပါသည်။

၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ၌ ကမ္ဘောဒီးယားရဲတပ်ဖွဲ့မှ တရားမဝင်သစ်ခိုးထုတ်မှုများအပေါ် စုံစမ်းထောက်လှမ်းလျက်ရှိသည့် Freelance မှ သတင်းထောက် Taing Try သေဆုံးမှုနှင့်ပတ်သက်၍ လူ(၃)ဦးအား ဖမ်းဆီးခဲ့ပါသည်။ တရားမဝင်သစ်များအား နွားလှည်းဖြင့် သိုဝှက်စုစည်း၍ ညသန်းခေါင်ယံအချိန်၌ သယ်ယူခဲ့သည်ကို Mr. Try မှမျက်မြင်တွေ့ရှိခဲ့ပြီး နောက်နေ့၌ အသတ်ခံရခြင်းဖြစ်ပါသည်။ သေဆုံးမှုနှင့်ပတ်သက်၍ ဖမ်းဆီးခံရသူ(၃)ဦးမှာ စစ်သား(၁)ဦး၊ ရဲအရာရှိ(၁)ဦးနှင့် ရဲတပ်သား(၁)ဦးတို့ဖြစ်ပြီး တရားမဝင်သစ်ခိုးထုတ်ရာမှာ ၎င်းတို့ကိုယ်တိုင် ပါဝင်နိုင်ကြောင်း ဖော်ပြထားပါသည်။




**လာအိုနိုင်ငံ**၏ သစ်တောကဏ္ဍအားအဓိက ဖိအားပေးလျက်ရှိသော စိန်ခေါ်မှုများမှာ စိုက်ပျိုးမြေများ တိုးချဲ့လာခြင်း၊ သတ္တုတူးဖော်ခြင်းနှင့် စီမံကိန်းအဆောက်အအုံများ တိုးချဲ့ဆောက်လုပ်ခြင်းတို့ ဖြစ်ပါသည်။ လာအိုအစိုးရအဖွဲ့မှ သတ္တုတူးဖော်ခြင်း၊ လမ်း/တံတား တည်ဆောက်ခြင်းများနှင့် ဆည်/ရေလှောင်တမံများ တည်ဆောက်ခြင်းများကြောင့် ၎င်းဧရိယာ

အတွင်းရှိ သစ်တောများအား တရားဝင်ခုတ်ယူ ခွင့်ပြုထားသော်လည်း သစ်ခိုးထုတ်သူများမှ ခွင့်ပြုချက်မရှိသော အချို့ဧရိယာများ အတွင်းရှိသစ်များကိုပါ အပြောင်ရှင်းခိုးယူ ခုတ်လှဲလျက်ရှိပါသည်။

လာအိုနိုင်ငံ မြောက်ပိုင်းဒေသ LuangNamtha နယ်မြေအတွင်းမှ သစ်များအားဥပဒေ လုပ်ထုံးလုပ်နည်းများဖြင့် တရားဝင်တင်ပို့လျက်ရှိသည်ဟု အစိုးရမှကြေညာထုတ်ပြန်ထားသော်လည်း တရုတ်နိုင်ငံသား ရင်းနှီးမြှုပ်နှံသူများမှ အဆိုပါနယ်မြေများ၌ သစ်များအားတရားမဝင်နည်းဖြင့် ခုတ်လှဲခိုးယူဆဲဖြစ်ပါသည်။ လာအိုနိုင်ငံမှ သစ်တောများအား ဗီယက်နမ်နှင့် ထိစပ်လျက်ရှိသည့် နယ်စပ်ဒေသများမှတစ်ဆင့် ဗီယက်နမ်နှင့် တရုတ်နိုင်ငံတို့၏ သစ်လိုအပ်ချက်များနှင့်အညီ တရားမဝင်ခိုးထုတ် ရောင်းဝယ်လျက်ရှိပြီး အဆိုပါသစ်ခိုးထုတ်မှုများအပေါ် လာအိုနှင့် ဗီယက်နမ်နိုင်ငံတို့အနေဖြင့် တားဆီးထိန်းချုပ်မှု အားနည်းလျက်ရှိပါသည်။ ၎င်းအပြင် ဗီယက်နမ်နိုင်ငံမှ အမှုထမ်း၊ အရာထမ်းများအနေဖြင့်လည်း လာအိုနိုင်ငံမှ တရားမဝင်သစ်များဝင်ရောက်လာမှုများကို တားဆီးအရေးယူမှုမရှိသည့်အပြင် ၎င်းတို့ကိုယ်တိုင် ပူးပေါင်းပါဝင်ကြသည်ကို တွေ့မြင်နေရပါကြောင်း ဖော်ပြထားပါသည်။




**အင်ဒိုနီးရှားနိုင်ငံ** တွင် ၂၀၁၄ ခုနှစ်၌ ရဲအရာရှိ (၁)ဦးသည်တရားမဝင် သစ်ခိုးထုတ်ခြင်းနှင့် လောင်စာထုတ်ယူခြင်းများမှ ဒေါ်လာ(၁၂၈)သန်းနီးပါး ငွေကြေးရယူခဲ့သောကြောင့် အဂတိလိုက်စားမှုဖြင့် ၎င်းအားထောင်ဒဏ်(၂)နှစ်ချမှတ် အပြစ်ပေးခံခဲ့ရပါသည်။ အင်ဒိုနီးရှားနိုင်ငံ၌ ထိန်းသိမ်းထားရှိသည့် ကာကွယ်တောများအတွင်းမှ အဖိုးတန်သစ်များအား ခိုးထုတ်ခြင်းနှင့် အခြားသောသစ်တောမှုခင်းများ တစ်စထက်တစ်စ ပိုမို၍ဖြစ်ပွားလာခဲ့မှုများကြောင့် ရှားပါးမျိုးစိတ်စာရင်းဝင် အပင်နှင့်သတ္တဝါများအနေဖြင့် ဆိုးရိမ်စရာအခြေအနေများနှင့် ရင်ဆိုင်နေရပါကြောင်း ဖော်ပြထားပါသည်။




**မလေးရှားနိုင်ငံ** မှ Sarawak ဒေသရှိသစ်ခွဲသားစက်ရုံများသည် ဥပဒေအား လိုက်နာမှုမရှိခြင်း၊ အကျင့်ပျက်ခြစားခြင်းတို့ကြောင့် ပိုမိုတင်းကျပ်သည့် ကြေညာချက်သစ်ထုတ်ပြန်ခဲ့ပြီး သစ်ခွဲသား စက်ရုံ(၆)ခုအား တရားမဝင်သစ်များခိုးယူခွဲစိတ်ခြင်း/ရိုးသားဖြောင့်မတ်မှု မရှိခြင်းများကြောင့် တင်းကျပ်စွာ အမိန့်ထုတ်ပြန်ဆောင် ရွက်ထားရှိပါသည်။

၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ (၂၉)ရက်နေ့တွင် ကုမ္ပဏီတစ်ခုမှ မန်နေဂျာတစ်ဦးအား တရားမဝင် သစ်ခိုးထုတ်ရာတွင် ပါဝင်ဆောင်ရွက်ခဲ့မှုကြောင့် ထောင်ဒဏ်(၁)ရက်ချမှတ်ခံရပြီး၊ လာဘ်ငွေပေး၍ ၎င်းတို့၏ တရားမဝင်လုပ်ငန်းများအား ဖုံးကွယ်နိုင်ရန်ကြိုးပမ်းမှုကြောင့် ရင်းဂစ် ၁၀၀၀၀ ဖြင့်အပြစ်ပေးအရေးယူခဲ့ပါသည်။ ၎င်းနှင့်ကြံရာပါလှေသမားတစ်ဦးအားလည်း မသင်္ကာဖွယ်ရာများ တွေ့ရှိရ၍ အလားတူပြစ်မှုများဖြင့် အပြစ်ပေး အရေးယူခဲ့ပါသည်။ မလေးရှားနိုင်ငံ၊ တရားဥပဒေ စိုးမိုးရေးအဖွဲ့မှ အရာရှိများအနေဖြင့် သစ်တောဥပဒေလုပ်ထုံးလုပ်နည်းများအပေါ်တွင် ဆန်းစစ်/စိစစ်ဆောင်ရွက်မှု အားနည်းလျက်ရှိပြီး ၎င်းအချက်ကိုကြည့်ခြင်းအားဖြင့် အဆိုပါဒေသရှိ သစ်တောများအားတရားမဝင်နည်းဖြင့် အမြောက်အမြား ခိုးထုတ်မှုများရှိနိုင်သည်ကို တွေ့ရှိရပါသည်။

Bintulu Miri ရှာဖွေဖမ်းဆီးရေး လုပ်ငန်းအား (၂)ပတ်ကြာဆောင်ရွက်ခဲ့ရာ Borneo သစ်တောဦးစီးဌာနအနေဖြင့် ရင်းဂစ်(၅.၅)သန်းနှင့် ညီမျှသည့် သစ်လုံးပေါင်း (၂၂၃၀၆)လုံးအား မြေတူးစက်(၂)စီးနှင့်အတူ ပိုင်ရှင်မဲ့ဖမ်းဆီးရမိခဲ့ပါသည်။ သစ်ထုတ်ယူသူများမှ ခွင့်ပြုချက်ထက် ပိုမို၍ခုတ်ယူခြင်း၊ တရားမဝင်လိုင်စင်မဲ့ခုတ်ယူခြင်းနှင့် သတ်မှတ်ဧရိယာထက် ကျော်လွန်ခုတ်ယူခြင်းတို့မှ ဖမ်းဆီးရမိခဲ့ခြင်းဖြစ်ပါသည်။ အဆိုပါစီမံချက် ဆောင်ရွက်ရာတွင် သစ်တောဦးစီးဌာနအနေဖြင့် Hyperspectral sensing စနစ်အား အသုံးပြုခဲ့သောကြောင့် တရားမဝင်လုပ်ငန်းများ လုပ်ဆောင်လျက်ရှိသည့် နေရာဒေသများကို ခန့်မှန်းနိုင်ခဲ့ခြင်း၊ ကြိုတင်သိမြင်နိုင်ခဲ့ခြင်းတို့ကြောင့် ယခုကဲ့သို့ ဖမ်းဆီးရမိခဲ့ခြင်းဖြစ်ပါသည်။

မလေးရှားနိုင်ငံ၊ လယ်သမားများမှ ၎င်းတို့လုပ်ကိုင်လျက်ရှိသော လယ်တောများအား ဆင်များဝင်ရောက်ဖျက်ဆီးခြင်းမပြုနိုင်ရေး အဆိပ်များသုံးကာကြိုတင် စီမံကာကွယ်ခြင်းတို့ကြောင့် ဆင်များသေဆုံးရခြင်းဖြစ်သည်ဟု ဖော်ပြထားရှိသော်လည်း ဆင်များသေဆုံးခြင်းသည် သစ်ထုတ်ကုမ္ပဏီမှ လုပ်သားများနှင့် ဆီအုန်းခြံလုပ်သားများ၏ သတ်ဖြတ်မှုကြောင့် သေဆုံးရခြင်းဖြစ်သည်ဟု မီဒီယာများမှ ထင်မြင်ယူဆလျက်ရှိပါသည်။ ထို့ကြောင့် Sabah တောရိုင်းတိရစ္ဆာန်ဌာနအနေဖြင့် သစ်တောဦးစီးဌာန၊ Yayasan Sabah သစ်တောအဖွဲ့၊ World Wildlife Fund၊ ရဲတပ်ဖွဲ့တို့နှင့်ပူးပေါင်း၍ ဆင်များသေဆုံးမှုနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးလျက်ရှိကြောင်း ဖော်ပြထားပါသည်။



**မြန်မာနိုင်ငံ** တွင် တရားမဝင်သစ်များနှင့် မူးယစ်ဆေးဝါးများအား တရားမဝင်နည်းလမ်းများဖြင့် ကူးသန်းရောင်းဝယ်လျက်ရှိသည်ကို ဖော်ပြထားပါသည်။ Environmental Investigation Agency (EIA) ၏အဆိုအရ မြန်မာနိုင်ငံသည် တစ်နှစ်လျှင် တရားမဝင်သစ်တင်ပို့မှုကြောင့် ဆုံးရှုံးနစ်နာမှု တန်ဖိုးပမာဏမှာ အမေရိကန်ဒေါ်လာသန်း(၆)ထောင်ခန့်ရှိကြောင်း ဖော်ပြထားပါသည်။

မြန်မာ-တရုတ်နယ်စပ်ဒေသတွင် မြန်မာနိုင်ငံမှသစ်များအား တရုတ်နိုင်ငံသို့ တရားမဝင်နည်းလမ်းများဖြင့် တင်ပို့လုပ်ကိုင်လျက်ရှိကြောင်းနှင့် Chatham House ၏ အစီရင်ခံစာအရ မြန်မာနှင့် လာအိုနိုင်ငံတို့မှ တရုတ်နိုင်ငံသို့ တင်ပို့ရောင်းချလျက်ရှိသော သစ်အများစုမှာ တရားမဝင်သစ်များ ဖြစ်သည်ဟုဖော်ပြထားပါသည်။




**ထိုင်းနိုင်ငံ**

Rosewood သစ်များခိုးထုတ်ခြင်းနှင့်ပတ်သက်၍ ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ၌ ထိုင်းနိုင်ငံ နယ်စပ်ဒေသများမှ ကမ္ဘောဒီးယားလူမျိုး(၃၃)ဦးအား ဖမ်းဆီးရမိခဲ့ပါသည်။ ဖမ်းဆီးရမိ ကမ္ဘောဒီးယား လူမျိုးများသည် ထိုင်းနိုင်ငံအတွင်းမှ Rosewood သစ်များအား ရွေးချယ်ခုတ်လှဲ၍ ၎င်းတို့နိုင်ငံအတွင်း၌ အဆိုပါသစ် (၁)ကုဗမီတာအား ဒေါ်လာရာနှင့်ချီပြီးပြန်လည်ရောင်းချလျက်ရှိသည့်အပြင် အခြားနိုင်ငံများသို့လည်း ဒေါ်လာထောင်ပေါင်းများစွာဖြင့် တင်ပို့ရောင်းချလျက်ရှိပါသည်။ Human Rights Groups ၏ပြောကြားချက်အရ ကမ္ဘောဒီးယားနိုင်ငံအရာရှိများအနေဖြင့်လည်း နယ်စပ်ဒေသများ၌ တရားမဝင်သစ်ခိုးထုတ်မှုများတွင် ပူးပေါင်းပါဝင်လုပ်ဆောင်နေကြသည်ဟု ဖော်ပြထားပါသည်။

Source- Forest Crime Snapshot: An Assessment South-East-Asia- December 2014(INTERPOL)




သမိုင်းအစ
အရိုင်းဘဝ
ကာလများကပင်
သစ်ဝါးဆိုတာ
အိမ်ရာလည်းရ
ဝမ်းလည်းဝပြီး
မျှတညီညာ
သာယာဥတု
ဤသုံးမှုအပြင်
သစ်ဥ သစ်မြစ်
သစ်ဆစ် သစ်ခက်
သစ်ရွက် သစ်ပွေး
သစ်စေး သစ်ခေါက်

သစ်ကျောက်တွယ်ယှက်
နွယ်မြက်သစ်ပင်
ဆေးဖက်ဝင်၏။
အရှိတရား
သတိထားမှ
မိဘအသွင်
ကျေးဇူးရှင်
အသင်သစ်ပင်ကို
ခင်ပွန်းကြီးများ
ထိုဆယ်ပါးတွင်
တစ်ပါးတိုး၍ ထားစေချင်။

ခင်အောင်(ငြိမ်း)




# "စာတွေ့ပိုင်၍ လက်တွေ့ နိုင်သည့် သစ်တောကျောင်း"

**အုန်းလွင်လေး**

မြန်မာနိုင်ငံသစ်တောကျောင်းကို ကျွန်တော်ရဲ့ဘဝမှာ(၁၀)တန်း အောင်တဲ့နှစ်က စတင်သိရှိခဲ့ရတယ်။ (၁၀)တန်းအောင်တော့ အဖေဖြစ်သူက သားတွေထဲမှာ အကြီးဆုံးကျွန်တော်က (၁၀)တန်း တန်းအောင်အမှတ်ကောင်းရင် ဝါသနာပါရင်တော့ သစ်တောတက္ကသိုလ် တက်ပေါ့ဗျာ၊ အမှတ်ကောင်းလို့ သစ်တောတက္ကသိုလ်ဝင်ခွင့်ရရင်လည်း မိုင်(၂၀) လမ်းလျှောက်နိုင်ရမှာတော့ရှိတယ်နော်"

ရပ်တွေ(၂)နှစ်တက်ပြီး တတိယနှစ်မှစလို့ သစ်တောပညာတွေ စာတွေ့၊ လက်တွေ့သင်ကြားရတယ်၊ ကျွန်တော်တို့အတန်းက လက်တွေ့ကွင်းဆင်းခြင်းကို စတုတ္ထနှစ်အပြီးမှာ (၂)နှစ်စာပေါင်းလုပ်ရတယ်၊ လယ်ဝေးမြို့နယ်၊ သစ်ပုတ်ပင်





ဒီလိုပါလားလို့သိခဲ့ရတယ်---မှတ်မှတ်ရရဗျာ ကျွန်တော်တို့ သစ်တောတက္ကသိုလ် ကျောင်းသားတွေနဲ့ အဲဒီတုန်းက သင်တန်းတက်နေကြတဲ့ သင်တန်းသားတွေချစ်ကြည်ရေးလား၊ အပျင်းပြေလား ဘာလားတော့မမှတ်မိဘူး၊ ဆရာများက စီစဉ်လို့ ဘောလုံးကန်ကြသေးတယ်၊ ကျွန်တော်များ သစ်တောတက္ကသိုလ်ကျောင်းသားတွေရဲ့ ဘောလုံးအသင်းက ခွက်ခွက်လန်ရှုံးခဲ့ပါတယ်၊ ကျွန်တော်လည်း ဘောလုံးကန်တဲ့အထဲ ပါဝင်ပါတယ်၊ တောတွင်းလက်တွေ့ကအပြန် ပုပ္ပါးခရီးမှာ ပင်ပန်းလာကြပြီး ဘောလုံးကန်တာ ရှုံးပေမယ့်လည်း အပြုံးမပျက်ပါဘူး၊ အမှတ်တရပေါ့ဗျာ----




မြန်မာနိုင်ငံသစ်တောကျောင်းဟာ ၁၈၉၈ ခုနှစ်က စတင်တည်ထောင်ခဲ့ပြီး အခြေခံသစ်တောပညာရပ်တွေကို စာတွေ့လက်တွေ့သင်ကြားခြင်း၊ သင်တန်းသားတွေရဲ့စိတ်ဓါတ်၊ စည်းကမ်း၊ ပညာ၊ ဝီရိယ၊ ဖွဲ့ဆိုတဲ့ဆောင်ပုဒ်နဲ့ သစ်တောဌာနတွင် ဝန်ထမ်းကောင်းတွေကို မွေးထုတ်ရာနေရာလည်းဖြစ်တယ်၊ ဆရာတွေဟာဆိုရင်လည်း ဌာနတွင်းကအတွေ့အကြုံရှိပြီး ဝန်ထမ်းတွေကိုပဲ သင်ကြားမှုအထောက်အကူပစ္စည်းစုံတွေသုံးပြီး ထိရောက်အောင်သင်ကြားပေးဖို့ လေ့ကျင့်ပေးထားပြီးဖြစ်ပါတယ်၊

သစ်တောကျောင်းကို သိရှိရောက်ရှိဖူးတဲ့ ကျွန်တော်၊ သစ်တောတက္ကသိုလ်တက်ရောက်ပြီး ဌာနတွင်း အရာရှိငယ်ဘဝ၊ အရာရှိမြို့နယ်အဆင့် တာဝန်တွေနဲ့ နယ်လှည့်တာဝန်ယူနေချိန် လက်အောက်ရှိ တောခေါင်းများကို အရည်အချင်းမီပါက မြန်မာနိုင်ငံသစ်တောကျောင်း တက်ရောက်နိုင်ရေးတစ်ဖက်တစ်လမ်းက ကူညီခဲ့လို့ တချို့ဆိုသင်တန်းတက်ရပြီး အခုတောအုပ်တွေဖြစ်၊ တောအုပ်ကြီးတွေဖြစ်နေတာ ဌာနတွင်းမှာ ပြန်တွေ့နေရပါတယ်၊ သူတို့တွေက"ဆရာရဲ့ မြေတောင်မြှောက်ပေးတဲ့ ကျေးဇူးကြောင့် ကျွန်တော်တို့ ဒီဘဝရောက်ရတာ ဆရာကိုကျေးဇူးတင်ပါတယ်" ဆိုတဲ့စကားကြောင့်လည်း ပီတိဖြစ်ရတယ်၊ "သစ်တောကျောင်း မတက်မီနဲ့ ကျောင်းဆင်းလာတော့ ဘယ်လိုကွာခြားသလဲ" မေးတော့ "ဆရာရယ် ကျောင်းမတက်မီတော့ တောခေါင်း၊ ကျောင်းဆင်းလာတော့ တောအုပ်ဖြစ်တာပေါ့"တဲ့၊ "ဒါပဲလားကွာ"လို့ ပြန်မေးတော့ "ကွာတာတော့ အရမ်းကိုကွာခြားသွားပါတယ် ဆရာ၊ ကျောင်းမတက်မီတော့ တောခေါင်းဘဝ တောအုပ်၊ တောအုပ်ကြီးတွေခိုင်းတဲ့အတိုင်း လုပ်နေရပေမယ့် လုပ်ငန်းတစ်ခုစီရဲ့ ရည်ရွယ်ချက်ကို ရေးတေးတေးပဲသိရတာ၊ အခုကိုယ်တိုင်တောအုပ်ဖြစ်တော့ အလုပ်တစ်ခုရဲ့ ရည်ရွယ်ချက်ကိုလည်း စ-ဆုံးသိရ ကိုယ်တိုင်လည်းလုပ်ရတော့ ကျေနပ်တာပေါ့၊ နောက်ပြီး သင်တန်းဆင်းတောအုပ် ပီပီဌာနမှာရော ပြင်ပမှာရော ပြောဆိုနေထိုင်မှုတွေပြောင်းလဲ၊ အခြေခံသစ်တောပညာတွေကို စာတွေ့လက်တွေ့လုပ်ခဲ့ရတော့ အဆင့်မြင့်ပညာတွေကို ဆက်ပြီးလေ့လာဖို့အတွက် လမ်းပွင့်နေတာပေါ့ ဆရာ"တဲ့---

ဝန်ထမ်းဘဝတစ်လျှောက်မှာ မျှော်လင့်မထားမိဘဲ မြန်မာနိုင်ငံသစ်တောကျောင်းကို ကျောင်းဆရာဘဝနဲ့ရောက်ခဲ့ပြီ၊ သင်တန်းကျောင်းပြောင်းရွှေ့ရမည်သိရတာနဲ့ ကိုယ့်ကိုကိုယ်အရင်ဆုံးဌာနမှာ ငါ့များမကောင်းကျောင်းပို့လုပ်တာလားရယ်လို့ အတွေးတိမ်တိမ်နဲ့ စဉ်းစားမိပြီး စိတ်မကောင်းဖြစ်မိတယ်၊ မင်းခယောက်ျားလေ-ပျော်ရာမနေ တော်ရာမှာနေလေ-ပဌာန်းဆက်ရှိတဲ့နေရာ နေရမှာပါလေဆိုပြီး မိသားစုမပါ တစ်ကိုယ်တည်းအသုံးအဆောင်တွေနဲ့ပြောင်းရွှေ့ခဲ့တယ်၊ ပြောင်းရွှေ့ရောက်ပြီးပါမှ တောင်ပေါ်ဒေသရာသီဥတုကို ခံစားရင်း သင်တန်းဆရာဖြစ်ပြီဆိုတော့ ကိုယ်ဘာစလုပ်ရမလဲ စဉ်းစား၊ ကျောင်းဆရာဘဝကိုခံယူလိုက်တယ်၊ တကယ်အေးချမ်းစိတ်ရှင်လန်းရပါလား၊ ကျောင်းဆရာဖြစ်တာနောက်ကျနေသေး၊

မြန်မာနိုင်ငံသစ်တောကျောင်းမှာ စိုက်ပျိုးပြုစုရေးဘာသာရပ်၊ သစ်တောကာကွယ်ခြင်းဘာသာရပ်၊ ရှိုးလုပ်ထုံးလုပ်နည်းဘာသာရပ်၊ သစ်တောအင်ဂျင်နီယာဘာသာရပ်၊ ရုက္ခဗေဒဘာသာရပ်၊ သစ်ထုတ်ဘာသာရပ်၊ လူမှုသစ်တောဘာသာရပ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဘာသာရပ်၊ သစ်တောအသုံးချဘာသာရပ်၊ မြေတိုင်းဘာသာရပ်၊ ဥပဒေဘာသာရပ်၊ သစ်တောစီမံအုပ်ချုပ်ခြင်း ဘာသာရပ်တွေကို သင်တန်းသားတွေဟာ စာတွေ့လက်တွေ့ သင်ကြားရတယ်၊ သင်တန်းသားတွေဟာ သင်တန်းကျောင်းစတင်ရောက်ရှိသည်နှင့် တူညီဝတ်စုံအားကစားနဲ့ လုပ်ငန်းသုံးအဝတ်အစား၊ စာသင်ခန်းနဲ့ တောတွင်းသုံးပစ္စည်းကိရိယာတွေ စုဆောင်းကြရတယ်၊ သင်တန်းချိန်စာသင်၊ အားလပ်ချိန်အားကစားလုပ်၊ တောတွင်းလက်တွေ့လုပ်ချိန်တွေနဲ့ သင်တန်းကာလတစ်လျှောက် အချိန်တိုအတွင်းမှာ အခြေခံသစ်တောပညာနဲ့ အခြေခံစစ်ရေးပြပညာတွေကို ဘာသာရပ်အလိုက် သင်တန်း



ဆရာတွေက သင်ပေးကြရတယ်--

သင်တန်းသားတွေကို အချိန်ပြည့် စနစ်တကျသင်ပေးနေရတဲ့ ဆရာတွေခမျာမှာလည်း သင်ထောက်ကူပစ္စည်းတွေသုံး၍သင်ကြားရခြင်း၊ တောတွင်းလုပ်ငန်းတွေမှာ ကိုယ်တိုင် လိုက်ပါသင်ကြားပြသရခြင်းအပြင် သင်တန်းကျောင်းမှာရှိစဉ်၊ တောတွင်းမှာရှိစဉ် သင်တန်းသားတွေရဲ့ နေမှု၊ စားမှုမှအစ ကျန်းမာရေးအထိစောင့်ရှောက်ရတယ်။ ကျောင်းဆရာဆိုတာနဲ့ အရင်ဆုံးသင်ကြားနည်းတွေလေ့လာ၊ ကိုယ်သင်မည့်ဘာသာရပ်ကို ကျယ်ကျယ်ပြန့်ပြန့်လေ့လာ၊ ဌာနအကြီးအကဲများနှင့် ကျောင်းအုပ်ကြီးတို့ရဲ့ လမ်းညွှန်မှုခံယူ၊ (ကျွန်တော် ကျောင်းဆရာဖြစ်စဉ် မြန်မာနိုင်ငံသစ်တောကျောင်းမှာဖွင့်တဲ့ နိုင်ငံ့ဝန်ထမ်းသင်တန်းဆရာများ လေ့ကျင့်သင်ကြားရေးသင်တန်းလည်း တက်ခဲ့ရပါသည်။) သင်ရိုးညွှန်းတမ်းတွေကို ကိုယ့်အတွေ့အကြုံလေးတွေနဲ့ယှဉ်ပြီးဖြည့်စွက်သင်ကြားပေးရပါတယ်။

သင်တန်းတစ်ခုမှာ စာတွေလက်တွေ့၊ အားကစား၊ စစ်ရေးပြနဲ့ ရေမြေ၊ နွတ်မြေတွေသင်ကြားတတ်မြောက်အောင်မြင်ရင် ကျောင်းဆင်းပွဲစစ်ရေးပြ၊ ကျောင်းဆင်းလက်မှတ်အပ်နှင်းပွဲကို ခမ်းခမ်းနားနားနဲ့ သင်တန်းဆင်းတောအုပ်တွေခန့်အပ်ရတော့မယ်၊ သင်တန်းသားတွေကတော့ သင်တန်းမှာပင်ပန်းလာခဲ့သမျှ တောအုပ်လည်းဖြစ်၊ ဌာနတာဝန်ကျရာတွေလည်းပြန်ရတော့မယ်- ကျောင်းဆရာများမှာတော့ သူတို့လေးတွေရဲ့ သင်တန်းဆင်းပွဲရောက်ပြီဆိုမှဖြင့် သင်တန်းတစ်ခါဆင်းတိုင်း ကြီးကျယ်ခမ်းနားလေတော့ မြန်မာနိုင်ငံသစ်တောကျောင်းကြီး သင်တန်းဆင်းလက်မှတ်အပ်နှင်းမည့်ခန်းမ၊ စစ်ရေးပြကွင်း၊ ကျောင်းဝန်းကျင်၊ စာသင်ဆောင်၊ အိပ်ဆောင်တွေကို သပ်ရပ်သန့်ရှင်းလှပအောင်မွမ်းမံခြင်း၊ အလှဆင်ခြင်း၊ တက် ရောက်မည့်အရေးကြီးပုဂ္ဂိုလ်များ၊ ဌာနအကြီးအကဲများ၊ ဧည့်သည်တော်များအတွက် စားသောက်ရေး၊ တည်းခိုနေထိုင်ရေး၊ သွားလာရေးတွေကို ဧည့်ဝတ်ကျေပွန်အောင်ဆောင်ရွက်ရခြင်း၊ သင်တန်းဆင်းမည့် ကျောင်းသားများ၏စည်းကမ်းသေဝပ်ရေး၊ ကျန်းမာရေးကအစ သတိပေးစောင့်ရှောက်နေရခြင်းတွေနဲ့ နားရတယ်တော့မရှိပါဘူး။ မြန်မာနိုင်ငံသစ်တောကျောင်းကြီးဆိုတာ တက်ရောက်ရတဲ့သင်တန်းသားများအတွက် အခြေခံသစ်တောပညာတွေသင်ပြီး ဘဝမှာ တစ်ဆင့်မြင့်ရာထူးတိုးတဲ့နေရာ၊ သင်တန်းဆရာများအတွက် တတ်မြောက်သည့် သစ်တောပညာနဲ့ သင်ကြားနည်းတွေကို မပြတ်လေ့လာနိုင်ရေးအတွက် စွမ်းဆောင်ရည် မြှင့်ရာနေရာ၊ ရေ မြေရာသီဥတုအနေအထားအရ နေထိုင်ရေးအဆင်ပြေတဲ့ ပြင်ဦးလွင်(ပန်းမြို့တော်)လိုနေရာမှာ ကျောင်းဆရာဘဝနဲ့ ကွန်းခိုရာနေရာ၊ ကိုယ်တတ်တဲ့သစ်တောပညာတွေကို လက်ဆင့်ကမ်း ဖြန့်ဖြူးရာနေရာဖြစ်ပါတယ်၊ ၂၀၁၅ခုနှစ်၊ နိုဝင်ဘာလမှာဆိုရင်လည်း မြန်မာနိုင်ငံသစ်တောကျောင်းမှာ အပတ်စဉ်(၁၁၁)တက်ရောက်တဲ့ သင်တန်းသား(၉၄)ဦးဟာ သင်တန်း ဆင်းရပါမယ်၊ တက်ရောက်ကြတဲ့ သင်တန်းသား (သစ်တောဦးစီးဌာန၊ မြန်မာ့သစ်လုပ်ငန်း၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန)မှ တောခေါင်း/ချောင်းခေါင်း အဆင့်နဲ့ တက်ရောက်သွားသူတွေဟာ တောအုပ်/သစ်အုပ်ဖြစ်ပြီး ဌာနတွေမှာ တစ်ဆင့်မြင့်ရာထူးနဲ့ လုပ်ငန်းတွေဆောင်ရွက်ကြပါတော့မယ်။

ဒီလိုနဲ့ - - -မြန်မာနိုင်ငံသစ်တောကျောင်းက သင်တန်းဆရာများမှာတော့ သင်တန်းအပတ်စဉ်တစ်ခုပြီးဆုံးလို့ ပညာရေးဌာန ကျောင်းဆရာများလို နားရမည်တော့မဟုတ်ပါ၊ နောက်သင်တန်းတစ်ခုအတွက် သင်တန်းပိတ် အချိန်တိုလေးမှာ လိုအပ်တဲ့သင်ကြားရေး၊ စာအုပ်စာတမ်းများ၊ သင်ကြားရေးပစ္စည်းများ၊ ကျောင်းဆောင်၊ စာသင်ဆောင်များကိုအသင့်ဖြစ်နေအောင်ပြင်ရင်း နောက်သင်တန်းတစ်ခုဖွင့်ပါတယ်၊ မြန်မာနိုင်ငံသစ်တောကျောင်းကြီးဆိုတာ ဝန်ကြီးဌာနရဲ့ ဝန်ထမ်းကောင်းတွေကို စဉ်ဆက်မပြတ် မွေးထုတ်ပေးနိုင်ရေးပင်မဟုတ်ပါလား။

**(မြန်မာနိုင်ငံသစ်တောကျောင်းတွင် ကျောင်းဆရာဘဝ အမှတ်တရ၊ ကျောင်းဆရာများနှင့် မြန်မာနိုင်ငံသစ်တောကျောင်း အပါတ်စဉ်(၁၁၁) ကျောင်းဆင်းပွဲအား ဂုဏ်ပြုတင်ပြပါသည်။)**

ယောနကပိုးကျော်



# လွမ်းမိသယောင် မယ်ဟောင်ဆောင်သို့



ယခင်လမှအဆက်

မယ်ဟောင်ဆောင်မြို့သည် မြန်မာနိုင်ငံနှင့် အလှမ်းမဝေးသော မြို့ကလေးဖြစ်၍ မြန်မာအများစုအား ထိုမြို့ကလေးတွင် တွေ့ရှိနေရလေသည်။ ၎င်းတို့မှာ တရားမဝင် ဝင်ရောက်လာခြင်းဖြစ်၍ အလုပ်ကောင်းကောင်းမွန်မွန်တော့ မရရှိကြ၊ အဆောက်အအုံ ဆောက်လုပ်ရေး လုပ်ငန်းများတွင် လက်သမား၊ ပန်းရံလုပ်ရပြီးအုတ်သယ်၊ သဲသယ်အလုပ်များတွင် အများဆုံးတွေ့ရှိရလေသည်။ လယ်ယာလုပ်ငန်းနှင့် ခြံလုပ်ငန်းများတွင်လည်း တွေ့ရှိရပါသည်။ စတိုးဆိုင်ကြီးများတွင်လည်း မြန်မာယောကျ်ားလေး၊ မိန်းကလေးများကိုလည်းတွေ့ရ၏။ ဈေးဝယ်သွားလျှင် စတိုးဆိုင်ပိုင်ရှင်မှ မြန်မာမှန်းသိ၍ မြန်မာကလေးများဖြင့် ဈေးရောင်းစေ၍ ဈေးဝယ်ရတာ လွယ်ကူလှပါသည်။ စတိုးဆိုင်ကြီးများနည်းတူစားသောက်ဆိုင်ကြီးများတွင်လည်း ဝိတ်တာအဖြစ်တွေ့ရှိနေရပါသည်။ ပြည်တွင်းအလုပ်အကိုင် ရှားပါးမှုကြောင့် တစ်ဖက်နိုင်ငံသို့လာရောက်၍ မိဝေးဖဝေးဖြင့် အလုပ်လုပ်နေကြခြင်း ဖြစ်ပါသည်။ သို့ရာတွင် ၎င်းတို့မှာ လုပ်ခလစာအဖြစ် တစ်လလျှင် ယောကျ်ားလေး ဘတ်(၁၀၀၀) ရရှိပြီး၊ မိန်းကလေးများမှာ ဘတ်(၈၀၀)ခန့်သာရရှိကြပါသည်။ ထိုအချိန်က ထိုင်းလူမျိုးတစ်ဦး၏ နေ့စားခမှာ အနိမ့်ဆုံးဘတ်(၉၀)ခန့်ရှိပါသည်။ မြန်မာအဖွဲ့မှာ တရားမဝင်လာရောက်ကြခြင်းဖြစ်၍ ၎င်းတို့လုံခြုံရေး၊ နေထိုင်စရာနှင့် စရိတ်ငြိမ်း တာဝန်ယူသည်ဟုသိရှိခဲ့ရပါသည်။ အချို့လည်း လုပ်ခလစာများအား ချက်ချင်းမရှင်းသေးဘဲ အချိန်ကြာမှထုတ်ပေးခြင်း၊ အပြည့်အဝထုတ်ပေးခြင်း မရှိကြောင်းကိုလည်း သိရှိရပါသည်။ စတိုးဆိုင်၊ စားသောက်ဆိုင်အပြင် အိမ်ဖော်လုပ်ကိုင်နေသူများကိုလည်း တွေ့ရှိရပါသည်။ အိမ်ဖော်မှာမူ ပညာအမျိုးမျိုးအပြခံရသည့် လူတန်းစားဖြစ်နေပါသည်။ ထိုစဉ်ကပင် ထိုင်းရောက် မြန်မာသိန်းချီရှိနေပြီဖြစ်ကြောင်း သိရှိခဲ့ရပါသည် မိမိအနေဖြင့်လည်း စိတ်မကောင်းဖြစ်ရုံမှတစ်ပါး ဘာမှမတတ်နိုင်ပါ။

ကျွန်တော်တို့အဓိကပင်မလုပ်ငန်းဖြစ်သည့်အကောက်ရိုက်မှတ်ခြင်းလုပ်ငန်းအား မယ်ဟောင်ဆောင်တွင် နေခဲ့ရသည့် (၆)လတာအတွင်း (၄)ရက်ခန့်သာ တောလုပ်ငန်းလုပ်ဆောင်ခဲ့ရပါသည်။ ရုံးလုပ်ငန်းမှာလည်း လုပ်ရက်(၁)လခန့်နှင့် ပြီးစီးခဲ့ပါသည်။ အကောက်ရိုက်မှတ်ခြင်း ကျွန်း၊ သစ်မာ သစ်လုံးရေစုစုပေါင်း(၃၅၀၀)လုံး တိုင်းတာသည့်အလုပ်ဖြင့် လုပ်ငန်းပြီးဆုံးခဲ့ပါသည်။ ကုမ္ပဏီအနေဖြင့် သက်တမ်းတိုးရန် အစီအစဉ်ရှိသော်လည်း ၎င်းတို့သစ်ထုတ်ခွင့်ရရှိထားသည့် ဧရိယာတွင် သစ်မျိုးကောင်းမရှိခြင်း၊ ထုတ်လုပ်စရိတ်နှင့် အထွေထွေစရိတ်များပြားမှုကြောင့် အကျိုးအမြတ်နည်း၍ သက်တမ်းမတိုးတော့ကြောင်း သိရပါသည်။ ကုမ္ပဏီစာချုပ်သက်တမ်းမှာ(၂)နှစ်ဖြစ်ပြီး ပထမအသုတ် မခေါ်ယူမီ ပြင်ဆင်ကာလ(၄)လ၊ ပထမအဖွဲ့မှ (၁၄)လကြာ တာဝန်ထမ်းဆောင်ခဲ့၍ ကျွန်တော်တို့အဖွဲ့၏ သက်တမ်းမှာ(၆)လသာ ကျန်ရှိခဲ့ခြင်း ဖြစ်ပါသည်။

(၆)လသာ ကျန်ရှိသည့် သက်တမ်းမို့ကျွန်တော်တို့အဖွဲ့သည် တစ်လလျှင် ထောက်ပံ့ကြေးရရှိငွေ ဘတ်(၇၀၀၀)အား ကျစ်ကျစ်ပါအောင် စုထားကြလေသည်။ တစ်လလျှင် ထောက်ပံ့ငွေမှ(၁၀၀၀)ခန့် သုံးစွဲရလေသည်။ ထိုင်းနိုင်ငံတွင် ငွေဖြုန်းတီးရန် နေရာများအလွန်ပေါများပါသည်။ မယ်ဟောင်ဆောင်ကဲ့သို့သော တောမြို့တွင်ပင် ပျော်ပါးစရာနေရာများကို လွတ်လပ်စွာ ဖွင့်လှစ်ပေးထားပါသည်။ မယ်ဟောင်ဆောင်အနောက်ဘက်(၂)မိုင်ခန့်အကွာ တောင်ခြေရွာကလေးတွင် စားသောက်ဆိုင်၊ ကစားဝိုင်းနှင့် လိုတာအကုန်ရသည့်နေရာလေးဖြစ်ပါသည်။ မည်သို့ပင်ဆိုစေကာမူ ကျွန်တော်တို့အဖွဲ့မှာ လိမ္မာကြပါသည်။ ငွေကုန်ပေါက်မရှိအောင်နေကြပါသည်။ ကျွန်တော်တို့ရောက်စက သစ်လုပ်ငန်းမှ ကိုတင်မြင့်မှာ ဆံပင်ညှပ်သွားရာ ဘတ်(၂၀) ပေးခဲ့ရ၍ နှမြောတသဖြစ်နေလေသည်။ သူနှမြောနေပုံကိုကြည့်၍ နောက်ဆိုဆံပင်ညှပ်ခကုန်စရာ မလိုတော့ကြောင်း ကျွန်တော်ညှပ်ပေးမည်ပြော၍ လစဉ်ညှပ်ပေးခဲ့ရာ အပြင်ဆိုင်တွင် မည်သူမှသွားမညှပ်ကြတော့ပေ။ တစ်ဖွဲ့လုံးကို ကျွန်တော်မှ ဒိုင်ခံညှပ်ပေးရသည်။ ဆံပင်ညှပ်ခအဖြစ် အအေး(သို့)မုန့်တစ်ခုခု ကျွန်တော့်ကို လိုက်ကျွေးကြပါသည်။ ထို့ပြင်ထိုင်းနိုင်ငံတွင် နာမကျန်းဖြစ်ပါက ဆေးခန်းစရိတ်ကြီး၍ ကျန်းမာရေးကိုလည်း ဂရုစိုက်ရပါသည်။

အဖွဲ့မှတစ်ခုခု လိုက်ကျွေးလျှင် မယ်ဟောင်ဆောင်မြို့လယ်ရှိ ရေကန်နံဘေးမှ ဆိုင်ကလေးတွင် အအေးအမြဲသွားသောက်ဖြစ်ပါသည်။ ရှုခင်းလှသောနေရာလေး ဖြစ်ပါသည်။ ထို့ပြင် ညနေပိုင်းများတွင် ဤနေရာကလေးတွင် အထိုင်များခဲ့ပါသည်။ ထို့ပြင် ညနေပိုင်းအရောက်များသည့် နေရာလေးတစ်ခု ရှိခဲ့ပါသေးသည်။ မယ်ဟောင်ဆောင် လေယာဉ်ကွင်းကြီး ဖြစ်ပါသည်။ လေယာဉ်ကွင်းကြီးသည် မြို့၏အရှေ့မြောက်ဘက်တွင်တည်ရှိပြီး ကျွန်တော်တို့တည်းခိုသည့်အိမ်နှင့်နီးပါသည်။ လမ်းလျှောက်သွား၍ရပါသည်။ ကျွန်တော်တို့တည်းခိုသည့်အိမ်မှ ထွက်ခွာပြီး မယ်ဟောင်ဆောင် သစ်တောရုံးကိုကျော်လိုက်လျှင် လေယာဉ်ကွင်းကို ရောက်ပါသည်။ မယ်ဟောင်ဆောင်တွင် လေယာဉ်ကွင်းအား အားကစားလုပ်ခွင့်ပြုထားပါသည်။ ကျန်းမာရေးအတွက် လမ်းလျှောက်သူ၊ အပြေးလေ့ကျင့်သူများဖြင့် ညနေတိုင်း စည်ကားနေပါသည်။ ယောကျ်ား၊ မိန်းမ၊ ကလေး၊ လူကြီးအစုံပါဝင်ပါသည်။ နိုင်ငံတော်အဆင့် မာရသွန်အပြေးသမားတစ်ဦးကိုလည်း အမြဲလိုတွေ့ရပါသည်။ လေယာဉ်ကွင်းအလျားသည် (၂)မိုင်ခန့် ရှည်လျားပါသည်။ မာရသွန်အပြေးသမားသည် အသွား/အပြန် တစ်ရက်လျှင်(၅)ခေါက် ပြေးပါသည်။ ကျွန်တော်တို့အဖွဲ့မှာ အသွားအပြန်(၄)မိုင်ခန့်အားမောပန်းတကြီးဖြင့် ပြေးရပါသည်။ ကျွန်တော်တို့ အဖွဲ့ဆိုသည်မှာ ဝဏ္ဏဦးစောမျိုးလွင်၊ ကျွန်တော်နှင့် ကိုတင်ဝင်း(၃)ဦးသာဖြစ်ပါသည်။ ဝဏ္ဏဆိုသည်မှာ အဖွဲ့ခေါင်းဆောင်ဟု အဓိပ္ပါယ်ရပါသည်။ (၄)မိုင်ခန့်ပြေးလွှားပြီး အကြောလျှော့လိုက်လျှင် အင်မတန် နေလို့ထိုင်လို့ကောင်းသွားပါသည်။ အလုပ်နည်းပါး၍ မိုးသည်းစွာရွာသွန်းရက်မှလွဲ၍ ကျန်ရက်များတွင် ကျန်းမာရေးအတွက် လေယာဉ်ကွင်းတွင် ပြေးလွှားခြင်း ဆောင်ရွက်ခဲ့ရသည်က စိတ်ကျေနပ်စရာဖြစ်ခဲ့ပါသည်။

မယ်ဟောင်ဆောင် တောင်ပေါ်ဘုရားသို့လည်း မကြာခဏ ရောက်ဖြစ်ပါသည်။ တောင်ပေါ်တွင် အေးချမ်းသာယာပြီး ပုတီးစိပ်၍ အင်မတန်ကောင်းပါသည်။ ဘုရားရောက်တိုင်းလည်း အမိမြန်မာနိုင်ငံတော်ကြီးအား လွမ်းနေမိပါသည်။ ကျွန်တော်သည် မြန်မာပြည်မှသွားစဉ် ဆိုင်ကယ်မစီးတတ်ပါ။ ဆရာ ဦးစောမျိုးလွင် မှ သင်ကြားပေးမည်ဟုဆိုပြီး ကုမ္ပဏီမှ ပေးထားသည့် Super Cap ကလေးဖြင့် လူရှင်းသည့်နေရာတွင်သင်ကြားရာ ခဏနှင့်ပင်တတ်မြောက်ခဲ့ပြီး၊ မိမိမှလည်းတတ်ချင်ဇောကြီး၍ တစ်ပတ်ခန့်အတွင်း မယ်ဟောင်ဆောင်မြို့တွင်း/ မြို့ပြင် စီးနိုင်သည့်အဆင့်သို့ရောက်ရှိသွားပါသည်။ သို့ရာတွင် ထိုင်းနိုင်ငံမှာ လက်ဝဲကပ်မောင်းစနစ်ဖြစ်၍ သတိကြီးစွာထားရပါသည်။ ဆိုင်ကယ်အားနေလျှင် တောင်ပေါ်ဘုရားသို့ မရောက် ရောက်အောင်သွားရောက်ဖူးမျှော်လေ့ရှိပါသည်။ ကျွန်တော်တို့အဖွဲ့တွင် ကုမ္ပဏီဝန်ထမ်း ကိုမြင့်သိန်းအပါအဝင်(၁၁)ဦးရှိရာ ဆိုင်ကယ်တစ်စီးမှာ နားရသည်ကို မရှိတော့ပေ။ စကားများပြောတတ်ပါက "စိတ်ညစ်တယ်" ဟုပင် ငြီးညူရှာပေလိမ့်မည်။

မယ်ဟောင်ဆောင်တွင် နေရေး၊ ထိုင်ရေး၊ စားရေး၊ သောက်ရေး ကုမ္ပဏီမှပင် အစစတာဝန်ယူပါသည်။ သို့ရာတွင် နံနက်စောစာမကျွေးပါ၊ မိမိအစီအစဉ်ဖြင့် စားရပါသည်။ နေ့လယ်စာနှင့် ညစာကိုမူ ကုမ္ပဏီမှပင် ကျွေးမွေးပါသည်။ တစ်နေ့လျှင် (၂)ယောက်(၁)ဖွဲ့ဖြင့် ဈေးဝယ်ရပါသည်။ အဖွဲ့မှစားချင်သည့်ဟင်း ချက်ကျွေးရသလို မိမိကြိုက်သည့်ဟင်းကိုလည်း စီမံနိုင်ပါသည်။ ကျွန်တော်အလှည့်တွင် ယိုးဒယားဟင်းချို နှစ်သက်၍ အများဆုံးချက်ပါသည်။ ထမင်းဟင်းချက်ရန်နှင့် အဝတ်လျှော်ရန် မိန်းကလေး(၂)ဦးပေးထားပါသည်။ မြန်မာများနည်းတူ ထိုင်းများသည် ငရုပ်သီးအစပ် အလွန်စားကြပါသည်။ ၎င်းတို့(၂)ဦးထံမှ ထိုင်းစကားကိုလည်းသင်ယူခဲ့ရပါသည်။ (၆)လခန့်ကြာမြင့်သောအခါ ထမင်းစားရေသောက် ပြောတတ်ခဲ့ပါသည်။

ကျွန်တော်တို့ နေထိုင်ခဲ့သည့် အိမ်အကြောင်းအနည်းငယ် ပြောပြလိုပါသည်။ အိမ်ရှင်များမှာ ဝန်ထမ်းများဖြစ်ပါသည်။ အမျိုးသားမှာ တပ်ကြပ်ကြီးအဆင့်ရှိရဲတပ်ဖွဲ့ဝင်ဖြစ်ပြီး၊ အမျိုးသမီးမှာ ကျောင်းဆရာမဖြစ်ပါသည်။ ဆရာမသည် မူလတန်းပြဖြစ်သော်လည်း လစာဘတ်(၇၀၀၀)ရရှိ ပြီးအမျိုးသားလစာမှာ ဘတ်(၅၀၀၀)ကျော်ရကြောင်းသိရှိရပါသည်။ ထိုင်းနိုင်ငံတွင် ပညာရေးဝန်ထမ်းများအား လစာကောင်းကောင်းပေးထားသည်ဟုကြားသိခဲ့ရပါသည်။ ဝန်ထမ်းများ စွမ်းဆောင်ရည်တိုးစေရန် နှစ်တိုးများကိုလည်း ပင်စင်မယူမချင်း တိုးပေးသည်ဟု နားလည်ခဲ့ပါသည်။ ၎င်းတို့တွင် အလယ်တန်းအဆင့် ကျောင်းနေအရွယ် သမီး(၂)ဦးရှိပြီး တစ်ခြံထဲတွင် အိမ်(၂)လုံးရှိကာသေး၍ ငယ်သောအိမ်ကို ၎င်းတို့မိသားစုနေပြီး၊ အိမ်ကြီးအား ကုမ္ပဏီသို့ ငှါးရမ်းထားခြင်းဖြစ်ပါသည်။ လွန်ခဲ့သည့် (၂၅)နှစ်ခန့်က ရွှေဈေးသည် တစ်ဘတ်သား(တစ်ကျပ်သားခန့်)လျှင် ဘတ်(၄၀၀၀)ဈေးရှိ၍ လစာနှင့်ဝင်ငွေမျှတနေ၍ ၎င်းတို့မိသားစုကိုကြည့်ကာ စိတ်ကြည်နူးမိခဲ့ပါသည်။ ၎င်းတို့မိသားစု ပိုင်ဆိုင်မှုမှာ တိုက်၊ ကား၊ ဆိုင်ကယ်အပြည့်အစုံရှိကြပါသည်။

မယ်ဟောင်ဆောင်တွင် (၆)လခန့် နေထိုင်ခဲ့ပြီး ကုမ္ပဏီမှာ သက်တမ်းမတိုးတော့၍ စာချုပ်ကာလပြည့်မြောက်ကာ မြန်မာပြည်သို့ပြန်ရန် စီစဉ်ကြရပါသည်။ မြန်မာပြည်မပြန်မီ ထိုင်းနိုင်ငံတွင်းလည်ပတ်ခြင်း အစီအစဉ်ရှိပါသည်။ ကုမ္ပဏီမှပို့ဆောင်ပေးခြင်းဖြစ်ပါသည်။ ကျွန်တော်တို့အဖွဲ့မှာ မီနီဘတ်(အသေး)တစ်စီးစာရှိ၍ ကား(၁)စီးနှင့်ပင်လုံလောက်ပါသည်။ မယ်ဟောင်ဆောင်မှ ချင်းမိုင်သို့ ဦးတည်သွားလာပါသည်။ လမ်းခရီးတွင် အောင်မြင်နေသည့် ကျွန်းစိုက်ခင်းကြီးများကိုလည်း များစွာတွေ့ရှိရပါသည်။ ထို့ပြင် ထင်းရှူးစိုက်ခင်းများကိုလည်း ကြိုကြားကြိုကြားတွေ့ရှိ

ရပါသည်။ သဘာဝတောကြီးများကိုလည်း ဤဒေသတွင် တွေ့ရှိနိုင်သေး၍ Northern Thailand သို့ နိုင်ငံခြားခရီးသွားများ စိတ်ဝင်တစား လာရောက်ကြခြင်း ဖြစ်နိုင်သည်ဟု မှတ်ချက်ပြုမိပါသည်။ ထိုစဉ်ကပင် ထိုင်းနိုင်ငံတွင် ခရီးသွားလုပ်ငန်းသည် ကောင်းစွာအောင်မြင်နေပြီး နိုင်ငံခြားငွေများ စွာရရှိနေပြီဖြစ်ပါသည်။ မယ်ဟောင်ဆောင်မှ နံနက်ပိုင်းတွင် ထွက်ခွာပြီး မိုးမချုပ်မီ ဖင်းမယ်မြို့သို့ရောက်ရှိကာ လုံးတည်းအိမ်ကလေးများဖြင့် ဖွဲ့စည်းထားသည့်ဟိုတယ်တွင် တစ်ခန်း (၂)ယောက်နှုန်းနှင့်ပင်တည်းခိုခဲ့ရပါသည်။ ဖင်းမယ်မြို့သည် ဒုတိယမြို့တော်ဖြစ်ပြီး ရှေးမြို့ဟောင်းဖြစ်ခဲ့ပါသည်။ ညစာထမင်းအား ထိုင်းရိုးရာစားသောက်ဆိုင်ကြီးတွင် ကျွေးမွေးပါသည်။ စားပွဲဝိုင်းအနိမ့်ဖြင့် မြေအိုး၊ မြေခွက်ကလေးများဖြင့် တည်ခင်းသည့် ရိုးရာအစားသောက်များဖြစ်ပါသည်။ ဖျော်ဖြေရေး အစီအစဉ်လည်းပါပါသည်။ ထိုင်းရိုးရာ အက၊ အလှများဖြင့်ဖျော်ဖြေပြီး ပွဲသိမ်းတွင် စုပေါင်းကရသည့် အလှေအထဖြစ်ပါသည်။

နောက်တစ်နေ့ခရီးစဉ်မှာ မယ်ဆိုင်မြို့ ခရီးစဉ်ဖြစ်ပါသည်။ မယ်ဆိုင်မြို့မှ တာချီလိတ်မြို့သို့လည်း လိုက်ပို့ပေးပါသည်။ မြန်မာပြည်တွင်းမှ မရောက်ခဲ့ဖူးဘဲ ထိုင်းဘက်မှဝင်ခဲ့ရ၍ စိတ်ထဲမှတစ်မျိုးဖြစ်ခဲ့ရပါသည်။ မယ်ဆိုင်နှင့် တာချီလိတ်ကို ချစ်ကြည်ရေးတံတားဖြင့် ဆက်သွယ်ထားပြီး ထိုင်းနိုင်ငံနှင့် မြန်မာနိုင်ငံ၏ တိုးတက်မှုမှာကွာခြားနေကြောင်း မြို့ပြအဆောက်အအုံများကိုကြည့်၍ သိရှိခဲ့ရပါသည်။ တာချီလိတ်တွင်လည်ပတ်ပြီးအပြန် မယ်ဆိုင်တွင် အနွေးထည်များ ဈေးပေါသည်ဆို၍ မိသားစုအတွက် ဈေးဝယ်ကြပါသည်။ ထို့မှတစ်ဆင့် Golden Tringle သို့ပို့ဆောင်ပေးပါသည်။ ထိုနေရာတွင် အမှတ်တရပစ္စည်းများဝယ်ယူပြီး ဓာတ်ပုံများလည်း ရိုက်ခဲ့ကြရပါသည်။ Golden Tringle သည် ရှုခင်းသာယာလှပသောနေရာကလေးဖြစ်ပါသည်။ မဲခေါင်မြစ်ကြီးအား အပေါ်စီးမှ မြင်တွေ့ရပါသည်။ Golden Tringle မှအပြန် ဖင်းမယ်မြို့တွင်ပင် ညအိပ်ရပ်နားကြပါသည်။ နောက်တစ်နေ့နံနက်တွင် ဖင်းမယ်မြို့အနောက်ဘက်ရှိ ရွှေအပြည့်ကပ်လှူထားသည့် ဖင်းမယ်တောင်ပေါ်ဘုရားအား တက်ရောက်ဖူးမျှော်ခဲ့ရပါသည်။ ထို့မှအပြန်ရေတံခွန်နှင့်တောင်ကြားဥယျာဉ်ကြီးတစ်ခုနှင့် သစ်ခွခြံတို့ကိုလည်း ပို့ဆောင်ပေးခဲ့ပါသည်။ ဆက်လက်၍ အယုဒ္ဓယမြို့သို့ ဆက်လက်ထွက်ခွာခဲ့ပါသည်။ အယုဒ္ဓယမြို့သို့မရောက်မီ အဖွဲ့ခေါင်းဆောင်မှ အယုဒ္ဓယမြို့တွင် ဗမာစကားမပြောမိစေရန်၊ သတိဖြင့်သွားလာကြရန်လည်းမှာကြားထားပါသည်။ အယုဒ္ဓယမြို့သည် မြန်မာမုန်းသည့်မြို့ဖြစ်ကြောင်း၊ အလောင်းဘုရား အောင်ပွဲခံခဲ့စဉ်က အယုဒ္ဓယသားတို့အား ညှင်းပန်းနှိပ်စက်ခဲ့ခြင်းများ စေတီပုထိုးရုပ်ပွားတော်များပါမကျန် ဖျက်ဆီးခဲ့မှုများရှိ၍ ၎င်းတို့စိတ်ထဲတွင် အခဲမကြေဖြစ်နေကြောင်း သိရှိရပါသည်။ စေတီပုထိုးများကိုလည်း ပြင်ဆင်ခြင်းမရှိဘဲ နောင်လာနောက်သားများ ဇာတိမာန်တက်ကြွစေရန် တမင်ပြုပြင်မှုမလုပ်ဆောင်ကြောင်းကိုလည်း သိရှိရပါသည်။ ရှေးဟောင်းအယုဒ္ဓယမြို့တွင် နိုင်ငံခြားသားများကိုလည်း အများအပြားတွေ့ရှိရပါသည်။ နိုင်ငံခြားသားများအား ရာဇဝင်ရှင်းလင်းရာတွင် မြန်မာလူမျိုးများရိုင်းစိုင်း ရက်စက်ကြပုံများအား အသားပေးပြောကြားကြကြောင်း သိရှိခဲ့ရလေသည်။ အယုဒ္ဓယတွင် ကျောက်စိမ်း ဈေးကွက်ရှိပြီး မြန်မာပြည်ထွက် ကျောက်စိမ်းများဖြစ်ကြောင်း သိရှိခဲ့ရပါသည်။

အယုဒ္ဓယမြို့အား လည်ပတ်ပြီး ဘန်ကောက်မြို့သို့ ပြန်ကာ မူလတည်းခိုခဲ့သည့် Suda Palace ဟိုတယ်တွင်ပင် တည်းခိုရပါသည်။ နောက်တစ်နေ့တွင် ပတ္တရားကမ်းခြေသို့ ပို့ဆောင်ပေးပါသည်။ ပတ္တရားကမ်းခြေသည် သဲသောင်များ ကျဉ်းမြောင်းသော်လည်း ဘန်ကောက်နှင့်နီးပြီး သွားရေးလာရေးအဆင်ပြေ၍ အမြဲစည်ကားလျက်ရှိပါသည်။ ကမ်းခြေအနီးကြီးမားသည့် ဟိုတယ်ကြီးများကိုလည်း တွေ့ရှိခဲ့ရပါသည်။ ကျွန်တော်တို့အဖွဲ့သည် ကမ်းခြေတွင် ရေဝအောင်ချိုးပြီး ကော်ဖီသောက်ကာ ပြန်လာခဲ့ကြပါသည်။ ညနေပိုင်းတွင် မြဘုရားဖူးမျှော်လိုကြောင်း တောင်းဆို၍ နောက်တစ်ကြိမ်ဖူးမျှော်ဖြစ်ခဲ့ပါသေးသည်။

ကျွန်တော်တို့ တည်းခိုရာ Suda Palace အနီးတွင် ဖျော်ပွဲစားရုံ၊ စားသောက်ဆိုင်၊ မာဆတ်ခန်းများ ပြည့်နှက်လျက်ရှိပါသည်။ (၆)လစာစုဆောင်းငွေကလေးကို မထိရက်၊ မကိုင်ရက် ကျစ်ကျစ်ပါအောင်စုပြီး မြန်မာနိုင်ငံသို့ အပါယူရေးသာ အဓိကရှေ့ရှုခဲ့ကြပါသည်။ ဘန်ကောက်မြို့ကြီးရှိ နာမည်ကြီးနေရာများတွင် ငွေဖြုန်းတီးရန် စဉ်းတောင်မစဉ်းစားခဲ့၊ မသိသလို၊ မကြားသလိုဖြင့်ပင် နေထိုင်လာခဲ့ပါသည်။ သို့ရာတွင် အလာတုန်းကမတို့ရက်၊ မထိရက်ဖြစ်ခဲ့သော တည်းခိုခန်းအတွင်းရှိ ရေခဲသေတ္တာမှ စားသောက်စရာများကိုတော့ အကုန်စားသောက်ခဲ့တတ်ပါပြီ။ ထိုင်းနိုင်ငံအတွင်း (၆)လတာအချိန်များသည် လျင်မြန်စွာ ကုန်ဆုံးခဲ့ပါသည်။ မကြာမီ အမိနိုင်ငံတော်ကြီးသို့ ပြန်ကြရတော့မည် ဖြစ်ပါသည်။ နယ်စပ်ဒေသရှိသစ်များ ရောင်းရငွေများသည် နိုင်ငံတွင်လိုအပ်နေသည့် ဘဏ္ဍာငွေအား ဖြည့်ဆည်းပေးနိုင်မည်မှာတော့ သေချာပါသည်။ နိုင်ငံတော်၏ လိုအပ်ချက်များအား သဘာဝသယံဇာတ သစ်တောများသည် အချိန်ကာလမရွေး ဖြည့်ဆည်းပေးနေလျက်ရှိပါသည်။ ကျွန်တော်တို့အတွက်လည်း ဤခရီးစဉ်သည် တစ်သက်မှာတစ်ခါဆိုသလို မှတ်မှတ်ထင်ထင် သတိရစရာများရှိနေခဲ့ပါသည်။ (၆)လတာမျှ နေထိုင်ခဲ့ရသော မယ်ဟောင်ဆောင် ခရိုင်မြို့ကလေးကို နှစ်များစွာ ဖြတ်သန်းကျော်လွှားလာခဲ့သော်လည်း အမှတ်ရခြင်းများနှင့်အတူ **လွမ်းမိသယောင်** စိတ်ထဲမှအမြဲပေါ်ပေါက်လျက်ရှိနေပါတော့သည်။



# သဘာဝရဲ့ အင်အားအကောင်းဆုံးအဖွဲ့လိုက်လုပ်ဆောင်သူများထံမှ သင်ခန်းစာအချို့ရယူခြင်း

သူရစိုးမင်းထိုက်၊ တောအုပ်ကြီး

**(အင်ဒိုနီးရှားနိုင်ငံ Jakarta Globe ဂျာနယ် Web Page မှ ErikMeijaard ၏ What People Should Learn From Ants ဆောင်းပါးကိုမူရင်းဆောင်းပါးရှင်ခွင့်ပြုချက်ဖြင့် ဘာသာပြန်ဆိုပါသည်)**

နေ့တစ်နေ့၏နံနက်ခင်းတွင် အရှေ့ဘက်၌ ရောင်နီထွက်ပေါ်စပြုနေပါပြီ။ ကွန်ပျူတာရှေ့တွင် ကျောက်ချထိုင်နေမည့်အစား နေပူစာလှုံရန် ကျွန်ုပ်ဆုံးဖြတ်ခဲ့ပါသည်။ အတန်ကြာသော် နေပူစာလှုံခြင်းသည် ပျင်းစရာကောင်းလာပြီး ကျွန်ုပ်အာရုံသည် အခြားတစ်နေရာသို့ရောက်သွားခဲ့သည်။

ကျွန်ုပ်ရှေ့၌ ကြွေပြားတချို့ပေါ်တွင် ပုရွက်ဆိတ်တစ်အုပ်သည် အံ့ဩစရာကောင်းလောက်သောမြန်နှုန်းဖြင့် ပြေးလွှားနေကြပါသည်။ အခြားတစ်ကောင်နှင့်တွေ့ဆုံခိုက် လျင်မြန်စွာရပ်လိုက်ပြီး အခြားတစ်ဖက်သို့ ပြေးလွှားသွားကြပြန်သည်။ ဒါဟာပရမ်းပတာပြေးလွှားနေကြတာလို့ထင်နိုင်ပါသည်။ ဒါပေမယ့် ပုရွက်ဆိတ်အချို့နကျယ်ကောင်သေကို တွေ့သွားတဲ့အချိန်မှာတော့ သူတို့ဘာလုပ်နေကြလဲဆိုတာနားလည်လိုက်ပါသည်။

ပုရွက်ဆိတ်များသည် ၎င်းတို့အားလုံး၏ တူညီသောရည်ရွယ်ချက်ကို အကောင်အထည်ဖော်နိုင်ရန် အလွန်ချက်ချာပါးနပ်သော ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာမဟာဗျူဟာများရှိပါသည်။ သူတို့သည် ကြုံရာကျပမ်းပြေးလွှားနေခြင်းမဟုတ်ပါ။ နှစ်သန်းပေါင်းများစွာဆင့်ကဲပြောင်းလဲလာမှုနှင့်အတူ ပြုပြင်မွမ်းမံလာသောထိရောက်သည့် ရှာဖွေရေးလုပ်ငန်းစဉ်များတွင် ပါဝင်နေကြခြင်းဖြစ်ပါသည်။ သူတို့ပြေးလွှားနေစဉ် ရုတ်တရက်ရပ်တန့်လိုက်ခြင်းသည် တစ်ကောင်နှင့်တစ်ကောင် သတင်းမျှဝေပေးရန်ဖြစ်ပါသည်။

ပုရွက်ဆိတ်များသည် နကျယ်ကောင်သေကိုတွေ့သည့်အချိန်တွင် နကျယ်ကောင်သေပေါ်သို့ ပြုပြီးတက်မသွားသလို ဘေးကနေလည်း အခြားကောင်တွေအလုပ်လုပ်သလား/ မလုပ်သလားစောင့်ကြည့်မနေကြပါ။ ပုရွက်ဆိတ်လေးငါးကောင်ခန့်သာ နကျယ်ကောင်သေကို ရွှေ့ဖို့ကြိုးစားကြပါသည်။ ဒီငါးကောင်သာ အမှန်တကယ်လုပ်ဆောင်တဲ့သူတွေပါ။ တစ်ခါတစ်ရံ ပင်ပန်းနေသော ပုရွက်ဆိတ်များပါနေလျှင် တခြားသန်မာသောပုရွက်ဆိတ်တစ်ကောင်နှင့်အစားထိုးပါသည်။ **သို့သော် မလိုအပ်သည့် ပွဲကြည့်ပရိတ်သတ်များ၊ စောင့်ကြည့်ဝေဖန်သူများ မပါဝင်ကြပေ။ သူတို့အလုပ်သူတို့လုပ်သွားခြင်းသာဖြစ်သည်။**

ဒါဟာဆိုရင် အံ့ဩဖွယ်ထူးခြားသောအောင်မြင်မှုတစ်ခုပါ။ သူတို့ထက်အဆတစ်ရာခန့်ကြီးမားသော နကျယ်ကောင်ကို ၎င်းတို့အသိုက်ရှိရာသို့ သယ်ဆောင်ရင် ပုရွက်ဆိတ် အနည်းငယ်သာလိုအပ်ပါသည်။ သူတို့ရဲ့မြန်နှုန်းကလည်းအံ့မခန်းပါပဲ။ ခန့်မှန်းကြည့်သလောက် ၂.၅ မီလီမီတာ အရွယ်အစားရှိတဲ့ ပုရွက်ဆိတ်တစ်ကောင်သည် ၂၅ စင်တီမီတာရှိသော ကြွေပြားကို ၃ စက္ကန့်အတွင်းဖြတ်သွားနိုင်ပါသည်။ ဒါဟာတစ်မိနစ်တွင် ခန္ဓာကိုယ်အလျား (Body Length) ၂၀၀၀ ခန့် ပြေးလွှားနိုင်ခြင်းဖြစ်ပါသည်။ ကျွန်ုပ်ထိုကဲ့သို့ အစွမ်းရှိပါက မာရသွန်အပြေးပြိုင်ပွဲကို ၁၀ မိနစ်မျှနှင့် ပန်းဝင်နိုင်မည်ဖြစ်ပါသည်။

ဒီဖြစ်ရပ်တွင် မျိုးစိတ် ထိန်းသိမ်းရေးလုပ်ငန်းများတွင် ကျွန်ုပ်တို့အဖွဲ့အစည်းများအနေဖြင့် ပုရွက်ဆိတ်များကိုအတုယူသင့်သည့် အကြောင်းအရာများပါဝင်နေပါသည်။ ထို့ပြင် ပုရွက်ဆိတ်များကဲ့သို့ မစွမ်းဆောင်နိုင်ခြင်းသည် ထိန်းသိမ်းရေးလုပ်ငန်းစဉ်များမအောင်မြင်ခြင်း၏ အကြောင်းအရင်းများထဲမှ တစ်ခုဖြစ်ပါသည်။

ထိန်းသိမ်းရေးအဖွဲ့အစည်းများ၊ ပုဂ္ဂိုလ်များအနေဖြင့် ကြုံ၊ အော်

ရန်ဂူတန်ဝက်ဝံ(Orangutan)ကဲ့သို့ မျိုးစိတ်များထိန်းသိမ်းရန် ငွေကြေးအမြောက်အမြား အကူအညီပေးမည်ဆိုပါက ၎င်းကိစ္စကိုစုပြုံ၍ လုပ်ဆောင်ရန် ပြင်ဆင်လာကြပါသည်။ တစ်ဖွဲ့နှင့်တစ်ဖွဲ့အပြိုင်အဆိုင် ကြိုးစားကြရာ ငွေကြေးအကူအညီအားလုံးမဟုတ်ပဲ တချို့တစ်ဝက်စီခွဲဝေ လက်ခံရရှိကြပါသည်။ ထိုသို့ ငွေကြေးအကူအညီများ ခွဲဝေရရှိလာကြသောအခါ တူညီသောရည်ရွယ်ချက်များရှိသော်လည်း ကျွန်ုပ်တို့အဖွဲ့အစည်းများသည် ပုရွက်ဆိတ်များကဲ့သို့ ပူးပေါင်းဆောင်ရွက်ခြင်းများမပြုလုပ်ကြပေ။ ကိုယ်အဖွဲ့အစည်းနှင့်ကိုယ် သီးခြားလုပ်ဆောင်၍ ကျွန်ုပ်တို့ ရည်မှန်းချက် မအောင်မြင်သောအခါ စောဒကများစွာ တက်တတ်ကြပါသည်။

လက်တွေ့တွင် ပုရွက်ဆိတ်များနှင့် ကျွန်ုပ်တို့ ထိန်းသိမ်းရေးအဖွဲ့အစည်းများ အကြားကွာခြားချက်မှာ ကျွန်ုပ်တို့အဖွဲ့အစည်းများအနေဖြင့် အသက်ရှင်ရပ်တည်ရန် အောင်မြင်မှုမလိုအပ်ပေ။ပုရွက်ဆိတ်များအနေဖြင့် နကျယ်ကောင်ကိုမသယ်ဆောင်နိုင်ပါကအစားအစာငတ်ပြတ်၍ နောက်ဆုံးတွင် ပုရွက်ဆိတ်မျိုးရိုးပျက်သုဉ်းမည်ဖြစ်သော်လည်း ကျွန်ုပ်တို့ထိန်းသိမ်းရေးအဖွဲ့အစည်းများအနေဖြင့် ကျွန်ုပ်ထိန်းသိမ်းရန် လုပ်ဆောင်လျက်ရှိသော မျိုးစိတ်တစ်ခုမျိုးသုဉ်းသွားခြင်းသည် ကျွန်ုပ်တို့၏ အသက်ရှင်မှု၊ စားဝတ်နေရေးကိုထိခိုက်မှု မရှိနိုင်ပေ။ မျိုးစိတ်တစ်ခုဆုံးရှုံးသွားခြင်းကြောင့် ရပ်ဆိုင်းလိုက်ရသည့် အဖွဲ့အစည်းဘယ်နှစ်ခုရှိပါသလဲ။ တစ်ခုမှမရှိဟု ကျွန်ုပ်ထင်ပါသည်။

တချို့သော အသေးစား NGOများ၏ လုပ်ငန်းပျောက်ကွယ်သွားခြင်းသည် ၎င်းတို့ထက် အင်အားကြီးမားသော အဖွဲ့အစည်းများနှင့် ပူးပေါင်းသွားခြင်းဖြစ်ပြီး ၎င်းတို့၏ရည်ရွယ်ချက်ကို အတူတကွလုပ်ဆောင်လိုခြင်းထက် ငွေကြေးအကူအညီခွဲဝေရလိုမှုက ပိုနေပါသည်။

ပုရွက်ဆိတ်များနှင့် မတူညီသောအခြားတစ်ချက်မှာ ကျွန်ုပ်တို့၏ ထိန်းသိမ်းရေးလုပ်ရှားမှုများကို အောင်မြင်မှု၊ ကျရှုံးမှုများနှင့် မတိုင်းတာကြခြင်းဖြစ်ပါသည်။ အမှန်တကယ်တော့ ကျွန်ုပ်တို့ ကျရှုံးလေလေငွေရှာရပိုလွယ်လေလေဟုရံဖန်ရံခါတွေးမိပါသည်။ အောင်မြင်ခြင်း၊ မအောင်မြင်ခြင်းအပေါ် ဖိအားမရှိတော့ဘဲ ကျွန်ုပ်တို့သည် အထိန်းအကွပ်မဲ့လာပြီး ပိုမိုတစ်ကိုယ်ကောင်းဆန်လာကာ ကျွန်ုပ်တို့၏ မျိုးစိတ်ထိန်းသိမ်းရေးလုပ်ငန်းများထက် မိမိ၏အဖွဲ့အစည်းအတွက်သာ ပိုမိုတိုးတက်ကောင်းမွန်စွာ ထိန်းသိမ်းသွားရန် ပြိုင်ဆိုင်လုပ်ဆောင်လာကြပါသည်။

ကျွန်ုပ်တို့အားလုံး၏ တူညီသောဆန္ဒ၊ ရည်ရွယ်ချက်များကိုအကောင်အထည်ဖော်ရန် ပုရွက်ဆိတ်များထံမှ သင်ယူစရာအများကြီးရှိပါသည်။ ထိန်းသိမ်းရေးအဖွဲ့အစည်းများအနေဖြင့် အတူတကွလုပ်ဆောင်ပြီး မျိုးသုဉ်းရန် ခြိမ်းခြောက်မှုများကို ရှေ့တန်းတွင် အတူတကွတွန်းလှန်ပြီး၊ မူဝါဒများပြောင်းလဲရန် အတူတကွ တွန်းအားပေးမည်ဆိုပါကပိုမိုအကျိုးဖြစ်ထွန်းမည်ဖြစ်သည်။ ပူးပေါင်းဆောင်ရွက်ရာတွင်လည်း နိုင်ငံအတွင်း အဖွဲ့အစည်းတစ်ခုချင်းအနေဖြင့် ယှဉ်ပြိုင်မှုများရပ်တန့်ရန်လိုအပ်ပါသည်။ သို့သော် ပြည်တွင်းထိန်းသိမ်းရေးအဖွဲ့အစည်းအများစုသည် နိုင်ငံတကာတွင် ယှဉ်ပြိုင်လျက်ရှိသော အဖွဲ့အစည်းကြီးများ၏ အဖွဲ့ခွဲများဖြစ်သောကြောင့် ထိုသို့လုပ်ဆောင်ရန် ခက်ခဲပါလိမ့်မည်။ သို့သော် လက်ဆုပ်လက်ကိုင်ပြနိုင်သော ထိန်းသိမ်းရေးရလဒ်ရရှိနိုင်ပါမည်ဟု တာဝန်ယူဆောင်ရွက်ကြမည်ဆိုပါက အောင်မြင်နိုင်ပါသည်။ ထိန်းသိမ်းရေးလုပ်ငန်းများအနေဖြင့် ၎င်းတို့၏လုပ်ငန်းများ မအောင်မြင်လျှင် ငွေကြေးကူညီမှု ဖြတ်တောက်မည်ဆိုပါက အဖွဲ့အစည်းများအနေဖြင့် ရလဒ်ကို အဓိကထားလာကြမည်ဖြစ်ပြီး အမှန်တကယ် အောင်မြင်မှုရရှိရန် ပူးပေါင်းလာကြမည်ဖြစ်ပါသည်။

တိရစ္ဆာန်ဖြစ်သော ပုရွက်ဆိတ်တစ်သိုက်တောင်မှ နေ့စဉ် အောင်မြင်မှုများစွာရရှိနေလျှင် ကတိကဝတ်လိုက်နာတတ်သော၊ လိမ္မာပါးနပ်သော၊ ငွေကြေးပြည့်ဝသော၊ အသိဉာဏ်ပညာကြွယ်ဝသော ကျွန်ုပ်တို့လူ့အဖွဲ့အစည်းအနေဖြင့် ပိုမိုကောင်းမွန်သော ပတ်ဝန်းကျင်ထိန်းသိမ်းရေးရလဒ် အတွက် လုပ်ဆောင်နိုင်လိမ့်မည်ဟုထင်ပါသည်။ ပုရွက်ဆိတ်များကဲ့သို့ လုပ်နိုင်ပါ့မလား။ မလုပ်နိုင်ဘူးလား-------

" စိမ်းစို စေတနာ "

သင့်အတွက် ဒီညောင်ပင်

ကျုပ် ရှင်အောင် စိုက်ပျိုးထား

အညာနွေနေလေပတော့

သဟာဆွေလာလေ ဒီညောင်ရိပ်မှာ

အေးစိတ်ကိုယ် ခိုနားစေသော



ဦးတာခင် လဝ/ထည့်သွင်းမှု
အလှပြင်ဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊ ညောင်ဦးနိုင်





ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း မြန်မာနိုင်ငံသစ်တောကျောင်း၊ ကျွန်းရတနာခန်းမတွင် ကျောင်းဆင်းအောင်လက်မှတ်ချီးမြှင့်ပွဲ အခမ်းအနား၌ အမှာစကားပြောကြားစဉ်။ (၂၄-၁၁-၂၀၁၇)



ဒုတိယဝန်ကြီး ဦးအေးမြင့်မောင် မြန်မာနိုင်ငံ သစ်တောကျောင်း၊ ကျွန်းရတနာခန်းမတွင် ကျောင်းဆင်းအောင်လက်မှတ်ချီးမြှင့်ပွဲ အခမ်းအနား၌ ဆုရရှိသူ ကျောင်းသားတစ်ဦးအား ဆုချီးမြှင့်စဉ်။ (၂၄-၁၁-၂၀၁၇)



ဒုတိယဝန်ကြီး ဒေါက်တာသက်သက်ဇင် မြန်မာနိုင်ငံ သစ်တောကျောင်း၊ ကျွန်းရတနာခန်းမတွင် ကျောင်းဆင်းအောင်လက်မှတ်ချီးမြှင့်ပွဲ အခမ်းအနား၌ ဆုရရှိသူကျောင်းသားတစ်ဦးအား ဆုချီးမြှင့်စဉ်။ (၂၄-၁၁-၂၀၁၇)




ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း ချင်းပြည်နယ်ရှိ မြေပြိုဆည်များကြောင့်ဖြစ်ပေါ်လာနိုင်သည့်
ဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအလုပ်ရုံဆွေးနွေးပွဲတွင် အမှာစကားပြောကြားစဉ်။ (၁၁-၁၁-၂၀၁၅)




ဒုတိယဝန်ကြီး ဦးအေးမြင့်မောင် ညောင်ဦးမြို့နယ်အတွင်း စိုက်ပျိုးထားရှိသော အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးစိုက်ခင်းများအား
ကြည့်ရှုစစ်ဆေးစဉ်။ (၁၀-၁၁-၂၀၁၅)





ဒုတိယဝန်ကြီး ဦးအေးမြင့်မောင် "အာဆီယံ-ကိုရီးယား သစ်တောကဏ္ဍပူးပေါင်းဆောင်ရွက်မှု ဒေသအဆင့်လေ့ကျင့်ပညာပေးရေးသင်တန်း
ကျောင်းတည်ထောင်ခြင်း" စီမံကိန်း၏ သင်တန်းကျောင်းတည်ဆောက်ခြင်း၏ အုတ်မြစ်ချအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (၂၇-၁၁-၂၀၁၅)






ဒုတိယဝန်ကြီး ဒေါက်တာသက်သက်ဇင် စင်္ကာပူသမ္မတနိုင်ငံတွင် ကျင်းပသည့် ရေရှည်တည်တံ့သောဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာဖိုရမ်၏ အစည်းအဝေးတွင် ဆွေးနွေးပြောကြားစဉ်။ (၃-၁၁-၂၀၁၅)



ဒုတိယဝန်ကြီး ဒေါက်တာသက်သက်ဇင် နီပေါနိုင်ငံတွင် ကျင်းပပြုလုပ်သည့် အာရှနိုင်ငံအတွင်း စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်သော ပတ်ဝန်းကျင်ရရှိရေးအတွက် ပို့ဆောင်ရေးကဏ္ဍဆိုင်ရာ အစိုးရအချင်းချင်း နဝမအကြိမ်မြောက် ဒေသအဆင့်ဖိုရမ်သို့ တက်ရောက်စဉ်။ (၁၈-၁၁-၂၀၁၅)



ဒုတိယဝန်ကြီး ဒေါက်တာသက်သက်ဇင် မကွေးတိုင်းဒေသကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ရုံးအဆောက်အဦအသစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်စဉ်။ (၃၀-၁၁-၂၀၁၅)

## ဆာဖာရီဥယျာဉ် နေပြည်တော်တွင် သစ်ကုလားအုတ်ငယ် ၁ ကောင် မွေးဖွားခြင်း





မြန်မာနိုင်ငံရှိ ဆာဖာရီဥယျာဉ်(နေပြည်တော်)တွင် ထိုင်းနိုင်ငံ Thai Sawat ကုမ္ပဏီမှ ပေးပို့ရောက်ရှိခဲ့သော သစ်ကုလားအုတ်အမ(၃)ကောင်၊ အထီး(၂)ကောင် စုစုပေါင်း(၅)ကောင်မွေးမြူပြသထားရှိခဲ့ရာ အဆိုပါသစ်ကုလားအုတ်များမှ သစ်ကုလားအုတ်အထီး ထုံချိုင်း အသက်(၇)နှစ်(၆)လ နှင့် သစ်ကုလားအုတ်အမ တီဇာ(၁)သဲစု အသက်(၈)နှစ်(၈)လတို့က သစ်ကုလားအုတ်(အမ)ကလေးတစ်ကောင်ကို နိုဝင်ဘာလ ၈ ရက်နေ့ ည (၇)နာရီ (၁၂)မိနစ်က အောင်မြင်စွာ မွေးဖွားနိုင်ခဲ့ပါသည်။ သစ်ကုလားအုတ်အမ(သဲစု)နှင့် သစ်ကုလားအုတ်ကလေးငယ်လေးတို့သည် ကျန်းမာလျက်ရှိကြောင်း သိရှိရပါသည်။

## တိရစ္ဆာန်ဥယျာဉ် နေပြည်တော်သို့ ပန်ဒါနီအမ ၁ ကောင် ရောက်ရှိ ------

ကချင်ပြည်နယ်၊ ဗီမော်ဒေသ၊ ချီဖွေမြို့နယ်၊ တာဌေးပါ ကျေးရွာမှရွာသားများ ဖမ်းဆီးရမိခဲ့ပြီး ကချင်ပြည်နယ် ဖားကန့်အခြေစိုက်အမှတ်(၂၉၇) ခြေလျင်တပ်ရင်းမှတဆင့် ကချင်ပြည်နယ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနရုံးသို့ (၂၉-၁၀-၂၀၁၅)ရက်နေ့တွင် လာရောက်လှူဒါန်းပေးပို့ခဲ့သော ရှားပါးတိရစ္ဆာန် ပန်ဒါနီ(အမ)တစ်ကောင်ကို တိရစ္ဆာန်ဥယျာဉ်(ရတနာပုံ)အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့မှ(၃၁-၁၀-၂၀၁၅)ရက်နေ့တွင် မြစ်ကြီးနားမှ မန္တလေးမြို့သို့ လေကြောင်းခရီးဖြင့်သယ်ယူ၍ ည(၁၁)နာရီအချိန်တွင် တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်)သို့ ရောက်ရှိခဲ့သည်။

တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်)တွင် လက်ရှိပန်ဒါနီအထီး(၂)ကောင်၊ အမ(၁)ကောင်၊ စုစုပေါင်း(၃)ကောင်ပြသထားပါသည်။ ၄င်းပန်ဒါနီ အမအား လက်ရှိပန်ဒါနီများနှင့် ရောနှောထားခြင်းမရှိသေးဘဲ သီးသန့်ခန်းတွင် လက်ရှိပန်ဒါနီများနှင့် မြင်တွေ့နိုင်ပြီးရင်းနှီးမှုရရှိအောင် ဆောင်ရွက်ထားပါသည်။ ပန်ဒါနီအမသည် ကျွေးမွေးသည့်အစာအစားများကို ကောင်းမွန်စွာစားသောက်လျက် ကျန်းမာလန်းဆန်းလျက်ရှိပါကြောင်း သိရှိရပါသည်။





# အစိုးရများနှင့် ဌာနေတိုင်းရင်းသားလူမျိုးစုများပါဝင်၍ ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးလမ်းညွှန်ချက်များရေးဆွဲခြင်း



## CBD ၏ သတင်းထုတ်ပြန်ကြေညာမှုအား ဝန်းကျင်/သားငှက်ဌာနမှ ဆီလျော်အောင် ဘာသာပြန်ဆိုဖော်ပြပါသည်။

ဇီဝမျိုးစုံမျိုးကွဲများ ရေရှည်အသုံးပြုနိုင်ရန်အထောက်အကူပြုနိုင်သည့် မိရိုးဖလာ အသိပညာများအား တိုးမြှင့်အသုံးချရေးအတွက် နိုင်ငံအဆင့်ဆောင်ရွက်ရမည့် လုပ်ငန်းများအား အထောက်အကူပြုနိုင်သည့် လမ်းညွှန်ချက်များဖော်ထုတ်ရန် ကမ္ဘာအဝှမ်းမှ ဒေသခံပြည်သူများ၊ ဌာနေတိုင်းရင်းသားလူမျိုးစုများနှင့် အစိုးရအဖွဲ့အစည်းများသည် ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ပထမအပတ်အတွင်း ကနေဒါနိုင်ငံ မွန်ထရီရယ်မြို့တွင် တွေ့ဆုံခဲ့ကြပါသည်။

၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ(၄)ရက်နေ့မှ (၇)ရက်နေ့အထိကျင်းပခဲ့သည့် အဆိုပါ အစည်းအဝေးသည် Article 8 (j) \ Ad Hoc Open-ended Working Group နှင့် CDB ပြဋ္ဌာန်းချက်ဆိုင်ရာ (၉)ကြိမ်မြောက် အစည်းအဝေးဖြစ်ပြီးမိရိုးဖလာအသိပညာနှင့် သက်ဆိုင်သည့် အာအိချိ ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာရည်မှန်းချက် (၁၈) အောင်မြင်အောင် ဆောင်ရွက်ရန်နည်းလမ်းများ၊ မျိုးရိုးဗီဇအရင်းအမြစ်များသုံးစွဲရေးဆိုင်ရာ နာဂိုယာနောက်ဆက်တွဲစာချုပ်အား ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရန် အထောက်အကူပေးနိုင်မှုနှင့် မိရိုးဖလာအသိပညာအသုံးပြုမှုအတွက် သာတူညီမျှ အကျိုးခံစားခွင့်ရရှိရေးဆိုင်ရာကိစ္စများအား အဓိကထားဆွေးနွေးခဲ့ပါသည်။

နိုင်ငံတကာအဖွဲ့စည်းများ၊ ဌာနေတိုင်းရင်းသား လူမျိုးစုများနှင့် ဒေသခံပြည်သူများပါဝင်သည့် Article 8 (j) ဆိုင်ရာလုပ်ငန်းအဖွဲ့သည် ဇီဝမျိုးစုံမျိုးကွဲများရေရှည် အသုံးချနိုင်ရေးအား အထောက်အကူပြုနိုင်သော မိရိုးဖလာအသိပညာများအား တန်ဖိုးထားမှုမြှင့်တင်နိုင်သည့် နိုင်ငံအဆင့်လမ်းညွှန်ချက်များ ချမှတ်နိုင်ရေးနှင့် အဆိုပါလမ်းညွှန်ချက်များ ချမှတ်ရာတွင် ရိုးရာယဉ်ကျေးမှုများနှင့် မိရိုးဖလာ အသိပညာများအား ပြန်လည်ဖော်ထုတ်၍ ထည့်သွင်းစဉ်းစားဆောင်ရွက်နိုင်ရန် ဆွေးနွေးခဲ့ကြပါသည်။

ထို့အပြင် ၂၀၁၆ ခုနှစ် မေလတွင်ကျင်းပရန် စီစဉ်ထားသည့် Subsidiary Body အစည်းအဝေးတွင် တင်ပြနိုင်ရန် နိုင်ငံအဆင့် အကောင်အထည်ဖော် ဆောင်ရွက်နေသည့် Article 8 (j)နှင့် ဆက်စပ်နေသည့် ပြဋ္ဌာန်းချက်များအား CBD အတွင်းရေးမှူးချုပ်ရုံးမှ အကောင်အထည်ဖော်ဆောင်ရွက်နေမှုများနှင့် Article ၁၀(ခ)ဖြစ်သည့် ထုံးတမ်းအစဉ်အလာအရ ဇီဝမျိုးစုံမျိုးကွဲများရေရှည်တည်တံ့အောင် အသုံးပြုမှုနှင့် သက်ဆိုင်သည့် ကမ္ဘာလုံးဆိုင်ရာလုပ်ငန်းစီမံချက် အကောင်အထည်ဖော် ဆောင်ရွက်နေမှုများကိုလည်း ဆွေးနွေးခဲ့ကြပါသည်။


ယခုကျင်းပခဲ့သည့် အစည်းအဝေးသည် CBD အတွင်းရေးမှူးချုပ် ပါဝင်တက်ရောက်ခဲ့သည့် ၂၀၁၄ ခုနှစ် စက်တင်ဘာလတွင် နယူးယောက်မြို့၌ ကျင်းပခဲ့သော ဌာနေ

တိုင်းရင်းသားလူမျိုးစုများနှင့် ပတ်သက်သည့် ကမ္ဘာလုံးဆိုင်ရာညီလာခံမှ ဌာနေတိုင်းရင်းသား လူမျိုးစုများဆိုင်ရာ ရပိုင်ခွင့်နှင့် ပတ်သက်သည့် ကမ္ဘာ့ကုလသမဂ္ဂ ကြေညာချက်အား အကောင်အထည်ဖော်ရေးအတွက် လုပ်ငန်းစီမံချက်ချမှတ်ဆောင်ရွက်ရန် ဆုံးဖြတ်ခဲ့မှုအား အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ပါသည်။

ဩစတေးလျနိုင်ငံ၊ ဖင်လန်နိုင်ငံ၊ ဂျာမနီနိုင်ငံ၊ နယူးဇီလန်နိုင်ငံ၊ နော်ဝေနှင့် ဆွီဒင်နိုင်ငံတို့မှ ဒေသခံပြည်သူများ၊ ဌာနေတိုင်းရင်းသားလူမျိုးစုကိုယ်စားလှယ်များနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများမှ ကိုယ်စားလှယ်များ တက်ရောက်နိုင်ရန် ငွေကြေးထောက်ပံ့ပေးခဲ့ပါသည်။ CBD အဖွဲ့ဝင်နိုင်ငံများအနေဖြင့် ဌာနေတိုင်းရင်းသားလူမျိုးစုများနှင့် ဒေသခံပြည်သူများ၏ မိရိုးဖလာ အသိပညာများအား အထူးထည့်သွင်းစဉ်းစားသွားနိုင်ရန် လိုအပ်သည့် အာအိချိရည်မှန်းချက် ၁၈ အောင်မြင်ရေးအတွက် ၂၀၂၀ ခုနှစ်မတိုင်မီ အရေးကြီးလုပ်ငန်းအဖွဲ့များဖွဲ့၍ ဆောင်ရွက်ရပါမည်။ အစည်းအဝေး၏ ဆွေးနွေးချက်များအား မက္ကဆီကိုနိုင်ငံ၊ Can Cun မြို့တွင်၊ ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၄ ရက်မှ ၁၇ ရက်နေ့အထိကျင်းပမည့် အဖွဲ့ဝင်နိုင်ငံများ၏ ၁၃ ကြိမ်မြောက်အစည်းအဝေးတွင် ထပ်မံဆွေးနွေးသွားမည်ဖြစ်ပြီး ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းများအတွက် အသုံးပြုသွားမည်ဖြစ်ပါသည်။

CBD အား၁၉၉၂ ခုနှစ်၊ ရီယိုဒီဂျနေးရိုးမြို့တွင် ကျင်းပခဲ့သည့် မြေကမ္ဘာထိပ်သီးညီလာခံတွင် လက်မှတ်ရေးထိုးခဲ့ပြီး ၁၉၉၃ ခုနှစ်တွင် လုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့ပါသည်။ CBD ဆိုသည်မှာ ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေး၊ ဇီဝမျိုးစုံမျိုးကွဲများအား ရေရှည်စနစ်တကျသုံးစွဲရေးနှင့် မျိုးရိုးဗီဇအရင်းအမြစ်များ သုံးစွဲခြင်းမှရရှိလာသည့် အကျိုးကျေးဇူးများအား မျှတစွာခွဲဝေပေးခြင်းများ ဆောင်ရွက်ရန် အပြည်ပြည်ဆိုင်ရာသဘောတူချက် တစ်ခုဖြစ်ပါသည်။ယနေ့အထိ အဖွဲ့ဝင်နိုင်ငံပေါင်း ၁၉၆ နိုင်ငံမှ သဘောတူ လက်မှတ်ရေးထိုးပြီး ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိပါသည်။ CBD သည်လုပ်ငန်းရှင်များ၊ အမျိုးသမီးများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ လူငယ်များ၊ ဒေသခံပြည်သူများနှင့် ဌာနေတိုင်းရင်းသားလူမျိုးစုများ ပါဝင်သည့် ပူးပေါင်းဆောင်ရွက်မှုများ၊ ကောင်းမွန်သည့်ထိန်းသိမ်းရေးဆိုင်ရာ နည်းပညာများဖြန့်ဝေပေးခြင်း၊ သိပ္ပံနည်းကျအကဲဖြတ်ခြင်းလုပ်ငန်းများ၊ ရာသီဥတုပြောင်းလဲမှုကြောင့် ဇီဝမျိုးစုံမျိုးကွဲများအပေါ် ဖြစ်ပေါ်လာနိုင်သည့် ခြိမ်းခြောက်မှုများကို ဖြေရှင်းလျက်ရှိပါသည်။

ဇီဝလုံခြုံမှုဆိုင်ရာ ကာတာဂျီးနား နောက်ဆက်တွဲစာချုပ်နှင့် ၂၀၀၃ ခုနှစ်၊ စက်တင်ဘာလ (၁၁) ရက်နေ့တွင် စတင် အကျိုးဝင်ခဲ့သည့် ဇီဝအရင်းအမြစ်များသုံးစွဲမှုနှင့် အကျိုးအမြတ်ခွဲဝေခြင်းဆိုင်ရာ နာဂိုယာနောက်ဆက်တွဲစာချုပ်တို့သည် မျိုးရိုးဗီဇပြုပြင်ထားသည့် သက်ရှိများကြောင့် ဖြစ်ပေါ်လာနိုင်သည့် အန္တရာယ်များကို ကာကွယ်ပေးလျက်ရှိပါသည်။ ယနေ့အထိ ကာတာဂျီးနား နောက်ဆက်တွဲ စာချုပ်အား နိုင်ငံပေါင်း ၁၇၀ မှ သဘောတူလက်မှတ် ရေးထိုးပြီးဖြစ်ပါသည်။ နာဂိုယာ နောက်ဆက်တွဲစာချုပ်မှာ သင့်လျော်သည့် နည်းပညာများ ဖြန့်ဝေခြင်းနှင့် ဇီဝအရင်းအမြစ်များအား စနစ်တကျသုံးစွဲခြင်း အပါအဝင် ဇီဝအရင်းအမြစ်များအားသုံးစွဲခြင်းမှရရှိလာသည့် အကျိုးအမြတ်များအား ညီညွတ်မျှတစွာ ခွဲဝေပေးနိုင်ရန် ရည်ရွယ်ပါသည်။ ဤနောက်ဆက်တွဲစာချုပ်အား ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၁၂ ရက်နေ့တွင် စတင်အသုံးဝင်ခဲ့ပြီး နိုင်ငံပေါင်း ၆၈ နိုင်ငံမှ လက်မှတ်ရေးထိုးထားပြီးဖြစ်ပါသည်။ ကာတာဂျီးနား နောက်ဆက်တွဲစာချုပ်နှင့် နာဂိုယာနောက်ဆက်တွဲ စာချုပ်ဆိုင်ရာ သတင်းအချက်အလက်များအား ကမ္ဘာ့နိုင်ငံအသီးသီးမှ ပိုမိုစုံလင်စွာ အခမဲ့လေ့လာနိုင်ရေးအတွက် CBD မှ ၎င်း၏ အင်တာနက် စာမျက်နှာ www.cbd.int တွင် ဖော်ပြထားရှိသည်။



## "တောရိုင်းတိရစ္ဆာန်နှင့် သစ်တောအမှုများတွင် အဂတိလိုက်စားမှု၏ အခန်းကဏ္ဍ ( The Role of Corruption in Wildlife and Forest Crime)" ဆောင်းပါးအား လေ့လာတင်ပြခြင်း



၁။ The Role of Corruption in Wildlife and Forest Crime ဆောင်းပါးမှာ ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ (၂-၆) ရက်နေ့တွင် St. Petersburg မြို့၌ ကျင်းပခဲ့သည့် အဂတိလိုက်စားမှုဆန့်ကျင်ရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းအဖွဲ့ဝင် နိုင်ငံများ၏(၆)ကြိမ် မြောက်အစည်းအဝေးတွင် Environmental Investigation Agency (EIA)မှ တင်ပြခဲ့သည့် အကြောင်းအရာ အကျဉ်းချုပ်အဖြစ် အဂတိလိုက်စားမှု၊ တောရိုင်းတိရစ္ဆာန်နှင့် သစ်တောအမှုများ ဆက်နွယ်နေမှုများကို ဖော်ပြထားသည်ကို လေ့လာသိရှိရပါသည်။

၂။ အဂတိလိုက်စားမှုသည် တောရိုင်းတိရစ္ဆာန်နှင့်သစ်တောအမှုများ များပြားလာခြင်း၏ အဓိကအကြောင်းရင်းတစ်ခု ဖြစ်ပြီး တောရိုင်းတိရစ္ဆာန်နှင့်သစ်တောအမှုများတွင် အဂတိလိုက်စားမှုများကို အောက်ပါပုံစံများဖြင့် တွေ့ရှိရပါကြောင်း ဖော်ပြပါရှိပါသည်-

(က)မျိုးသုဉ်းပျောက်ကွယ်ရန် အန္တရာယ်ကျရောက်နေသော မျိုးစိတ်များစုဆောင်းရန်နှင့် သစ်တောများ ခုတ်လှဲရန်၊ တင်ပို့/တင်သွင်းရန်နှင့် ရောင်းချခွင့်ရရှိရန် လိုအပ်သောပါမစ်များကိုအတုပြုလုပ်ခြင်း၊

(ခ) ကျားနိုးပိုင်၊ ဆင်စွယ်နှင့်ပိတောက်သားဖြင့်ပြုလုပ်ထားသော ပရိဘောဂများစသည့်တန်ဖိုးကြီး တောရိုင်းတိရစ္ဆာန်နှင့် သစ်ထွက်ကုန်များကို အစိုးရအရာရှိများအား တံစိုးလက်ဆောင်အဖြစ်ပေးခြင်း၊

(ဂ) နယ်စပ်ရှိတရားဥပဒေစိုးမိုးရေးအရာရှိများကို တရားမဝင်တင်ပို့/တင်သွင်းမှုပြုနေသော ကုန်စည်များအား စစ်ဆေးမှုမပြုရန် လာဘ်ထိုးခြင်း၊

(ဃ)အစိုးရအရာရှိများမှ ၎င်းတို့နှင့်အချိတ်အဆက်ရှိသော မှောင်ခိုသမားများအားရှာဖွေစစ်ဆေးမှု မပြုမီကြိုတင်သတိပေးထားခြင်း၊

(င) သိုလှောင်ထားသော အစိုးရကုန်ပစ္စည်းများအတွင်းမှ ခိုးယူခြင်း၊

(စ) သံသယရှိသူတရားခံမှ ရုံးတင်စစ်ဆေးခြင်းကို ရှောင်လွှဲနိုင်ရန်အတွက် သက်သေအထောက်အထားများ စုဆောင်းခြင်းနှင့်တရားစွဲဆိုရန် အမှုပြင်ဆင်ခြင်းတို့ကို ရည်ရွယ်ချက်ရှိရှိဖြင့် နှောင့်နှေးစေရန်ပြုလုပ်ခြင်း၊

(ဆ)တရားစွဲဆိုခြင်းမှ ရှောင်ရှားနိုင်စေရန်အတွက် တရားစီရင်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်အဆင့်ဆင့်တွင် မသမာမှုများပြုလုပ်ခြင်း၊

(ဇ) ရာဇဝတ်သားများမ ထုက်ပြေးတိမ်းရှောင်ချိန်ရရှိရန် ကလိမ်ကကျစ်နည်းဖြင့် အာမခံဖြင့်အချုပ်မထုတ်ယခြင်း၊

အာရှကြောင်အရေခွံများအတွက် လာဘ်ထိုးခဲ့မှုများအပါအဝင် အခွန်များပေးဆောင်ခဲ့ပုံများနှင့် ပတ်သက်၍ ဝန်ခံပြောဆိုခဲ့မှုများရှိခဲ့ပါကြောင်း၊

- ၂၀၀၃ ခုနှစ်တွင် တိဘက်ကိုဖြတ်၍ မောင်းနှင်လာသောယာဉ်တစ်စီးကို စစ်ဆေးရာမှ ကျားအရေခွံ (၃၂)ခုနှင့် ကျားသစ်အရေခွံ(၅၈၁)ခုအပါအဝင် အာရှကြောင်အရေခွံများကို အစိုးရစာပို့သမားများထံမှ ငွေသားများနှင့်တကွ ဖမ်းဆီးရမိခဲ့သော်လည်း နောက်ကွယ်မှကြိုးကိုင်နေသူများအား ဖမ်းဆီးနိုင်ခဲ့ခြင်းမရှိခဲ့ပါကြောင်း၊
- ၂၀၀၅-၁၂ ခုနှစ်များအတွင်း တရုတ်နိုင်ငံ၊ Linxia မြို့၊ Gansu ပြည်နယ်ရှိ တရားမဝင်ကုန်သန်းရောင်းဝယ်မှု ကွန်ရက်အဖွဲ့ကို အမှတ်မထင် ဝင်ရောက်စစ်ဆေးခဲ့ရာ ကုန်သန်းရောင်းဝယ်သူတစ်ဦးမှ လျှပ်တစ်ပြက်စစ်ဆေးမှုများနှင့်ပတ်သက်၍ သစ်တောရုံးချုပ်ရှိ အသိမိတ်ဆွေတစ်ဦးထံမှ ကြိုတင်သတင်းပေးမှုများရှိခဲ့ကြောင်းနှင့် ဖမ်းဆီးခံရသည့် ပစ္စည်းများကိုအာဏာပိုင်များထံမှ ငွေကြေးဖြင့် ပြန်လည်ရွေးယူခဲ့ကြောင်း ထွက်ဆိုခဲ့မှုများရှိခဲ့ပါကြောင်း။







(ခ)ဆင်စွယ်များ

- နယ်စပ်ဖြတ်ကျော်၍ တရားမဝင်သွင်း/ထုတ်ကုန်များသယ်ယူနေမှုများ၏ အရင်းခံမှာ အဂတိလိုက်စားမှုကြောင့်ဖြစ်ပြီး ဆင်စွယ်များကို တရားမဝင်ကုန်သန်းရောင်းဝယ်မှု ကိစ္စရပ်အချို့တွင် ကုန်စည်များသယ်ပို့မှုကို ကြီးကြပ်ရသောအရာရှိများမှ လျှို့ဝှက်ပူးပေါင်းကြံစည်မှုများရှိနေပြီး တရားမဝင်ကုန်သန်းရောင်းဝယ်သူများမှ ကုန်သင်္ဘောများ ဖြတ်သန်းသွားလာခွင့်ရရှိရန်အတွက် ကြီးကြပ်ကွပ်ကဲသည့် အရာရှိများသို့ပေးဆောင်ရသည့် ငွေကြေးပမာဏကို ထုတ်ဖော်ပြောကြားမှုများ ရှိခဲ့ပါကြောင်း၊
- EIA ၏စုံစမ်းစစ်ဆေးမှုများအရ အရှေ့အာဖရိကရှိဆင်စွယ်များ ဖြတ်သန်းကုန်သွယ်ရာ အဓိကဆိပ်ကမ်းများတွင် တရားဥပဒေစိုးမိုးရေးအရာရှိများနှင့် တရားမဝင်ကုန်သွယ်သူများကြား အကျိုးတူပူးပေါင်းမှုများရှိနေသည်ကို စစ်ဆေးတွေ့ရှိခဲ့ရပါကြောင်း၊ အဆိုပါအရာရှိများကို ဖမ်းဆီးစုံစမ်းစစ်ဆေးခြင်းသည် ထိုသို့ အကျိုးတူပူးပေါင်းမှုများကို တိုက်ဖျက်ရန် အကောင်းဆုံးနည်းလမ်းဖြစ်ပါကြောင်း။

(ဂ) **သစ်တောများ**

- အင်ဒိုနီးရှားနိုင်ငံတွင် လွန်ခဲ့သောဆယ်စုနှစ်အတွင်း သစ်တောများကိုတရားမဝင် ခုတ်လှဲခြင်းကြောင့် အမေရိကန်ဒေါ်လာ သန်း၉ထောင်ဆုံးရှုံးခဲ့ရပြီး အဆိုပါကိစ္စရပ်မှာ အဂတိလိုက်စားမှုနှင့် အဓိကဆက်နွယ်နေပါကြောင်း၊
- ၂၀၁၀ ခုနှစ်တွင် ဖော်ထုတ်နိုင်ခဲ့သည့် အဂတိလိုက်စားမှု ဥပမာတစ်ခုမှာခွင့်ပြုချက်မရှိဘဲ သစ်ထုတ်ယူခဲ့

သည့် အင်ဒိုနီးရှားကုမ္ပဏီတစ်ခုမှ အထွေထွေမန်နေဂျာသည် အမှုစတင်စုံစမ်းစစ်ဆေးချိန်တွင် ပြည်နယ်ရဲ အရာရှိများကိုလာဘ်ထိုးရန်အတွက်အမေရိကန်ဒေါ်လာ ၄၅,၀၀၀ လွှဲပြောင်းပေးရန် ဂျာကာတာရုံးချုပ်သို့ အကြောင်းကြားခဲ့ပြီး ငွေလွှဲပြောင်းခဲ့သည့် ဘဏ်စာရင်းများကိုဖော်ထုတ်နိုင်ခဲ့ပါကြောင်း၊

- ရဲအရာရှိတစ်ဦးပါဝင်ပတ်သက်နေသော Paupa မြို့တွင် ဖြစ်ပွားခဲ့သော အဂတိလိုက်စားမှု အမှုတစ်ခုတွင် ရဲအရာရှိ၏ ဘဏ်စာရင်းထဲသို့ မှောင်ခိုသမားများမှ အမေရိကန်ဒေါ်လာသန်း ၁၀၀ ကျော်လွှဲပြောင်းထားသည်ကို စစ်ဆေးတွေ့ရှိရပြီး တရားမဝင်သစ်ခိုးထုတ်မှု၊ လောင်စာများ မှောင်ခိုရောင်းဝယ်မှုနှင့်ငွေလွှဲပြောင်း လက်ခံရရှိမှုပြစ်မှုများဖြင့် ဖမ်းဆီးအရေးယူခဲ့သော်လည်းအဂတိလိုက်စားမှုအတွက် သီးခြားအရေးယူခဲ့ခြင်းမရှိခဲ့ပါကြောင်း၊
- ဆုံးဖြတ်ချက်ချမှတ်ခြင်း ကိစ္စရပ်များတွင် ပွင့်လင်းမြင်သာမှုနှင့် တာဝန်ယူမှု၊ လူမှုရေးအဖွဲ့အစည်းများအား ပူးပေါင်းပါဝင်စေမှုသည် အဂတိလိုက်စားမှုကိုလျှော့ချနိုင်စေမည့် အခွင့်အရေးများဖြစ်ပြီး Forest Law Enforcement Governance of Trade (FLEGT) သည် သစ်ထွက်ရှိသည့်နိုင်ငံများမှ ဥရောပသို့ သစ်များ တရားဝင်တင်ပို့ခွင့်ရရှိနိုင်စေမည့် ဆက်စပ်ပတ်သက်သူများအားလုံးကို ဆုံးဖြတ်ချက်ချမှတ်ခြင်း ကိစ္စရပ်များတွင် ပူးပေါင်းပါဝင်လာနိုင်စေသည့် နည်းစနစ်တစ်ခုဖြစ်ပါကြောင်း၊

၄။ တောရိုင်းတိရစ္ဆာန်များ တရားမဝင်ကူးသန်းရောင်းဝယ်မှုများတွင် အဂတိလိုက်စားမှုများနှင့် ဆက်စပ်နေသည့်အမှုအမြောက်အမြားရှိပြီး မျိုးသုဉ်းရန်အန္တရာယ်ကျရောက်နေသော အာရှကြောင်ကြီးမျိုးနွယ်ဝင်များ၏ အရေခွံများ၊ ဆင်စွယ်များကို အစိုးရအရာရှိများအတွက် တံစိုးလက်ဆောင်ပစ္စည်းများအဖြစ် အသုံးပြုကြကြောင်းနှင့် တရုတ်နိုင်ငံရှိ အဂတိလိုက်စားမှုအများအပြားတွင် တံစိုးလက်ဆောင်များအဖြစ် ငွေသားများ၊ ကျားအရေခွံများ၊ ပိတောက်သားပရိဘောဂများ၊ အင်းကျားအရေခွံများ၊ ရွှေနှင့်ဆင်စွယ်များကို အသုံးပြုလျက်ရှိသည်ကို တွေ့ရှိရပါကြောင်းအား ရေးသားဖော်ပြထားခြင်းကို လေ့လာသိရှိရပါသည်။

၅။ သို့ဖြစ်ပါ၍ အစိုးရအဖွဲ့အစည်းများမှ တောရိုင်းတိရစ္ဆာန်နှင့် ၎င်းတို့၏ အစိတ်အပိုင်းများအားဝယ်ယူခြင်း၊ တံစိုးလက်ဆောင်အဖြစ်လက်ခံခြင်းနှင့် ရယူခြင်းများအတွက် တင်းကြပ်သော အရေးယူဆောင်ရွက်မှုများ ပြုလုပ်ရမည်ဖြစ်ကြောင်း ဖော်ပြထားခြင်းကို လေ့လာတင်ပြထားပါကြောင်း သိရှိဖော်ပြအပ်ပါသည်။

## အမျိုးသားဥယျာဉ်နှင့် ဘေးမဲ့တောများအတွင်း ရှောင်ကြဉ်ရမည့် အချက်များ




စခန်းချနေရာတွင် သာချက်ပြုတ်ရန်၊ မီးကြွင်းမထားရန်၊လောင်စာချွေတာရန်နှင့် တောမီးအန္တရာယ်မှ ကာကွယ်ရန်လိုအပ်ပါသည်။



သက်ရှိသက်မဲ့ သဘာဝ အရင်းအမြစ်များအား စုဆောင်းခြင်းသည် အဖိုးတန်သဘာဝ အရင်းမြစ်များ မျိုးသုဉ်းပျောက်ကွယ်နိုင်ခြင်းနှင့် သဘာဝဖြစ်စဉ်ပျက်စီးခြင်းများဖြစ်နိုင်သောကြောင့် စုဆောင်းခွင့် မပြုရန်တားမြစ်ထားပါသည်။

## အီးအမ်ဘိုကာရှိမြေဆွေး ပြုလုပ်သုံးစွဲနည်း

သိမှတ်ဖွယ်ရာကဏ္ဍ

## (Method of Making EM BOKASHI)



### အီးအမ်ဘိုကာရှိမြေဆွေးပြုလုပ်သုံးစွဲနည်း
(Method of Making EM BOKASHI)

ဘိုကာရှိ (BOKASHI)ဆိုသည်မှာ အီးအမ်(EM)ကို လယ်ယာထွက်စွန့်ပစ်ပစ္စည်းများ၊ တိရစ္ဆာန်ချေးများနှင့် စနစ်တကျရောနှောပြီး မွေးမြူခြင်းဖြင့် ရရှိလာသော မြေဆွေးဖြစ်သည်။ လယ်ယာထွက်ပစ္စည်းများဖြစ်သည့် ကောက်ရိုး၊ ပဲမှော်၊ ပဲရိုး၊ ပြောင်းရိုး၊ မြက်စို၊ မြက်ခြောက်၊ ဖွဲ၊ သစ်ရွက်ဆွေး၊ အမှိုက်ဆွေး စသည်တို့နှင့် တိရစ္ဆာန်ချေး၊ တင်လဲရည်၊ ရေနှင့်အီးအမ်(EM)ဖျော်ရည်တို့ကို ရောမွှေ မွေးမြူခြင်းဖြင့် တစ်ပတ်၊နှစ်ပတ်ခန့်အတွင်း ဘိုကာရှိ မြေဆွေးရရှိပါသည်။

ဘိုကာရှိမြေဆွေးနှင့် ရိုးရိုးမြေဆွေးကွာခြားချက်မှာ ဘိုကာရှိမြေဆွေးတွင် လယ်ယာထွက်စွန့်ပစ်ပစ္စည်းများကို အမြန်ဆွေးမြေ့စေပြီး မြေဆီဩဇာထက်သန်စေသော အကျိုးပြုအဏုဇီဝများ အီးအမ်(EM)ပိုမိုပါဝင်ခြင်းဖြစ်သည်။

### ရိုးရိုးအီးအမ်ဘိုကာရှိမြေဆွေးပြုလုပ်နည်း
(Method of Making Traditional EM BOKASHI)

(၁) **အရိပ်အောက်တွင် အီးအမ်ဘိုကာရှိမြေဆွေး ပုံပြုလုပ်နည်း**

- စည်ပိုင်းပြတ်ထဲသို့ ရေဂါလံ(၂၀)ထည့်ပါ။
- အသင့်သုံးအီးအမ်(EM)ဖျော်ရည် နို့ဆီခွက်(၃)ခွက်နှင့် တင်လဲရည်(၃)ခွက် လောင်းထည့်၍ တုတ်ဖြင့်မွှေပါ။ (နို့ဆီခွက်(၃)ခွက် = ၁လီတာ)
- အရိပ်အောက်တွင် လယ်ယာစွန့်ပစ်ပစ္စည်းများကို အလျား(၆)ပေ၊ အနံ(၃)ပေ၊ ထု(၆လက်မ)ရှိအောင် တစ်လွှာပုံပါ။
- လယ်ယာထွက်စွန့်ပစ်ပစ္စည်းများ တစ်လွှာချင်းပေါ်တွင် ရေရောစပ်ပြီး အီးအမ်(EM)ဖျော်ရည်(၃)ဂါလံကို ဖျန်းပေးရပါမည်။
- နွားချေးနှင့်ဖွဲနုရောပြီး (၈)ပြည်ထပ်၍ဖြူးပါ။
- ဤကဲ့သို့ အလွှာခြောက်လွှာထိ ထပ်၍ပုံပါ။
- အပေါ်မှ ပလတ်စတစ်ဖြင့်လုံအောင်ဖုံးပါ။ (သို့)စွန့်ပစ်ပစ္စည်းတစ်ခုခုဖြင့် လုံအောင်ထူထူဖုံးပါ။
- (၄-၅)ရက်ကြာလျှင် မြေဆွေးပုံအတွင်း လက်ဖြင့်စမ်းကြည့်၍ တအားပူနေလျှင် အထပ်အောက်လှန်ပေးပါ။ ခြောက်နေလျှင်ရေဖျန်းပေးပါ။
- အဖြူရောင်မှိုမျှင်များတွေ့လျှင် ဆွေးမြေ့နေကြောင်း သိရှိနိုင်ပါသည်။
- (၇-၁၀)ရက်အကြာ တစ်ဝက်တစ်ပျက်ဆွေးမြေ့နေသည့် အခြေအနေ၌ပင် စတင်သုံးစွဲနိုင်ပါသည်။
- တစ်ဧကအတွက် (၈ပုံ=၂တန်)မှ (၂၀ပုံ=၅တန်)သုံးပါ.
- စိုက်ထယ်ရေးပြင်ချိန်တွင် ဖြန့်ထည့်၍ အသုံးပြုနိုင်ပါသည်။
- နှစ်ရှည်ပင်၊ ဟင်းသီးဟင်းရွက်နှင့်ဥယျာဉ်ခြံသီးနှံပင်များတွင် အစိုဓာတ်ရှိချိန်၌ အပင်ခြေတွင်ထည့်၍ မြေဖုံးပြီး သုံးပါ။

(၂) **ကျေးရွာစွန့်ပစ်အမှိုက် လယ်ယာမြေ အဖိုးတန်ရတနာ သိုက်ပြုလုပ်နည်း**

- သင့်တော်သောနေရာတွင် အလျား(၆)ပေ၊အနံ(၃)ပေ၊ အနက်(၆)ပေ ကျင်းတူးပါ။
- ကျင်းထဲသို့ စွန့်ပစ်အမှိုက်များကို(၁)ပေထု ဖြန့်ခင်းပါ။
- အီးအမ်(EM)ဖျော်ရည်ကို တစ်လွှာလျှင်(၃)ဂါလံနှုန်းဖျန်းပါ။
- နွားချေး(၄)ပြည် ညီညာစွာဖြူးပေးပါ။
- ယင်းသို့ အလွှာလိုက်ကျင်းပြည့်သည်အထိ ပြုလုပ်ပါ။
- ဆွေးမြေ့လာသည်နှင့်အမျှ မျက်နှာပြင်နိမ့်ဆင်းသွားပါသည်။
- နိမ့်သွားပါက ကျင်းပြည့်အောင်ပြန်ဖြည့်ပါ။
- သီးနှံများစိုက်ချိန်တွင် ထုတ်ယူသုံးစွဲနိုင်ပါသည်။
- မိုးကျလျှင် ရေမဝင်စေရန် အမိုး မိုးပေးပါ။
- တစ်ဧကအတွက် ကျင်း(၅)ကျင်း လိုပါသည်။

(၃)**နှစ်ရှည်ပင်၊ ဟင်းသီးဟင်းရွက်နှင့် ဥယျာဉ်ခြံသီးနှံ များတွင် အီးအမ်ဘိုကာရှိသုံးစွဲနည်း**

- စိုက်ခင်းအတွင်းမှ ပေါင်းများကိုရှင်းပါ။ ရရှိသည့် ပေါင်းများကို အပင်ခြေတွင်ပုံပါ။ အပုံပေါ်တွင်အီးအမ်(EM) ဖျော်ရည်ဖျန်းပါ။ မြေဖုံးပါ။ (ဖျော်ရည်ဖျန်းပြီး နွားချေးမှုန့်ဖြူးပေးလျှင် ပိုကောင်းပါသည်။)
- ပေါင်းရှင်းသည့်အခါတိုင်း အထက်ပါနည်းဖြင့် အပင်ခြေတွင် ထပ်မံ၍ပုံပေးပါ။




သဘာဝအရင်းအမြစ်များအား ထိန်းသိမ်းကာကွယ်ခြင်းသည် မြန်မာနိုင်ငံတွင် အစိုးရမူဝါဒ၏ လုပ်ငန်းတစ်ခုအဖြစ်ရှိနေသည်မှာ ရာစုနှစ်တစ်ခုနီးပါးဖြစ်ပါသည်။ ပထမဦးဆုံးသဘာဝနယ်မြေကို ၁၉၂၀ ခုနှစ်တွင် တည်ထောင်ခဲ့ပါသည်။ ရှေးနှစ်ပေါင်းများစွာကပင် ရေရှည်အုပ်ချုပ်လုပ်ကိုင်မှုစီမံချက်များကိုအသုံးပြု၍ သစ်ထုတ်လုပ်ခြင်းကို ဆောင်ရွက်ခဲ့ပါသည်။ စနစ်တကျ ထိန်းသိမ်းကာကွယ်ခြင်းသည် ၁၉၈၀ ခုနှစ်များအစောပိုင်းကာလတွင် အစပြုခဲ့ပါသည်။ မြန်မာနိုင်ငံအစိုးရနှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်(United Nations Development Program-UNDP)တို့ပူးပေါင်း၍ ၁၉၈၁ နှင့် ၁၉၈၄ ခုနှစ်တို့အတွင်း သဘာဝထိန်းသိမ်းကာကွယ်ရေးနှင့် အမျိုးသားဥယျာဉ်များစီမံကိန်း(Nature Conservation National Park Project-NCNPP)ကို ပူးပေါင်းဆောင်ရွက်ခဲ့ပါသည်။ NCNPP ကာလအတွင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန (Ministry of Environmental Conservation and Forestry-MOECAF) သစ်တောဦးစီးဌာနအောက်တွင် သဘာဝဝန်းကျင်နှင့် သားငှက်တိရစ္ဆာန် ထိန်းသိမ်းရေးဌာန (Nature and Wildlife Conservation Division-NWCD)ကို တည်ထောင်ခဲ့ပြီး NWCD သည် သဘာဝနယ်မြေများနှင့် ဇီဝမျိုးစုံမျိုးကွဲများထိန်းသိမ်းရေးကို တာဝန်ယူဆောင်ရွက်လျက်ရှိပါသည်။ NCNPP မှစ၍ သဘာဝနယ်မြေများ တည်ထောင်မှု တိုးမြင့်လာခဲ့ပါသည်။ ၁၉၉၆ ခုနှစ်မတိုင်မီအချိန်အထိ သဘာဝနယ်မြေများသည် နိုင်ငံဧရိယာ၏ (၁)ရာခိုင်နှုန်းအောက်တွင်သာရှိပြီး အရွယ်အစားအားဖြင့် ၀.၄၇ မှ ၂.၁၅၀ စတုရန်း ကီလိုမီတာအထိ အမျိုးမျိုးရှိပါသည်။ ၁၉၉၀ ခုနှစ်များ အလယ်ခန့်မှစ၍ သဘာဝနယ်မြေများ တည်ထောင်ခြင်းကို မျိုးစိတ်များထိန်းသိမ်းရန်ထက် နေရာဒေသတစ်ခုလုံး၏ ဂေဟစနစ်နှင့် နေရင်းဒေသများကို ထိန်းသိမ်းရန် ပြောင်းလဲအာရုံစိုက်လာခဲ့ပါသည်။ ၁၉၉၆ နှင့် ၂၀၁၄ ခုနှစ်အတွင်း သဘာဝနယ်မြေ(၁၅)ခုကို တိုးချဲ့တည်ထောင်နိုင်ခဲ့ပြီး မြန်မာနိုင်ငံ၏ သဘာဝနယ်မြေဖုံးလွှမ်းမှုသည် စတုရန်းကီလိုမီတာ ၃၈,၀၀၀ ကျော်ရှိလာခဲ့ပေသည်။


ကြိုးဝိုင်းတော(ထုတ်လုပ်ရေး)နှင့် ကြိုးပြင်ကာကွယ်တော(ဒေသခံပြည်သူအခြေခံလိုအပ်ချက်ထောက်ပံ့ပေးရေး)တို့ကိုအမြဲတမ်းသစ်တောနယ်မြေ(Permanent Forest Estate-PFE)ဟု သတ်မှတ်ထားပြီး သစ်တောဦးစီးဌာန၏ စီမံခန့်ခွဲမှုအောက်တွင်ရှိပါသည်။ လက်ရှိတွင် နိုင်ငံ့ကုန်းမြေဧရိယာ၏ ၂၄ %ခန့်ရှိသည့် ဟက်တာသန်း(၁၆)ကျော်ရှိပါသည်။ ထို့အပြင်နိုင်ငံ့ကုန်းမြေဧရိယာ၏ ၅. ၇၅% ခန့်ရှိသည့် သဘာဝနယ်မြေ(ထိန်းသိမ်းကာကွယ်ရေး)(၃၉)ခုလည်းရှိပြီး အချို့မှာ PFE များတွင်ကျရောက်ပါသည်။ PFE နှင့်သဘာဝနယ်မြေများ ပြင်ပရှိသစ်တောများသည်လည်း နိုင်ငံပိုင်ဖြစ်ပြီး အပတောဟုရည်ညွှန်းပါသည်။ အပတောများရှိမြေများကို နိုင်ငံတော်မှ အခြားအသုံးချမှုများအတွက် အသုံးပြုနိုင်သော်လည်း သစ်ထုတ်လုပ်ခြင်းနှင့် ကန့်သတ်ထားသည့် မျိုးစိတ်များကို ရောင်းချခြင်းတို့အပေါ် ထိန်းချုပ်ခြင်းအပါအဝင် သစ်ပင်များကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနမှ စီမံခန့်ခွဲနိုင်ပါသည်။

PFE (ကြိုးဝိုင်းတောနှင့် ကြိုးပြင်ကာကွယ်တော)နှင့် သဘာဝနယ်မြေတို့အောက်ရှိ ဧရိယာများ

| အမျိုးအစား | ဧရိယာ(စတုရန်းကီလိုမီတာ) | နိုင်ငံ့ဧရိယာ၏ % |
|---|---|---|
| ကြိုးဝိုင်းတော | ၁၂၀,၂၃၆* | ၁၈.၀၀ |
| ကြိုးပြင်ကာကွယ်တော | ၄၇.၄၉၂* | ၆.၀၅ |
| သဘာဝနယ်မြေ | ၂၈,၉၀၆ | ၅.၇၅ |
| စုစုပေါင်း | ၁၉၆,၆၃၄ | ၂၉.၈၀ |

* ရင်းမြစ်: စီမံကိန်းနှင့်စာရင်းအင်းဌာန၊ သစ်တောဦးစီးဌာန၊ ဇူလိုင် ၂၀၁၄။

## ၁၉၂၀ ခုနှစ်မှ ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလအထိ သဘာဝနယ်မြေများ တည်ထောင်ထားရှိမှု







မြန်မာနိုင်ငံရှိ သဘာဝနယ်မြေနှင့် အာဆီယံအမွေအနှစ် ဥယျာဉ်များ တည်နေရာပြမြေပုံ

**နိုင်ငံအဆင့် ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ မဟာဗျူဟာနှင့် လုပ်ငန်းစီမံချက်(၂၀၁၅-၂၀၂၀)စာအုပ်မှ ထုတ်နုတ်ဖော်ပြပါသည်။**

# ကျွန်းပင်စည်ထိုးပိုး Teak canker grub borer *Acalolepta cervinus* (or) *Dihammus cervinus* Hope, Coleoptera; Cerambycidae

ခင်မာမြင့် (လက်ထောက်သုတေသနအရာရှိ)
ကာကွယ်ရေးဌာနစု၊ သစ်တောသုတေသနဌာန



*Acalolepta cervinus* ပိုးသားလောင်းနှင့် ပိုးရုပ်ဖုံး
(Coleoptera; Cerambycidae)



*Acalolepta cervinus* သက်ကြီးကောင်ကျိုင်း
(Coleoptera; Cerambycidae)

## ဘဝစက်ဝန်းနှင့် အလေ့အထ

ပင်စည်ထိုးပိုး Teak canker grub borer, Acalolepta cervinus ကို မြန်မာနိုင်ငံ၊ အိန္ဒိယနိုင်ငံနှင့် ထိုင်းနိုင်ငံတို့တွင် တွေ့ရပါသည်။ အဓိကလက်ခံပင်များမှာ ကျွန်းနှင့် ယမနေပင်တို့ဖြစ်ပါသည်။ သက်ကြီးကောင်များသည် ပင်စည်အခေါက်များကို အကွက်အကွက်လိုက် ကိုက်ဖြတ်စားတတ်သည့်အပြင် အဖူးများ၊ ရိုးတံနှင့် အညွန့်နုပိုင်းများကိုလည်း စားသောက်ဖျက်ဆီးတတ်ပါသည်။

အမကောင်သည် လက်ခံပင်၏ အခေါက်ကို ကိုက်ဖျက်ပြီး ထိုနေရာတွင်ဥများကို ဥချတတ်ပါသည်။ သားလောင်းကောင်များသည် အခေါက်ကြားမှတစ်ဆင့် အကာသားထဲသို့ထိုးဝင်သည်။ အကာသားသို့ရောက်ရှိရန် (၂)ပတ်မှ (၃)ပတ်ခန့်ကြာပါသည်။ အကာသားရောက်သည်နှင့် အောက်ဘက်သို့ ပြွန်ချောင်း(Tunnel)သဖွယ် စားသောက်ဖျက်ဆီးရာ(၃)လခန့်ကြာပြီး (၁၀)လက်မခန့်ရှည်ပါသည်။ ပင်စည်အကာသားမှတစ်ဆင့် သစ်မာပိုင်း (woody portion)သို့ (၁)လက်မခန့်ထိုးဖောက်ပြီး ဆက်လက်၍ သစ်မာပိုင်းတွင်လည်း အောက်ဘက်သို့ ပြွန်ပုံစံစားသောက်ဖျက်ဆီးပြန်ပါသည်။ သားလောင်း၏သက်တမ်းမှာ (၉-၁၀)လခန့်ကြာပါသည်။ ရာသီဥတုပေါ် မူတည်၍ ကွဲပြားမှုရှိပါသည်။ မေလဝန်းကျင်တွင် စားသောက်ခဲ့သော လမ်းကြောင်းအား သစ်မှုန့်စဖတ်အကြမ်းများဖြင့်ဖုံးအုပ်၍ ပိုးရုပ်ဖုံးဘဝပြောင်းလဲပါသည်။ ရုပ်ဖုံးဘဝဖြင့် (၁၄)ရက်မှ (၁၉)ရက်ခန့်ကြာပါသည်။ ရုပ်ဖုံးဘဝမှ အရွယ်မရောက်သေးသော သက်ကြီးကောင် (beetle) ဘဝဖြင့် (၂၃)ရက်ခန့်ကြာပြီး ပင်စည်အတွင်းမှထွက်ရန် (၃)ရက်ခန့်ကြာသည်။ ဓာတ်ခွဲခန်း အခြေအနေတွင် သက်ကြီးကောင် အမ၏သက်တမ်းမှာ အများဆုံး (၇၀) ရက်၊ အထီးမှာ (၅၇)ရက်ခန့်သာ ရှင်သန်နိုင်ပါသည်။ သဘာဝအားဖြင့် ယင်းပိုးတစ်စုံ၏ သက်တမ်းမှာ (၁၁၉)ရက်ခန့်ကြာပါသည်။ မေလနှင့် ဇွန်လများတွင် သက်ကြီးကောင်များ အများဆုံးထွက်တတ်ပါသည်။ တစ်နှစ်လျှင်သားဆက် တစ်ဆက် ပေါက်ပွားတတ်ပါသည်။

ကျွန်းပင်များ၏ ကြီးထွားမှုသည် (၄-၅)နှစ်သားအရွယ်သည် အမြန်ဆုံးဖြစ်သည်။ *D.cervinus* သည် သန်မာကြီးထွားသည့် သက်တမ်းနု ကျွန်းပင်ငယ်များကို သေစေသည်အထိ ဖျက်ဆီးနိုင်ပါသည်။ တစ်ခါတစ်ရံ အပင်မသေသော်လည်း ဖျက်ဆီးထားသည့် ဒဏ်ရာကြောင့် အားနည်းသွားပြီး ပင်စည်မှာ ကျိုးကျနိုင်ပါသည်။



ဓာတ်ပုံ ခရက်ဒစ်။ C.F.C.BEESON (Ecology of Forest Insects)

အများအားဖြင့် ကွဲကြောင်းဒဏ်ရာမှာ ဖုံးသွားသော်လည်း ထိုဒဏ်ရာမှတစ်ဆင့် ဒုတိယဖျက်ပိုး(Secon-dary pest)အဖြစ် ခြပိုးများက ထပ်မံဖျက်ဆီးတတ်ပါသည်။

## စီးပွားရေးအရပျက်စီးဆုံးရှုံးမှု

ပင်စည်သေးသွယ်သည့် (၁)နှစ်သားအရွယ်တွင် စတင်ဖျက်ဆီးပြီး၊ (၂)နှစ်သားနှင့် (၃)နှစ်သားအရွယ်တွင် ပိုးအကောင်ရေ ပွားများလာကာ စိုက်ခင်းဧရိယာ၏ တစ်ဝက်ကျော်ကျော် ကျရောက်တတ်ပါသည်။ (၄)နှစ်သားမှ (၇) နှစ်သား အရွယ်တွင်နှစ်စဉ်ကျရောက်မှု လျော့ပါးသွားသည်ဟုသိရပါသည်။

## ကာကွယ်နှိမ်နင်းနည်းမှာ

သက်ကြီးကောင်များသည် မေ၊ ဇွန်လများတွင် အပြင်သို့ထွက်၍ ပင်စည်ပေါ်၌ ဥများဥချသည့် အတွက် မေလနှင့် ဇူလိုင်လများတွင် ပင်စည်အား Chlopyrifos ကဲ့သို့သော စိမ့်ဝင်နိုင်စွမ်းရှိသည့် ပင်လုံးပြန့်ပိုးသတ်ဆေးကို ဆေးညွှန်းပါအတိုင်းဖျော်စပ်၍ အပင်တစ်ပင်လုံး နှံ့စပ်အောင်ဖြန်းပေးခြင်း အနည်းဆုံး တစ်လတစ်ကြိမ်ခန့်ဆောင်ရွက်ရပါမည်။ (သို့မဟုတ်) ပင်စည်ထိုးပိုးအား ကာကွယ်ရန် ပတ်ဝန်းကျင်အပေါ် ထိခိုက်မှု အနည်းဆုံးဖြစ်စေမည့် ဆာ(လ်)ဖာ Sulpha(၁ ပိဿာ)၊ ထုံး Calcium Carbonate (၁ ပိဿာ)၊ အိမ်သုံးဆား Sodium Chlorite (၂၅ ကျပ်သား)၊ Chlopyrifos (၇၅) စီစီတို့ကို ရေ (၅) ဂါလံဖြင့် ဖျော်စပ်၍ ပင်စည်ပေါ်တွင် သုတ်လိမ်းပေးခြင်း။ ထိုသို့ဆောင်ရွက်ခြင်း ဖြင့် အခေါက်အား စားသောက်မည့် သက်ကြီးကောင်များ အပြင် အခေါက်ပေါ်ရှိ မမြင်နိုင်သောဥများနှင့် အကာသားအတွင်း ဝင်ရောက်စ ပိုးသားလောင်း အဆင့်ကိုပါ သေစေနိုင်ပါသည်။

### သိမှတ်ဖွယ်ရာ အတိုကောက်စကားလုံးများ

| | |
|---|---|
| AAC | နှစ်စဉ်ခွင့်ပြုတောထွက် (Annual Allowable Cut) |
| ABS | သယံဇာတအသုံးပြုခြင်းနှင့် အကျိုးအမြတ်ခွဲဝေခြင်း (Access and Benefit Sharing) |
| ACB | အာဆီယံဇီဝမျိုးစုံမျိုးကွဲဗဟိုဌာန (ASEAN Centre for Biodiversity) |
| AHP | အာဆီယံအမွေအနှစ်ဥယျာဉ် (ASEAN Heritage Park) |
| ASAP | မျိုးစိတ်များဆိုင်ရာ အာရှမိတ်ဖက်လုပ်ငန်းအဖွဲ့ (Asian Species Action Partnership) |
| ASEAN -WEN | အာဆီယံဒေသ တောရိုင်းတိရစ္ဆာန် တရားမဝင်ကူးသန်းရောင်းဝယ်မှု (ASEAN Wildlife Enforcement Network) |
| BANCA | ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးအသင်း ( Biodiversity and Nature Conservation Association) |

နိုင်ငံအဆင့် ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ မဟာဗျူဟာနှင့် လုပ်ငန်းစီမံချက်(၂၀၁၅-၂၀၂၀) စာအုပ်မှ ထုတ်နုတ်ဖော်ပြပါသည်။

## သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် တရားမဝင်သစ်လျော့နည်းပပျောက်ရေး အသိပညာပေး ဟောပြောပွဲမှတ်တမ်းဓါတ်ပုံများ



ပဲခူးတိုင်းဒေသကြီး၊ ရေတာရှည်မြို့နယ်ရှိ ကျေးလက်နေ
ပြည်သူများအား သစ်တောပြုန်းတီးခြင်းနှင့်
သစ်တောအတန်းအစားကျဆင်းခြင်းမှ
ကာဗွန်ထုတ်လုပ်မှုလျှော့ချခြင်း(REDD+)သင်တန်း
ဖွင့်လှစ်ကျင်းပ။(၁၀-၁၀-၂၀၁၅ ရက်မှ ၁၈ -၁၀-၂၀၁၅)



ရှမ်းပြည်နယ်၊ တောင်ကြီးခရိုင်၊
ညောင်ရွှေမြို့နယ်၊ တောင်ကြားပြင်ကျေးရွာ။(၃-၁၀-၂၀၁၅)



ရှမ်းပြည်နယ်၊ ဖယ်ခုံမြို့နယ်၊
မိုးပြကျေးရွာအုပ်စု၊ ထင်းရှူးကုန်းကျေးရွာ။(၁၃-၁၀-၂၀၁၅)



စစ်ကိုင်းတိုင်းဒေသကြီး၊ မြင်းမူမြို့နယ်၊
ထိန်ကန်ကျေးရွာ။ (၁၈-၁၀-၂၀၁၅)



အောက်တိုဘာလအတွင်း မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊
ဝမ်းတွင်းမြို့နယ်၊ ထနောင်းကုန်းကျေးရွာ။



ဧရာဝတီတိုင်းဒေသကြီး၊ ဓနုဖြူမြို့နယ်၊
ပြင်ကသာကျေးရွာ။ (၂၂-၁၀-၂၀၁၅)




မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်
ချောင်းဆုံမြို့နယ်၊ မရမ်းကျေးရွာ။ (၂၄-၁၀-၂၀၁၅)

## ညီအောင်ပြုသည့် ဖန်တီးရှင်

တည်ရှိမှီရာ
အေသခြားလည်း
တမ်းတမိတာ
မလွှဲတည်ရှိ
ရဂုံမြိုင်။

အေသယိုယွင်း
ပျက်သုဥ်းခြင်းက
ဂေဟာကုန်ဆုံး
အပူကမ္ဘာ
မလွဲကေန်
ဖြစ်တည်မှာဘဲ။

အို….လူသားတို့
မပျက်မယွင်း
တည်ရှိရေးတွက်
တွေးနေကြလျှင်
လုပ်ငန်းခွင်ကို
တည်ထောင်ပါလေ။

တည်ထောင်စိုက်ပျိုး
အမျိုးမျိုးနှင့်
အသွင်တင့်လို
အေးရိပ်ကိုခို။

ရာသီဥတု
ညီအောင်ပြုသည့်
ဖန်တီးတီထွင်
အိုသစ်ပင်ကို
စိမ်းစိမ်းမြမြ
သစ်ပင်အလှကိုစိုက်ပါလေ။

တင်သောင်း(တောအုပ်)
စိမ့်ကိန်းနှင့် တရုတ်အင်းရှာ

**(သစ်ပင်စိုက်ပွဲတော်များကို ရည်ညွှန်းလျက်)**

## သစ်ပင်မှပေးတဲ့ သင်ခန်းစာ

ဒီတော ဒီတောင် ဒီသစ်ပင်
ထိန်းသိမ်းလို့ပင် နေစေချင်-----

သစ်တစ်ပင်ခုတ်
တောမပြုတ် ------

လောဘတက်လို့
တောကိုခုတ်
ဘေးတွေရောက်တယ် ဟုတ် ---။

အေးအေးဆင့် (စိမ့်ကိန်း)




တခေတ်ပြည်တွင်း
ဘိန်းတွေသွင်း၍
ရူပျင်းတွေဖြစ်
ဘိန်းနှံ့နှစ်ပြီး
ကျွန်ဖြစ်ခဲ့တာကြားဖူးတယ်…။

နေ့ရာတကာ
ဒို့မြန်မာတွေ
လာကြည့်ပါဦး
ဟန်ဆက်သုံး၍
မျက်လုံးမှုန်မွဲ
''ဂိမ်း''တွေစွဲကြ
ဝမ်းနည်းစရာကောင်းသမျှ…။

မင်း(နေပြည်တော်)

# ကာတွန်းကဏ္ဍ







**သစ်တောမင်းကြီး ဦးအောင်မြင့် ၏ ရှေးဖြစ်ဟောင်းအောက်မေ့ဖွယ် အမှတ်တရကာတွန်းများ**





# အနောက်အန္တာတိက ကမ်းရိုးတန်း၌ ၂၀ ရာစုနှစ်အတွင်း ဆီးနှင်းစုပုံမှု ၃၀%တိုးမြင့်ခဲ့ခြင်း




American Geophysical Union ၏ လေ့လာမှုအသစ်တစ်ခုအရ ၂၀ ရာစုနှစ်အတွင်း အနောက်ဘက် အန္တာတိက ကမ်းရိုးတန်းရေခဲပြင်၌ နှစ်စဉ်ဆီးနှင်းစုပုံမှုသည် တိုးမြင့်ခဲ့ကြောင်း နိုဝင်ဘာလ(၄)ရက်နေ့ အင်တာနက်သတင်းအရ သိရှိရပါသည်။ ရေခဲပြင်များ တိုးလာခြင်း၊ လျော့နည်းသွားခြင်းကို နားလည်သဘောပေါက်ခြင်းအားဖြင့် သိပ္ပံပညာရှင်များအနေဖြင့် ကမ္ဘာ့ပင်လယ်ရေမျက်နှာပြင်ကို သက်ရောက်နေသည့်ဖြစ်စဉ်များကို ပိုမိုနားလည်သဘောပေါက်လာမည် ဖြစ်ပါသည်။ ဤလေ့လာမှုအသစ်တွင် ၁၇၁၂ မှ ၂၀၁၀ ခုနှစ်အထိ အနောက်အန္တာတိက ကမ်းရိုးတန်းတစ်လျှောက် နှစ်စဉ်ဆီးနှင်းစုပုံမှုကို ခန့်မှန်းခဲ့ကြပါသည်။ ၁၈၉၉ အထိ နှစ်စဉ်ဆီးနှင်းစုပုံမှုမှာ ပုံမှန်အတိုင်းရှိခဲ့ပြီး နေရာနှစ်ခုတွင် ရေ သို့မဟုတ် အရည်ပျော်သည့် ဆီးနှင်းပမာဏမှာ ပျမ်းမျှအားဖြင့် ၃၃ စင်တီမီတာနှင့် ၄၀ စင်တီမီတာ(၁၃ လက်မ နှင့် ၁၆ လက်မ)တို့ဖြစ်ကြောင်း သိရပါသည်။

ဤလေ့လာမှုအသစ်အရ နှစ်စဉ်ဆီးနှင်းစုပုံမှုသည် ၂၀ ရာစုအစောပိုင်းတွင် တိုးတက်လာခဲ့ပြီး ၁၉၀၀ နှင့် ၂၀၀၀ ခုနှစ်ကြားတွင် ၃၀%မြင့်တက်ခဲ့ကြောင်းသိရပါသည်။ လေ့လာမှုတွင် တွေ့ရှိချက်အရ လေ့လာမှု၏ နောက်ဆုံးနှစ် ၃၀ အတွင်း၌ ရေခဲပြင်များသည် လေ့လာခဲ့သည့်ကာလ၏ ပထမနှစ် ၃၀ ကထက် ရေခဲပြင်စုပုံမှု ၅ မီတာ(၁၆ပေ)နီးပါးတိုး၍ ဖြစ်ပေါ်ကြောင်းသိရသည်။ မှတ်တမ်းသည် နှစ် ၃၀၀ စာမှတ်တမ်းဖြစ်သောကြောင့် ဤဒေသ၌ ၁၉၉၀ ပြည့်နှစ်များကတည်းက စုဆောင်းလာခဲ့သည့် ဆီးနှင်းပမာဏသည် လွန်ခဲ့သည့်နှစ် ၃၀၀ အတွင်း အမြင့်မားဆုံးဖြစ်ကြောင်း သုတေသီများက တွေ့ရှိခဲ့ကြပါသည်။ ၂၀ ရာစုနှစ်အတွင်း ဆီးနှင်းစုပုံမှုမြင့်တက်ခြင်း မှုမမှန်ကြောင်း လေ့လာမှု၏ သုတေသီခေါင်းဆောင် Elizabeth Thomas ကပြောကြားခဲ့ပါသည်။

ဆီးနှင်းစုပုံခြင်းသည် ရေခဲပြင်များဖြစ်ပေါ်စေပါသည်။ သို့သော် နောက်ထပ်ဖြစ်ပေါ်လာသည့် ရေခဲအချပ်ပြားများသည် ရာသီဥတုပူနွေးလာသည်နှင့်အမျှ လျင်မြန်စွာအရည်ပျော်၍ ပါးသွားကြောင်း ၎င်းကပြောကြားခဲ့ပါသည်။ ရေခဲပြင်အရွယ်အစားသည် အသစ်စုပုံလာသည့် ဆီးနှင်းပမာဏနှင့် အရည်ပျော်သည့် လက်ရှိရေခဲတို့အပေါ် မူတည်ပါသည်။ သိပ္ပံပညာရှင်များအနေဖြင့် အနောက်အန္တာတိကတွင် နှစ်စဉ်ဆီးနှင်းအသစ်မည်မျှစုပုံသည်ကို သိရှိခြင်းဖြင့် အဆိုပါဒေသ၏ ကမ်းရိုးတန်းရေခဲပြင်အပေါ် ရာသီဥတုပြောင်းလဲမှုက မည်သို့သက်ရောက်ကြောင်း၊ ပင်လယ်ရေမျက်နှာပြင်မြင့်တက်မှုနှင့် မည်သို့ဆက်စပ်နေကြောင်း ပိုမိုတိကျစွာခန့်မှန်းနိုင်မည်ဖြစ်ပါသည်။ အနောက်အန္တာတိကဒေသတွင် ကုန်းတွင်းပိုင်းဆီးနှင်းကျဆင်းမှုကို တိုးစေသည့် မုန်တိုင်းများကြောင့် ပူနွေးသော သမုဒ္ဒရာရေစီးကြောင်းများသည် အနောက်အန္တာတိကရေခဲပြင်များနှင့် ထိတွေ့ကာ ရေခဲပြင်လျော့ပါးခြင်းကို မြန်ဆန်စေပါသည်။ ထို့ကြောင့် ဆီးနှင်းကျဆင်းမှုတိုးလာသော်လည်း ရေခဲပြင်ထူထဲလာခြင်း မရှိပါ။

## အနောက်အန္တာတိက ကမ်းရိုးတန်းရေခဲပြင်



ကမ္ဘာမြေပေါ်တွင် ရေခဲပြင်နှစ်ခုရှိပါသည်။ တစ်ခုမှာ အာတိတ်ဒေသတွင်ရှိပြီး Greenland ကိုဖုံးလွှမ်းထားပါသည်။ ကျန်တစ်ခုမှာ အန္တာတိကတွင် တည်ရှိနေပါသည်။ ရေခဲပြင်များ၏ မူလအစမှာ နှင်းချပ်များဖြစ်ပါသည်။ တစ်နှစ်ပြီးတစ်နှစ် ဆီးနှင်းကျဆင်းပြီး စုပုံလာသောအခါ ဆီးနှင်းအလေးချိန်သည် အောက်ပိုင်းဆီးနှင်းလွှာများကိုဖိကာ ရေခဲဖြစ်လာပြီး ထိုမှတစ်ဆင့် ရေခဲပြင်များဖြစ်လာကြပါသည်။

သိပ္ပံပညာရှင်များအနေဖြင့် ဂြိုဟ်တုအချက်အလက်မှတစ်ဆင့် ဆီးနှင်းစုပုံမှုကိုတွက်ချက်နိုင်ပါသည်။ သို့ရာတွင် ဂြိုဟ်တုမှတ်တမ်းများမှာ ၁၉၇၉ ခုနှစ်မှစတင်ရှိလာသည်ဖြစ်ရာ ၎င်းအချိန်ကာလအပိုင်းအခြားသည် ဆီးနှင်းကျဆင်းမှု အပြောင်းအလဲများသည် သဘာဝအတိုင်းပြောင်းလဲခြင်း သို့မဟုတ် ရာသီဥတုပြောင်းလဲမှုများကြောင့်ဖြစ်ကြောင်း ဆုံးဖြတ်ကောက်ချက်ချရန် အလွန်တိုတောင်းသောအချိန် ဖြစ်ပါသည်။ မိမိတို့အနေဖြင့် ရေခဲပြင်လျော့နည်းလာခြင်းရှိ / မရှိ ရေခဲပြင်လျော့နည်းလာသည့်နှုန်းနှင့် အကြောင်းရင်းများကို နားလည်သဘောပေါက်ရန် လိုအပ်ကြောင်း သုတေသီ

Thomas ကပြောကြားခဲ့ပါသည်။ ယခုလေ့လာမှုအသစ်တွင် သုတေသီများသည် Ellsworth Land မှ ရေခဲ(ice core) နှစ်ခုကို စုဆောင်းခဲ့ ကြပါသည်။ Ellsworth Land သည် အန္တာတိကကျွန်းဆွယ်နှင့် အန္တာတိကတိုက်၏ အခြားအပိုင်းများကို ဆက်သွယ်ပေးနေသည့် မြေဖြစ်ပါသည်။ ice core များတွင် ရေခဲများအလွှာလိုက်ပါဝင်ပါသည်။ နှစ်စဉ်ကျဆင်းလာသော ရေခဲ၏အထူကို တိုင်းတာခြင်းအားဖြင့် သုတေသီများသည် လွန်ခဲ့သည့်နှစ်ပေါင်း ၃၀၀ အတွက် နှစ်စဉ်ဆီးနှင်းစုပုံမှုကို ခန့်မှန်း ခဲ့ကြပါသည်။

၁၉၀၀ ပြည့်နှစ်အစောပိုင်းတွင် စတင်ခဲ့ပြီး ၁၉၈၀ ပြည့်လွန်နှစ်များတွင် အရှိန်ကောင်းလာခဲ့သည့် ရေရှည်နှစ်စဉ်ဆီးနှင်းကျဆင်းစုပုံမှုတွင် မကြာသေးမီက ဆီးနှင်းများစုပုံလာမှုသည်လည်း တစ်စိတ်တစ်ဒေသပါဝင်နေကြောင်း ဤသုတေသနတွင် တွေ့ရှိခဲ့ကြပါသည်။ သုတေသီတို့၏ တွေ့ရှိချက်အရ ၂၀ ရာစုအစောပိုင်းမှစတင်၍ ဆယ်စုနှစ်တစ်ခုစီတိုင်းတွင် ရေခဲပြင်များသို့ထပ်မံတိုးလာသည့် ရေ သို့မဟုတ် အရည်ပျော်ဆီးနှင်းသည် ၁.၅ စင်တီမီတာ(၀.၆)လက်မ ရှိကြောင်းသိရပါသည်။ သုတေသီများက ဆီးနှင်းစုပုံမှုသည် ဒေသ၏ မုန်တိုင်းအခြေအနေကိုလည်း တစ်စိတ်တစ်ဒေသ တိုးလာစေကြောင်း ဖော်ပြထားကြပါသည်။ အနောက်ဘက်တွင် Ells-worth Land ကိုဝိုင်းရံထားသည့် Amundsen ပင်လယ်သည် အဆိုပါဒေသတွင် မကြာခဏဖြစ်ပေါ်လေ့ရှိသည့် မုန်တိုင်းနှင့်ဖိအားနည်းရပ်ဝန်းဒဏ်ကို ခံစားရလေ့ရှိပါသည်။ ယခု သုတေသန ၃၅ နှစ်စာ မိုးလေဝသအချက်အလက်များအရ လေဖိအားနည်းရပ်ဝန်းသည် အဆိုပါ ၃၅ နှစ်ကာလအတွင်း အားကောင်းခဲ့ပြီး Amundsen ပင်လယ်တစ်ဝိုက်၌ မုန်တိုင်းများ ပိုမိုတိုက်ခတ်စေခဲ့ပြီး ဆီးနှင်းစုပုံမှုကိုလည်း တိုးစေခဲ့ကြောင်း သိရသည်။ ၁၉၂၀ ခုနှစ်ကတည်းက မြင့်တက်ခဲ့သော ဆီးနှင်းစုပုံမှုသည် မုန်တိုင်းတိုက်ခတ်မှုကို ရေရှည်တိုးလာစေနိုင်ကြောင်း သုတေသီ Thomas က ပြောကြားခဲ့ပါသည်။ သုတေသီများက အဆိုပါ Amundsen ပင်လယ်ရှိ လေဖိအားနည်းရပ်ဝန်း အားကောင်းလာရခြင်းအကြောင်းရင်းကို အတိအကျမဖော်ပြခဲ့ကြသော်လည်း မှန်လုံအိမ်အာနိသင် ပူနွေးမှုအကျိုးဆက်အဖြစ် အဆိုပါဒေသရှိ မုန်တိုင်းတိုက်ခတ်မှု အကြိမ်ရေနှင့်ပြင်းအားမှာ ဆက်လက်တိုးတက်နေမည်ဖြစ်ကြောင်းသိရသည်။ ရာသီဥတုပူနွေးလာမှုကြောင့် mid- latitude နှင့် အပူပိုင်းဒေသတို့မှ တောင်ဘက်သို့တိုက်ခတ်သည့်လေတွင် ရေပိုမိုပါဝင်မည်ဖြစ်ပြီး ဆီးနှင်းကျဆင်းမှုကို ပိုမိုတိုးလာစေမည်ဖြစ်ကြောင်း သိရပါသည်။ ဤသုတေသန စာတမ်းတွင် Amundsen ပင်လယ်ရှိ လေဖိအားနည်းရပ်ဝန်း အားကောင်းလာခြင်းနှင့် ဆီးနှင်းစုပုံမှုတိုးလာခြင်းတို့ကြားမှ ဆက်စပ်မှုကို ဖော်ပြခြင်းဖြစ်ပါသည်။ လေဖိအားနည်းရပ်ဝန်းသည် ဆီးနှင်းကျဆင်းမှု တိုးလာစေသည့် အချက်များစွာထဲမှ တစ်ခုဖြစ်နိုင်ဖွယ်ရှိကြောင်း ဝင်ရိုးစွန်းမိုးလေဝသနှင့် ရာသီဥတုဆိုင်ရာသိပ္ပံပညာရှင်က ပြောကြားခဲ့ပါသည်။

အန္တာတိကဒေသ၏ ရာသီဥတုသည် သမုဒ္ဒရာနှင့် လေထုအခြေအနေတို့၏ ရှုပ်ထွေးသောပေါင်းစပ်မှုကြောင့် ဖြစ်ပေါ်ရခြင်းဖြစ်ရာ အဆိုပါဒေသ၌ ဆီးနှင်းစုပုံမှုပမာဏကိုသက်ရောက်နေသည့် အခြားသောအကြောင်းရင်းများလည်း ရှိနေနိုင်ကြောင်း၊ အဆိုပါဒေသတွင် ပင်လယ်ရေခဲပြင်လျော့နည်းသွားခြင်းကြောင့် ပေါ်လာသည့်မျက်နှာပြင်ရေများအငွေ့ပြန်ခြင်းသည်လည်း ဆီးနှင်းများစွာကျစေသည့် အကြောင်းရင်းတစ်ခုဖြစ်နိုင်ကြောင်း ၎င်းကဆက်၍ပြောကြားခဲ့ပါသည်။

## ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ဆွေးနွေးချက်များတွင် သမုဒ္ဒရာများနှင့် သမုဒ္ဒရာများ၏ အခန်းကဏ္ဍသည် ပိုမိုကျယ်ပြန့်နေခြင်း



သမုဒ္ဒရာဆိုင်ရာ သိပ္ပံပညာရှင်များနှင့် ကမ္ဘာ့ခေါင်းဆောင်များသည် ကမ္ဘာ့သမုဒ္ဒရာများ၌ ဖြစ်ပေါ်နေသောအပြောင်းအလဲများနှင့်ပတ်သက်၍ community များ၏ အတွေ့အကြုံများ၊ ၎င်းတို့၏အလိုက်သင့်နေထိုင်မှုနှင့် ထိုအပြောင်းအလဲများကို မည်သို့လွှမ်းမိုးသည်နှင့် ပတ်သက်၍ ပိုမိုအလေးထား အာရုံစိုက်သင့်သည်ဟု ပြောကြားခဲ့ကြကြောင်း နိုဝင်ဘာလ(၁၂)ရက်နေ့အင်တာနက်သတင်းအရ သိရပါသည်။

မမြင်ရသော်လည်း ဖျောက်ဖျက်မရသည့် ရာသီဥတုပြောင်းလဲမှုလက္ခဏာများသည် သမုဒ္ဒရာများထဲတွင်ရှိနေပါသည်။ ဝါရှင်တန်တက္ကသိုလ်မှ သုတေသီများ၏ အဆိုအရ ယခုလတွင် ပဲရစ်မြို့၌ကျင်းပပြုလုပ်သည့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲနောက်ဆုံးအဆင့်တွင် ပါဝင်ကြမည့် ကမ္ဘာ့ခေါင်းဆောင်များအပါအဝင် လူအများသည် သမုဒ္ဒရာနှင့် ကမ်းရိုးတန်းပတ်ဝန်းကျင်များပေါ်တွင် ရာသီဥတုပြောင်းလဲမှု၏ ဆိုးကျိုးများသည် ကမ္ဘာတစ်ဝန်းရှိ လူ့အဖွဲ့အစည်းများကို မည်သို့သက်ရောက်သည်ကို ပိုမိုအလေး

ထားအာရုံစိုက်သင့်ကြောင်း သိရပါသည်။

လူများသည် သိပ္ပံပညာရပ်ဆိုင်ရာ တွေ့ရှိချက်များတွင် သမုဒ္ဒရာများ၌ အက်ဆစ်ဓာတ်ဖြစ်ထွန်းခြင်းနှင့် ပင်လယ်ရေမျက်နှာပြင် မြင့်တက်ခြင်းများကို မြင်တွေ့ပါက ကူကယ်ရာမဲ့ အခြေအနေကဲ့သို့ ထင်မှတ်လေ့ရှိကြသည်။ သို့သော်လူများ ပြုလုပ်နိုင်သည့် ပြုလုပ်လျက်ရှိနေသည့် အရာများစွာရှိပါသည်။

ယခုသုတေသနစာတမ်း၌ ကမ္ဘာ့သမုဒ္ဒရာများတွင် ဖြစ်ပေါ်နေသော ပြောင်းလဲမှုများနှင့် ထိုပြောင်းလဲမှုများအပေါ် ကမ္ဘာတစ်ဝန်းမှ လူများ၏တုံ့ပြန်ပုံကို လေ့လာခဲ့ကြပါသည်။ လူများ၏တုံ့ပြန်မှုများတွင် အမှန်တရားကို ငြင်းကွယ်ခြင်း၊ အလိုက်သင့်နေထိုင်ရန် ကြိုတင်စီမံထားခြင်း၊ နည်းပညာဆိုင်ရာ ဖြေရှင်းချက်များရှာဖွေခြင်း၊ ထုတ်လွှတ်မှု လျှော့ချရန်နှင့် ရာသီဥတုပြောင်းလဲမှု၏ အခြေခံအကြောင်းရင်းများကို ကိုင်တွယ်ဖြေရှင်းရန်အတွက် နိုင်ငံရေးဆိုင်ရာ လှုပ်ရှားမှုများ ဆောင်ရွက်ခြင်းစသည်တို့ပါဝင်ပါသည်။ ဤသုတေသနတွင် အနာဂတ်၌ လူသားနှင့်သမုဒ္ဒရာပတ်ဝန်းကျင်ကြားမှ ဆက်စပ်မှုဆိုင်ရာဆွေးနွေးခြင်းကို စတင်ရန်အတွက်ရည်ရွယ်၍ ရာသီဥတုနှင့်ဆက်စပ်သော စီးပွားရေးဆိုင်ရာလုပ်ဆောင်ချက်များကို မည်သို့သက်ရောက်သည်ကို လေ့လာခဲ့ကြပါသည်။

သမုဒ္ဒရာနှင့်ဆိုင်သော သိပ္ပံပညာရပ်နယ်ပယ်တွင် သုတေသနများပြုလုပ်ရာတွင် စိုက်ပျိုးရေးနှင့်သစ်တောဆိုင်ရာသုတေသနများကဲ့သို့ ရာသီဥတုပြောင်းလဲမှုလျှော့ပါးသက်သာရေးနှင့် လိုက်လျောညီထွေနေထိုင်ရေးဆိုင်ရာ နိုင်ငံရေးကိစ္စရပ်များ ပေါင်းစပ်ဆောင်ရွက်ခြင်းမရှိကြောင်း သိရပါသည်။ ကမ်းရိုးတန်းဒေသထိခိုက်ပျက်စီးမှုကို တားဆီးရန်အတွက် ဒေသအဆင့်တွင် လုပ်ဆောင်နိုင်သည့်အရာများရှိပါသည်။ ဥပမာ-ဒီရေတောသစ်ပင်များစိုက်ပျိုးခြင်း၊ သန္တာကျောက်တန်းများအား ထိန်းသိမ်းကာကွယ်ခြင်း၊ အုန်းပင်များစိုက်၍ ပင်လယ်ကမ်းခြေတိုက်စားမှုကို တားဆီးခြင်းစသည်တို့ကို ဆောင်ရွက်နိုင်ပါသည်။ ပစိဖိတ်အနောက်မြောက်ပိုင်းတွင် ပင်လယ်ရေအက်ဆစ်ဓာတ် ပိုများလာခြင်းကြောင့် ကဏန်းမွေးမြူသူများသည် ၎င်းတို့လုပ်ကိုင်နေသည့်နည်းလမ်းများကို လိုက်လျောညီထွေဖြစ်အောင် ပြောင်းလဲရန် စတင်ကြိုးစားနေကြပြီဖြစ်ပါသည်။

ဤသုတေသနတွင် သုတေသီများသည် ရေလုပ်ငန်းများအပေါ် ရာသီဥတုပြောင်းလဲမှု၏ သက်ရောက်မှုကို လေ့လာခဲ့ကြရာ လုပ်ငန်းအများစုပေါ်တွင် ဆိုးကျိုးသက်ရောက်နိုင်ကြောင်း တွေ့ရှိခဲ့ကြပါသည်။ သို့သော် သမုဒ္ဒရာဆိုင်ရာနည်းပညာများနှင့်ပတ်သက်၍ သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းအနည်းငယ်အတွက်တော့ အကျိုးရှိနိုင်ကြောင်း သိရပါသည်။ Aquaculture သည် ငါးမျိုးစိတ်များ လျော့နည်းလာမှုအတွက် အလိုက်သင့်မဟာဗျူဟာတစ်ခုဖြစ်ကြောင်း သိရပါသည်။ သမုဒ္ဒရာများသည် စီးပွားရေးဆိုင်ရာ လုပ်ဆောင်ချက်များအတွက် သက်သက်သာမဟုတ်ဘဲ ပျော်ရွှင်ဖွယ်နေရာတစ်ခုဖြစ်ပြီး ကျွန်ုပ်တို့လူသားများအတွက် အစာအာဟာရထောက်ပံ့နေသည့် နေရာတစ်ခုလည်းဖြစ်ပါသည်။

## ကမ္ဘာ့ရာသီဥတုသည် ယခင်ကထင်ထားသည်ထက်ပို၍ ကာဗွန်ဒိုင်အောက်ဆိုဒ်ကို ခံစားလွယ်ခြင်း



Binghamton တက္ကသိုလ်၏ သုတေသနအသစ်တစ်ခုအရ ကမ္ဘာ့ရှေးယခင်ရာသီဥတုသည် ထင်ထားသည်ထက်ပို၍ ကာဗွန်ဒိုင်အောက်ဆိုဒ်ကို ခံစားလွယ်ကြောင်း နိုဝင်ဘာလ(၁၆)ရက်နေ့ အင်တာနက်သတင်းအရ သိရပါသည်။

သိပ္ပံပညာရှင်များသည် Colorado River တွင် တွေ့ရှိရသည့် လွန်ခဲ့သောနှစ်သန်းပေါင်း ၅၀ ကတည်းက ဖြစ်ပေါ်ခဲ့သော nahcolite သလင်းကျောက်များကို ဆန်းစစ်လေ့လာခဲ့ကြပါသည်။ ၎င်းတို့၏တွေ့ရှိချက်အရ ထိုအချိန်ကာလက $CO_2$ ပမာဏသည် ၆၈၀ parts per millions (ppm)ရှိကြောင်း၊ ဤပမာဏသည် ယခင်စမ်းသပ်ချက်များတွင် ခန့်မှန်းခဲ့ကြသည့် ၁၁၂၅ ppm ၏ ထက်ဝက်နီးပါးသာရှိကြောင်း သိရပါသည်။ အချက်အလက်အသစ်များအရ ယခင်က ခန့်မှန်းချက်များသည် မှန်လုံအိမ်ဓာတ်ငွေ့ပူနွေးမှု၏ ဆိုးကျိုးကို လျှော့ပေါ့၍ခန့်မှန်းခဲ့ခြင်းဖြစ်ကြောင်း၊ ကမ္ဘာ့ရာသီဥတုသည် ယခင်ကထင်ထားသည်ထက်ပို၍ $CO_2$ ကို ခံစားလွယ်ကြောင်း သိရပါသည်။ သိသာသည့်အချက်မှာ လွန်ခဲ့သည့် နှစ်သန်းပေါင်း(၅၀)က $CO_2$ ပမာဏသည် ကျွန်ုပ်တို့ထင်ထားသလောက် မများခဲ့သော်လည်း ၎င်းကာလနောက်ပိုင်းရာသီဥတုသည် ယနေ့ကာလရာသီဥတုထက် သိသိ

သာသာပို၍ ပူနွေးလာခဲ့ခြင်းဖြစ်ကြောင်း သုတေသီ Low-enstein ကပြောကြားခဲ့ပါသည်။

လွန်ခဲ့သည့်နှစ်သန်းပေါင်း(၅၀)က $CO_2$ ပမာဏသည် ထိုစဉ်ကထင်ခဲ့သည့် ပမာဏလောက်မများခဲ့သော်လည်း နောက်လာမည့်ရာစုနှစ်တွင် ထိုပမာဏကို ရောက်ရှိ နိုင်ပါသည်။ သို့ဖြစ်ရာ အဆိုပါ $CO_2$ ပမာဏမြင့်တက်လာမှုကြောင့် ဖြစ်သည့် ရာသီဥတုပြောင်းလဲမှုသည် ပိုမိုပြင်းထန်ပြီး မြန်ဆန်နိုင်ပါသည်။ $CO_2$ နှင့် ရာသီဥတုကို တွန်းအားပေးသည့် အခြားအချက်များသည် ကျွန်ုပ်တို့နားလည်ထားသည်ထက်ပို၍ ကမ္ဘာကြီးပူနွေးမှုပေါ်တွင် သက်ရောက်မှုရှိနိုင်ပါသည်။

ကာဗွန်ဒိုင်အောက်ဆိုဒ်အတွက် တစ်ခုတည်းသော တိုက်ရိုက်တိုင်းတာမှုမှာ ice core များကို တိုင်းတာခြင်းဖြစ်ပြီး ၎င်း ice core များသည် လွန်ခဲ့သည့် နှစ်တစ်သန်းထက်လျော့သော ကာလအထိသာလျှင်ရရှိနိုင်ပါသည်။ ဤသုတေသနတွင် သုတေသီ Lowenstein နှင့်အဖွဲ့သည် လေထုထဲရှိ ရှေးယခင်ကာဗွန်ဒိုင်အောက်ဆိုဒ်ကို ခန့်မှန်းရန်နည်းလမ်းများဖော်ထုတ်ရေးအတွက် ကြိုးစားခဲ့ကြပါသည်။ ၎င်းတို့၏ နည်းလမ်းများသည် အပူနှင့်အခြားစွမ်းအင်များကြားရှိ ဆက်သွယ်မှုဆိုင်ရာ သိပ္ပံပညာရပ်ပေါ် အခြေခံသည့် တိုက်ရိုက်ဓာတုဗေဒတိုင်းတာမှုများဖြစ်သောကြောင့် အမှန်တကယ်ယုံကြည်စိတ်ချရသည့် နည်းလမ်းများဖြစ်ကြောင်း သုတေသီ Lowenstein ကပြောကြားခဲ့ပါသည်။

## သဘာဝဘေးအန္တရာယ်



(၅-၁၁-၂၀၁၅)ရက်နေ့တွင် ဘရာဇီးနိုင်ငံ၊ အရှေ့တောင်ပိုင်းတွင် သတ္တုတွင်းဧရိယာအတွင်း ဆည်ပြိုကျမှုဖြစ်ပွားခဲ့ပြီး အနည်းဆုံးလူ(၁၅)ဦး သေဆုံး၍ မြို့ဧရိယာအများစု ရွှံ့များဖုံးလွှမ်းခဲ့သည်။



နိုဝင်ဘာလအတွင်း အိန္ဒိယနိုင်ငံတောင်ပိုင်း တမီလ်နာဒူးပြည်နယ်တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဆက်စပ်ဖြစ်ပွားသည့် မတော်တဆမှုများကြောင့် လူ ၁၇၀ ကျော် သေဆုံးခဲ့ကြောင်း အင်တာနက်သတင်းအရ သိရှိရပါသည်။



အိန္ဒိယနိုင်ငံတောင်ပိုင်း Chennai မြို့မှာ မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းမှုကြောင့် လူပေါင်း ၇၀ ကျော် သေဆုံးခဲ့ကြောင်း၊ မြို့ပေါ်လမ်းအတော်တော်များမှာ ရေတွေဖုံးလွှမ်းနေပြီး သွားလာရေးအဟန့်အတားဖြစ်ကာ ရုံးတွေ၊ ကျောင်းတွေနဲ့ ကောလိပ်တွေလည်း ပိတ်ထားရကြောင်း (၁၇-၁၁-၂၀၁၅) အင်တာနက် သတင်းအရ သိရှိရပါသည်။



တရုတ်နိုင်ငံအရှေ့ပိုင်းမှာ မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် မြေပြိုမှုဖြစ်ပွားခဲ့ပြီး အနည်းဆုံးလူ ၂၀ ဦးသေဆုံးခဲ့ပါသည်။ ရက်ပေါင်းများစွာ အဆက်မပြတ် မိုးရွာသွန်းခဲ့တဲ့အတွက် ရုတ်တရက် ရွှံ့မြေနဲ့ကျောက်တုံးများပါဝင်တဲ့ မြေပြိုကျမှုဖြစ်ပေါ်ပြီး ဇီကျီအန်ပြည်နယ်၊ လင်ဒေါင်းကျေးရွာရှိအိမ်ခြေ ၃၀ လောက်အပေါ် ဖုံးလွှမ်းသွားကြောင်း(၁၆-၁၁-၂၀၁၅) အင်တာနက်သတင်းအရ သိရှိရပါသည်။

## REDD-PLUS INFORMATION - 27-

## Climate Finance Under the UNFCCC

By

U Sein Thet, Project Coordinator, ITTO-REDD+ Project

A major aim of the international climate change effort is to provide finance to help developing countries undertake low-carbon development and adapt to climate impacts. Developed countries committed in the United Nations Framework Convention on Climate Change (UNFCCC) to provide financial resources for these efforts, and support flows through a variety of bilateral and multilateral channels. The UNFCCC includes finance-related commitments and establishes a financial mechanism to deliver support to developing countries.

In Article 4.3 of the Convention, the developed countries included in Annex II commit to "provide new and additional financial resources to meet the agreed full costs incurred by developing country Parties" in meeting their reporting obligations under the Convention. These include measures to both mitigate and adapt to climate change. Both the 2007 Bali Action Plan and the 2009 Copenhagen Accord call for scaled-up climate finance as a critical component of a stronger overall climate effort. The Bali Action Plan says developing countries are to undertake "nationally appropriate mitigation actions. . .supported and enabled by technology, financing and capacity-building. . . ." The Copenhagen Accord envisions a new multilateral climate fund; commits developed countries to collectively provide$ 30 billion in fast-start finance in 2010-2012; and sets a goal of mobilizing $ 100 billion a year in public and private finance by 2020, "in the context of meaningful mitigation actions and transparency on implementation."

The only numerical finance goals established under the Convention are those contained in the Cancun Agreements: a "fast-start" commitment of $30 billion in "new and additional" finance in 2010-2012; and a goal of mobilizing $100 billion a year by 2020 "from a wide variety of sources, public and private, bilateral and multilateral, including alternative sources," and "in the context of meaningful mitigation actions and transparency of implementation." Climate finance to developing countries from both public and private sources currently amounts to about $10 billion a year, with roughly 80 percent going to mitigation and the balance to adaptation. Of the $8 billion a year in mitigation finance, about 40 percent is public finance delivered through a variety of multilateral channels. The remaining 60 percent of mitigation finance is generated through the sale of emission credits created under the Clean Development Mechanism (CDM). Adaptation funding is primarily through public sources of funding and a new on CDM projects.

A number of funds have been established under the Convention and the Kyoto Protocol to provide resources to developing countries. At the second Conference of the Parties (COP 2), UNFCCC parties designated the Global Environmental Facility (GEF) as an operating entity of the financial mechanism. Originally a pilot program of the Word Bank and United Nations Development Programme, the GEF now sits as a separate institution serving as an operating entity of six conventions addressing a range of environmental concerns, including biodiversity and ozone-depleting substances. The GEF receives its funding through a replenishment process which occurs every four years. The sixth replenishment of the GEF (GEF-6), completed in April 2014, provided more than $3 billion in funding towards climate change activities, which the GEF estimates can be leveraged to more than $30 billion. The GEF also manages two specialized climate funds established by the UNFCCC. The Least Developed Countries Fund for Climate Change was established in November 2002 to address the needs of the least developed countries especially vulnerable to the adverse effects of climate change. The fund supports the preparation of national adaptation programs of action, which identify priorities to increase resilience in these vulnerable countries. In 2004, parties established the

Special Climate Change Fund to provide financing to developing countries for activities for activities, programs and measures complementary to funding provided by the GEF.

At COP13, Kyoto Protocol parties created a dedicated Adaptation Fund (AF) to finance activities strengthening developing countries' resilience to climate change. The Cancun Agreements established the Green Climate Fund (GCF) as a new operating entity of the Convention's financial mechanism. More than $10 billion was pledged by developed and developing countries to the GCF in its first round of capitalization, of which approximately $4 billion has been converted into formal contribution agreements. Climate investment needs are expected to grow rapidly in developing countries, both to ensure that fast-growing countries adopt low-carbon development pathways, and to help the poor countries most vulnerable to climate impacts.

The Standing Committee on Finance (SCF) was established pursuant to the Cancun Agreements as a permanent institution to assist the COP on matters related to the financial mechanism of the Convention. The composition of the fund's board and its decision-making procedures are critical to its legitimacy in the eyes of both donor and recipient countries. In the case of the GEF-operated climate funds, the governing councils have balanced representation from developed and developing countries. Similarly, the trust fund committees of the non-UNFCCC Climate Investment Funds (CIFs) have balanced representation from contributor and recipient countries.

Historically, developing countries have accessed climate finance through a multilateral implementing entity (MIE), a multilateral or regional development institution designated to serve as a project's implementing agency. MIEs provide essential capacity in many cases, and funds have also favored their use to help ensure that fiduciary standards are met. The GEF's implementing agencies include United Nations Development Programme, United Nations Environment Programme, Food and Agriculture Organization, and the Word Bank and other agencies. For the CIFs, the implementing entities are the World Bank Group and a number of regional development banks. In recent years, developing countries have shown an increased interest in "direct access" to finance as a way to take ownership and build capacities within their own borders. The Adaptation Fund is unique among the climate funds in allowing funds to go directly to national implementing agencies meeting its fiduciary standards and requirements for transparency, monitoring and evaluation.


Pursuant to Article 12.3 of the UNFCCC, Annex II parties report on their financial support to developing countries in their national communications (NCs), which are submitted every four years, and in their biennial reports (BRs). In their NCs, they provide a detailed narrative on their provision of new and additional finance, assistance to developing countries especially vulnerable to climate change, and transfer of technology. In their BRs, they provide detailed quantitative data on their contributions to multilateral funds, including the GEF, AF, GCF, CIFs, MDBs, UN bodies and other funds, and via bilateral, regional and other channels. The NCs and BRs undergo international assessment and review (IAR) conducted by the Subsidiary Body for Implementation (SBI). This entails a country-by-country technical expert review, which includes an examination of the provision of financial, technological and capacity building support detailed in BRs. Technical review reports are made publicly available on the UNFCCC website. Developing countries report in their NCs on financing gaps and needs and list projects for which they would like to receive financing. In their biennial update reports (BURs), developing countries report on financing needs and on the receipt of climate finance from Annex II parties, including the funding's source, the type of financing (grants, concessional loans, overseas development assistance, etc.), and how the support is used (financial, technology transfer, technical assistance, capacity building).

An effective international climate change regime requires a strengthened financial architecture capable of efficiently generating and delivering significantly scaled-up finance for mitigation and adaptation in developing countries. In spite of the criticism that surrounded the summit, it produced the Copenhagen Accord, (December

2009) the most substantial consensus on climate change since the Kyoto Protocol in 1997. In the Accord, countries agreed to limit temperature increases from pre-industrial levels to 2 degrees Centigrade; countries adopted a differentiated approach to mitigation with developed countries adopted a differentiated approach to mitigation with developed countries agreeing to undertake emission reduction targets and developing countries agreeing to undertake nationally appropriate mitigation actions; and countries also agreed to a process for verification of mitigation actions. Furthermore, developed countries committed to providing USD 30 billion in fast-start financing and mobilizing up to USD 100 billion a year by 2020 from public and private sources for developing countries. It was able to strike a delicate balance between the needs of the developing and developed countries: on the one hand, developed countries insisted on establishing a process to ensure transparency and verification of mitigation actions, and on the other hand, developing countries stood firm on the need for international climate financing to be provided by developed countries.

*New Climate Institute (2015) provides analysis on climate finance flows and develops policies and instruments to maximize the impact of finance on the ground.* Solving the climate challenge requires redirecting investments towards climate compatible development options and supporting countries to integrate climate concerns into their policies. They evaluate current climate finance flows and develop concrete proposals on how climate finance can be applied most effectively from a funder's as well as recipient's perspective. Combing practical experience from their in country work with their research and analysis of climate policies and their impacts, they addresses the challenge from different perspectives. They also stated that, many countries need financial support to implement green growth strategies. The Paris outcome (COP21) will likely include a mix of instruments such as a core legal agreement, supporting COP decisions, and political declarations. Depending on parties' objectives, they could seek through these instruments to: establish new or strengthen existing commitments; encourage scaling up available resources; enhance existing institutions; strengthen the transparency of support; or enhance enabling environments.

References:- * Strengthening in International Climate Finance. Global Climate Change, December 2010.
* Addressing Finance in A 2015 Climate Agreement. Centre for Climate and Energy Solutions, June 2015.



# နံ့သာဖြူ

Indian sandalwood (*Santalum album*)

Australian sandalwood (*Santalum spicatum*)

အင်္ဂလိပ်အမည် - Sandalwood





နံ့သာဖြူသည် အိန္ဒိယနံ့သာဖြူ(*Santalum album*)နှင့် ဩစတြေးလျနံ့သာဖြူ(*Santalum spicatum*)ဟူ၍ နှစ်မျိုးရှိပါသည်။ မြန်မာနိုင်ငံတွင် အိန္ဒိယမှ မှာယူ၍ ကမ္ဘာအေးလိုဏ်ဂူပတ်ဝန်းကျင်၊ ပြင်ဦးလွင်နှင့် ပုပ္ပါးတောင်ခြေတို့တွင် အသင့်အတင့်စိုက်ပျိုးထားသည်ကို တွေ့ရသည်။ အမြဲစိမ်းအပင်ငယ်မျိုးဖြစ်၍ အကိုင်းအခက်များ ကိုင်းပြာ ကျနေသည်။ အပင်သည် ပေ ၃၀ မှ ပေ ၄၀ အထိမြင့်သည်။ အခေါက်နီညို(သို့) အညိုရင့်ရောင်ရှိ၍ အတွင်းခံအနီရောင်ရှိသည်။ အတွင်းသားမာ၍ ချောမွတ်သည်။ အညိုရောင်သန်းသည်။ အကာသားဖြူသည်။ အပင်ငယ်စဉ်တွင် အခွံများ ချောမွတ်သော်လည်း အပင်ကြီးလျှင် ကြမ်းတမ်း၍ အမြောင်းလိုက်အက်ရာများတွေ့ရသည်။

အရွက်သည် ၁.၅လက်မမှ ၃လက်မခန့် ရှည်သည်။ ဖျော့တော့သော စိမ်းဝါရောင်(သို့) အစိမ်းရောင်ရှိသည်။ အပွင့်သည် အချင်း ၁/၆ လက်မရှိပြီး အနံ့မရှိ။ ပထမတွင် မြက်ခြောက်ရောင်ဖြစ်၍ နောက်ပိုင်းတွင် ခရမ်းညိုရောင်ဖြစ်လာသည်။ အပင်သက် ၃-၄နှစ်တွင် သီးပွင့်သည်။ အသီးသည် လုံးဝိုင်းပြီး မှည့်သောအခါ ညိုနက်ရောင်ဖြစ်သွားသည်။ အသားအရည်ရှမ်းသည်။ အစေ့သေးငယ်၍မာသည်။ ငရုတ်ကောင်းစေ့ထက်အနည်းငယ်ကြီးသည်။ မြန်မာ့ဆေးကျမ်းများအလိုအရ နံ့သာဖြူသည် ချို၏၊ အေး၏။ နှလုံးကိုအကျိုးပြု၏။ အရောင်အဆင်းကောင်းစေ၏။ သလိပ်၊ သည်းခြေကိုနိုင်၏။ အဆိပ်၊ ရေငတ်၊ သွေးအန်၊ သွေးကျ၊ အပူရောဂါတို့ကို ပျောက်ကင်းစေ၏။ နံ့သာဖြူနှင့်သံပုရာရည်ဖျော်လူးပါက ယားယံခြင်းပျောက်၏။ ဆန်ဆေးရည်နှင့် နံ့သာဖြူသွေး၍ ပျားရည်၊ သကြားတို့နှင့် အနေတော်ရော၍ သောက်သော် ဆီးအောင့်ရောဂါနှင့် ဝမ်းသွားရောဂါပျောက်၏။ အင်ပေါက်ခြင်း၊ အနာစက်ပေါက်ခြင်းဖြစ်သော် နံ့သာဖြူကို နှင်းဆီရည်နှင့်သွေး၍ နံနံစေ့ မြက်ပွေးအနည်းငယ်ရောထည့်လိမ်းသော် ပျောက်၏။ နံ့သာဖြူတစ်မျိုးတည်းလည်းလိမ်းပေးနိုင်၏။ ဆန်ဆေးရည်နှင့် နံ့သာဖြူသွေး၍သကြားခဲနှင့်ရောသောက်သော် အပူလွန်ရောဂါ ကြို့ထိုးနာတို့ပျောက်၏။ ညောင်းညာကိုက်ခဲခြင်းဖြစ်လျှင် နံ့သာဖြူသွေးလိမ်းကပျောက်၏။

အိန္ဒိယ၊ ဂျပန်၊ ဩစတြေးလျ၊ အရှေ့အလယ်ပိုင်းနိုင်ငံများဖြစ်သည့် အာရပ်နိုင်ငံများတွင် ရေမွှေးအခြေခံပစ္စည်းအဖြစ် အသုံးပြုကြပါသည်။ နံ့သာဖြူအဆီဖြစ်စေ၊ အနှစ်ဖြစ်စေ အချိန်မည်မျှကြာကြာ အနံ့ပြယ်သွားခြင်းမရှိပါ။ မြေမရွေးပဲ ပေါက်ရောက်ဖြစ်ထွန်းသည်။ မြေညီသည့်နေရာတွင် ပေါက်ရောက်ပါက အနှစ်ပိုကျစ်လစ်သည်။ စိမ့်မြေ၊ ဆပ်ပြာပေါက်သော မြေနေရာများမှလွဲ၍ နေရာအားလုံးတွင် ဖြစ်ထွန်းပါသည်။ ကျောက်တောင်၊ ကျောက်ကြား၊ တောင်ကုန်းများနှင့် ကျောက်စရစ်မြေများတွင်လည်းဖြစ်ထွန်းပါသည်။



